ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

MIFER

# MIFER BULLETIN (1/2026)




**Published by**
**e-Government Division**



www.mifer.gov.mm

# ရင်းနှီး/ စီးပွား သတင်းလွှာ

## နာယကများ

| | |
|---|---|
| ဒေါက်တာဝါဝါမောင် | ပြည်ထောင်စုဝန်ကြီး |
| ဦးသန့်စင်လွင် | ဒုတိယဝန်ကြီး |

## အယ်ဒီတာချုပ်

| | |
|---|---|
| ဒေါက်တာသီတာကြူ | ညွှန်ကြားရေးမှူးချုပ် |

## စာတည်းအဖွဲ့

| | |
|---|---|
| ဦးမျိုးခိုင်ဦး | ဒုတိယအမြဲတမ်းအတွင်းဝန် |
| ဒေါ်ဇာလီနွယ် | ဒုတိယညွှန်ကြားရေးမှူး |
| ဦးအောင်ထက်ပိုင် | လက်ထောက်ညွှန်ကြားရေးမှူး |
| ဒေါ်အိသက်ခိုင် | ဦးစီးအရာရှိ |
| ဒေါ်ဆုအိမ်သူ | ဒုတိယဦးစီးမှူး |
| ဒေါ်ဝင်းဇာဇာလှိုင် | ဒုတိယဦးစီးမှူး |
| ဦးမင်းသွေးလတ် | ဒုတိယဦးစီးမှူး |
| ဦးအောင်ကျော်ကျော် | အကြီးတန်းစာရေး |
| ဒေါ်ထက်ထက်ဝင်း | အငယ်တန်းစာရေး |

## မျက်နှာဖုံးနှင့် ဒီဇိုင်းအပြင်အဆင်

| | |
|---|---|
| ဦးအောင်ထက်ပိုင် | လက်ထောက်ညွှန်ကြားရေးမှူး |

e-Government ဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး (၀၃၀၄၈) မှ စီစဉ်ထုတ်ဝေသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ကဗျာ** | |
| ၁ | အမျိုးသားအကျိုးစီးပွား အလေးထားဖို့လိုသည် | ၁ |
| | **ဆောင်းပါး** | |
| ၂ | နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူပိုင်ခွင့်စနစ်၏ အရေးပါပုံ | ၂ |
| ၃ | လာပါ နားပါ ရင်းနှီးမြှုပ်နှံပါ | ၄ |
| ၄ | အနာဂတ်စီးပွားရေး အဆင်သင့်ဖြစ်စေရေး B-READY 2025 နှင့် မြန်မာ့အခွင့်အလမ်း | ၇ |
| ၅ | အသေးစားစီးပွားရေးလုပ်ငန်းများအတွက် ဈေးကွက်ဖော်ဆောင်ရေးစီမံကိန်း Marketing Plan ရေးဆွဲနည်းလမ်းညွှန် | ၉ |
| ၆ | ကမ္ဘာ့ဘဏ်၏ Business Ready 2025 အစီရင်ခံစာတွင် ဗီယက်နမ်နိုင်ငံက လုပ်ငန်းလည်ပတ်မှု စွမ်းဆောင်ရည်အဆင့် သတ်မှတ်ချက်တွင် အဆင့် ၁၆ နေရာရရှိ | ၁၃ |
| ၇ | မွန်ပြည်နယ်အတွင်းရှိ ရာဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် စိန်ခေါ်မှုနှင့် အခွင့်အလမ်းများ | ၁၅ |
| ၈ | ကမ္ဘာ့ပထဝီစီးပွားရေး အလှည့်အပြောင်းနှင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာသစ် | ၁၈ |
| ၉ | AI နည်းပညာအတွက်လိုအပ်ချက်များကြောင့် RAM ဈေးနှုန်းများမြင့်တက်လာမှုနှင့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများ | ၂၂ |
| ၁၀ | ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများသည် A I S ကဏ္ဍကြီး ၃ ခု၏ မည်သည့်ကဏ္ဍကြီး၌ အားကောင်းနေသလဲ | ၂၅ |
| ၁၁ | ၂၀၂၆ ခုနှစ် BRICS ၏ အပြောင်းအလဲများ၊ စိန်ခေါ်မှုများနှင့် ကမ္ဘာ့ဘဏ္ဍာရေး အခင်းအကျင်းသစ် | ၂၇ |
| | **MIFER သတင်းများ** | |
| ၁၂ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်သူ Mr.Samir Sudhir Wanmali နှင့် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services-UNOPS) ၏ အာရှဒေသဆိုင်ရာရုံး၊ ညွှန်ကြားရေးမှူးဖြစ်သူ Mr. Sanjay Mathur တို့အား လက်ခံတွေ့ဆုံ | ၃၃ |

| | | |
|---|---|---|
| ၁၃ | (၁၇) ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံတွင် အောင်မြင်စွာကျင်းပ | ၃၄ |
| ၁၄ | ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ဖွဲ့စည်းမှတ်ပုံတင်ထားသည့် တရုတ်စီးပွားရေး လုပ်ငန်းရှင်အသင်းများနှင့် တွေ့ဆုံဆွေးနွေးပွဲနှင့် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ အသိပညာမျှဝေသည့် ဆွေးနွေးပွဲတက်ရောက် | ၃၆ |
| ၁၅ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝါဝါမောင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက် | ၃၈ |
| ၁၆ | ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ၊ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးသို့ သွားရောက်၍ ကွင်းဆင်း ဆောင်ရွက်ခြင်း | ၄၀ |
| ၁၇ | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား “မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIP)” အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (MoU) များ လက်မှတ်ရေးထိုး | ၄၁ |
| ၁၈ | “နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များ၏ ခေတ်သစ်တိုးတက်မှု လမ်းကြောင်း သို့ ဦးတည်ခြင်း - စဉ်ဆက်မပြတ်သော၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု၏ အယူအဆ ကို ထည့်သွင်းခြင်း” ဒေသတွင်းအဆင့် မူဝါဒပိုင်းဆိုင်ရာဆွေးနွေးပွဲ ကျင်းပ | ၄၃ |
| ၁၉ | ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် အာဆီယံနှင့် ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံ မှု ဘက်စုံတိုးတက်ရေး သဘောတူစာချုပ်ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ပါဝင်တက်ရောက် | ၄၄ |
| ၂၀ | ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် နိုင်ငံခြားစီးပွားဆက်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးတက်ရောက် | ၄၅ |
| ၂၁ | ရန်ကုန်မြို့တွင် ကျင်းပသည့် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်သို့ နှစ်နိုင်ငံဘက်မှ ကဏ္ဍဆိုင်ရာ ဝန်ကြီးများနှင့် လုပ်ငန်းရှင်များတက်ရောက်ဆွေးနွေး | ၄၆ |
| ၂၂ | ပြည်ထောင်စုဝန်ကြီးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေ အဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၄၉ |
| ၂၃ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေး ဆွေးနွေးပွဲ-၂၀၂၅ သို့ တက်ရောက် | ၅၀ |
| ၂၄ | ဝန်ထမ်းများအနေဖြင့် ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိသော သတင်းအချက် အလက်ရေးသားနည်း၊ သတင်းဓါတ်ပုံရိုက်ကူးခြင်း၊ သတင်းဗီဒီယိုရိုက်ကူးခြင်း အတတ် ပညာများကို ကျွမ်းကျင်ထိရောက်စွာဖြင့် အများပြည်သူသို့ သတင်းအချက်အလက်များ ကို | ၅၂ |

| | | |
|---|---|---|
| | မျှဝေပေးနိုင်ရေးနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်တန်းများဖွင့်လှစ် | |
| ၂၅ | မြန်မာ-ရုရှား သဘာဝမြေဩဇာ/ ရွက်ဖျန်းအားဆေးရည်ထုတ်လုပ်မည့်စက်ရုံ ပန္နက်တင် မင်္ဂလာနှင့် အကျိုးတူလယ်ယာကဏ္ဍ (Contract Farming) လုပ်ငန်းဆောင်ရွက်ခြင်း အခမ်းအနားကျင်းပ | ၅၃ |
| ၂၆ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ သတ္တမအကြိမ် ထမနဲထိုးပြိုင်ပွဲကျင်းပ | ၅၅ |
| ၂၇ | အာဆီယံစီးပွားရေးအသိုက်အဝန်း မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆ -၂၀၃၀) ကို အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက် (မူကြမ်း) နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ | ၅၆ |
| ၂၈ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင် သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ (၂၇) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပါဝင်တက်ရောက် | ၅၇ |
| | **ဦးစီးဌာန သတင်းများ** | |
| ၂၉ | ဒုတိယအကြိမ်မြောက် အက်ခ်မက်ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုဆိုင်ရာ လုပ်ငန်း ညှိနှိုင်းမှုကော်မတီနှင့် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကျင်းပ | ၅၉ |
| ၃၀ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးက အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၂၀၀ ခန့်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အသစ် ၁၄ ခုကို ခွင့်ပြု | ၆၀ |
| ၃၁ | ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများဖော်ထုတ်မြှင့်တင်နိုင်ရေး ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ဖိုရမ် (၂၀၂၅) ကျင်းပခြင်း | ၆၁ |
| ၃၂ | နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃ /၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၆၂ |
| ၃၃ | နေပြည်တော်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏မြေပြင်ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း | ၆၂ |
| ၃၄ | နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄ /၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၆၃ |
| ၃၅ | နေပြည်တော်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ မြေပြင်ကွင်းဆင်း ဝန်ဆောင်မှု ပေးခြင်း | ၆၃ |
| ၃၆ | ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၆၄ |
| ၃၇ | ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများဆွေးနွေးပွဲကျင်းပခြင်း | ၆၄ |

| | | |
|---|---|---|
| ၃၈ | ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၂၅) ကြိမ်မြောက်အစည်းအဝေးကျင်းပခြင်း | ၆၅ |
| ၃၉ | တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၆/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၆၅ |
| ၄၀ | တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇ /၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၆၆ |
| ၄၁ | မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၆၆ |
| ၄၂ | မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅ /၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၆၇ |
| ၄၃ | မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ (၁၀/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၆၇ |
| ၄၄ | မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း | ၆၇ |
| ၄၅ | မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၆၈ |
| ၄၆ | ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၆၈ |
| ၄၇ | ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၆၉ |
| ၄၈ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ကွင်းဆင်းကြည့်ရှုခြင်း | ၇၀ |
| ၄၉ | ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ကွင်းဆင်းစစ်ဆေးခြင်း | ၇၀ |
| ၅၀ | ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ( ၅ / ၂၀၂၅ ) ကြိမ်မြောက်အစည်းအဝေး ကျင်းပခြင်း | ၇၀ |
| | **ပြည်တွင်း/ပြည်ပ စီးပွားရေးသတင်းများ** | |
| ၅၁ | ထိုင်းနိုင်ငံအတွင်းသို့ တင်သွင်းမည့် တိရစ္ဆာန်အစာပြောင်းနှင့် ဂျုံသွင်းကုန်များအတွက် မီးလောင်ထားမှုကင်းစင်ကြောင်း အထောက်အထား တင်ပြရန်လိုအပ်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန် | ၇၁ |
| ၅၂ | ယခုနှစ်အတွင်း ပြည်ပသို့ ထောပတ်သီးတန်ချိန် ၅၀၀၀ ခန့်တင်ပို့နိုင်ရန် မျှော်မှန်းထား | ၇၂ |
| ၅၃ | ကမ္ဘာတစ်ဝန်းက နိုင်ငံများအပေါ် စည်းကြပ်မည့် အကောက်ခွန် ၁၀ ရာခိုင်နှုန်းကို ၁၅ ရာခိုင်နှုန်းအထိ အမေရိကန်သမ္မတ တိုးမြှင့်မည် | ၇၃ |

| | | |
|---|---|---|
| ၅၄ | ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဝန်ကြီးချုပ်အသစ်က ကုန်ဈေးနှုန်းတည်ငြိမ်စေရန် လုပ်ဆောင်ပေးမည်ဟု ကတိပြု | ၇၄ |
| ၅၅ | ပွင့်လင်းရာသီရောက်လာသော်လည်း ပြည်ပမှ Import အဝင်ကွန်တင်နာအရေအတွက် နည်းပါးနေ | ၇၅ |
| ၅၆ | ပြည်တွင်းထုတ်လုပ်မှုကဏ္ဍကို အထောက်အပံ့ပေးရန်နှင့် အမေရိကန်၏ အကောက်ခွန်တိုးမြှင့်မှုကြောင့် ထိခိုက်နေသော ပို့ကုန်ကဏ္ဍကို မြှင့်တင်ရန်အတွက် အိန္ဒိယအစိုးရက အကောက်ခွန်များလျှော့ချ | ၇၆ |
| ၅၇ | အမေရိကန်ဒေါ်လာ ၅၅၀ ဘီလီယံ ရင်းနှီးမြှုပ်နှံရေး သဘောတူညီချက်အတွက် စီမံကိန်း ၃ ခုကို ဂျပန်နှင့် အမေရိကန် စဉ်းစား | ၇၇ |
| ၅၈ | ငါးနှစ်အတွင်း တရုတ်မှ မြန်မာသို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ဘီလျံ ၆၀၀ ဝင်ရောက်စေရန် MCITP ရည်မှန်းထား | ၇၈ |
| ၅၉ | ပြည်ပစီမံကိန်းများကို ပံ့ပိုးပေးရန်အတွက် ဂျပန်အစိုးရက စီးပွားရေးဆိုင်ရာ လုံခြုံရေးဥပဒေကို ပြောင်းလဲပြင်ဆင်ရန် ရည်ရွယ်ထား | ၇၉ |

# ဥယျောဇဉ်




နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရာ၌ စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရန်နှင့် ပြည်ပငွေကြေးအကူအညီ၊ နည်းပညာအထောက်အပံ့၊ တရားဝင်ဖွံ့ဖြိုးမှု အထောက်အပံ့၊ ချေးငွေ၊ ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတို့ကို ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၈၇/ ၂၀၁၈) ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအဖြစ် စတင်ဖွဲ့စည်းခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်က ချမှတ်ထားသည့်မူဝါဒများ၊ လမ်းညွှန်ချက်များကို အင်တိုက်အားတိုက် အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ အဓိကမဏ္ဍိုင်ကြီးဖြစ်သော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးကဏ္ဍများတွင် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါသည်။ ဝန်ကြီးဌာနအနေဖြင့် အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားလျက် ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများကို မြှင့်တင်ကာ ပြည်တွင်းအရင်းအမြစ်များနှင့် ပေါင်းစပ်အသုံးချနိုင်မည့် ပြည်ပငွေကြေးအရင်းအမြစ်များ ရှာဖွေခြင်း၊ အကူအညီ အထောက်အပံ့၊ နည်းပညာအကူအညီများ စီးဝင်လာရေးအတွက် နိုင်ငံတကာ စီးပွားဆက်သွယ်ရေး နည်းလမ်းဖြင့် နိုင်ငံအချင်းချင်း၊ ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံစုံအဖွဲ့အစည်းများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်လျက် နိုင်ငံ့စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည့် စီးပွားရေးဝန်ကြီးဌာနတစ်ခု ဖြစ်သည်နှင့်အညီ ဤသတင်းလွှာအား ၂၀၂၁ ခုနှစ်မှ စတင်ထုတ်ဝေခဲ့ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှ ချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်၏ လူမှု-စီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာဖွံ့ဖြိုးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီများရယူ၍ အကျိုးထိရောက်စွာအသုံးချ နိုင်ရေး၊ ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်အားပေးရန်နှင့် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊ ရင်းနှီးမြှုပ်နှံသူများအကြား ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ ပေါ်ပေါက်လာစေရေး၊ ပုဂ္ဂလိကလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ချက်များ စသည်တို့ကို အများပြည်သူ သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ သုံးလတစ်ကြိမ် ထုတ်ဝေခြင်းဖြစ်ပါသည်။

ယခုထုတ်ဝေမည့် ရင်းနှီး/ စီးပွားသတင်းလွှာ (၁/၂၀၂၆) တွင် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ ဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြည်တွင်း/ ပြည်ပစီးပွားရေးသတင်းများ၊ ကဗျာနှင့် ဗဟုသုတရရှိစေမည့် ဆောင်းပါးများတို့ကို ဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားပါသည်။

နိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ ပူးပေါင်းပါဝင်ထမ်းဆောင်ရင်း ဤသတင်းလွှာ ထုတ်ဝေနိုင်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီကြသူများ၊ ဆောင်းပါး ရေးသားပေးပို့ကြသည့် ဦးစီးဌာနများမှ ဝန်ထမ်းများ၊ စီးပွားရေးသတင်းများ ကူညီပံ့ပိုးပေးပါသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပုံနှိပ်ထုတ်ဝေနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးရုံးမှ ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါကြောင်း ဆန္ဒမွန်ဖြင့် မှတ်တမ်းပြုအပ်ပါသည်။

ဒေါက်တာဝါဝါမောင်
ပြည်ထောင်စုဝန်ကြီး

MIFER

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားရေးဝန်ကြီးဌာန၏ မျှော်မှန်းချက်

- တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရန်နှင့် နိုင်ငံတကာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု လွယ်ကူချောမွေ့စေရန်။

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များ

- ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရာတွင် ပြည်ထောင်စု ဝန်ကြီးဌာနများ၊ ဗဟိုအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ် အစိုးရများအကြား ထိရောက်မြန်ဆန်ချောမွေ့စေမည့် လုပ်ငန်းစဉ်များ ထူထောင်ပြဋ္ဌာန်း လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရန်၊
- ပြည်ပငွေကြေးအကူအညီ၊ နည်းပညာအထောက်အပံ့၊ တရားဝင်ဖွံ့ဖြိုးမှု အထောက်အပံ့ ချေးငွေ၊ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုတို့ကို ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားရန်။

MIFER

# ကဗျာ

ရင်းနှီး/ စီးပွား သတင်းလွှာ

MIFER Bulletin (1/2026)

## အမျိုးသားအကျိုးစီးပွား အလေးထားဖို့လိုသည်

- ယခုချိန်ခါ၊ ဤကမ္ဘာဝယ်
  နိုင်ငံကြီးငယ်၊ အရွယ်အစား
  အင်အားဘယ်မျှ၊ ရှိစေကြမူ
  တူညီတစ်ခု၊ ရင်းခံပြုသည်
  အကျိုးစီးပွားသာ၊ ပဓာနတည့်။
- ယနေ့ချိန်ခါ၊ ဤကမ္ဘာတွင်
  နိုင်ငံချင်းယှဉ်၊ တိုင်းပြည်အင်အား
  လွန်ကွာခြားလည်း၊ အမြဲတစေ
  ရှေ့မှနေကာ၊ ပြည်သာဖို့ရေး
  မျှော်တွေးသည်ကား၊ အကျိုးစီးပွားတည့်။
- ပြည်သာဖို့ရန်၊ တွေးဆကြံ၍
  နိုင်ငံများစွာ၊ သူ့ထက်ငါက
  အသာရရေး၊ ရည်မျှော်တွေးကာ
  ကျိုးစီးပွားသာ၊ ပဓာနလို့
  သူတို့ဆောင်ရွက်၊ သူတို့အတွက်သာ။
- သူတို့နိုင်ငံ၊ အမြဲရှင်သန်ဖို့
  သူတို့ကြိုးစား၊ သူတို့အားဖြင့်
  ကိုယ့်စီးပွားသာ၊ အခရာကျ
  ပဓာနလို့၊ သူတို့မှတ်ယူ
  သူ့ပြည်သူများ၊ အကျိုးစီးပွားကို။
- ဤတိုင်းနိုင်ငံ၊ တည်တံ့ရန်ကား
  ဤနိုင်ငံသား၊ ဤပြည်ဖွားတို့
  မှတ်သားနာယူ၊ ခံယူချက်သွင်း
  ဖော်ဆောင်ကြဉ်းကာ၊ ပြည်သာယာရေး
  ကူညီဖေးမ၊ အတူတကွဖြင့်။
- အကျိုးစီးပွား၊ အလေးထားကာ
  အမျိုးသားရေး၊ ဦးစားပေးက
  မနှေးကေန်၊ တိုင်းနိုင်ငံသည်
  ရှေ့သို့လှမ်းချီ၊ ပန်းတိုင်ဆီကို
  ရောက်မည်မလွဲ၊ အစဉ်မြဲတည့်။
- အကျိုးစီးပွား၊ အလေးထားသော်
  ကမ္ဘာပေါ်တွင်၊ နိုင်ငံ့အင်အား
  လွန်တိုးပွားကာ၊ ခန့်ညားဝေစည်
  တိုင်းပြည်သည်ကား၊ အများကြားဝယ်
  ဂုဏ်ဝင့်ထည်ထည်၊ တင့်တယ်မည်တည့်။

**နေမျိုးသူရ**

# ဆောင်းပါး

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူပိုင်ခွင့်စနစ်၏ အရေးပါပုံ

မူပိုင်ခွင့်ဆိုသည်မှာ လူသားတို့၏ စိတ်ကူး စိတ်သန်း အကြံဉာဏ်များဖြင့် တီထွင်ဖန်တီးမှုများကို ဥပဒေအရ အကာအကွယ်ပေးသည့် စနစ်ဖြစ်သည်။ မူပိုင်ခွင့်ဆိုင်ရာ သမိုင်းကြောင်းကို ပြန်လည်လေ့လာ ကြည့်မည်ဆိုပါက ရှေးဂရိနှင့် ရောမခေတ်များတွင်ပင် တီထွင်ဖန်တီးသူ၏ လက်ရာများကို အသိအမှတ် ပြုခဲ့ကြပြီး ဂုဏ်သိက္ခာတစ်ရပ်အနေဖြင့် တီထွင်ဖန်တီး သူများအပေါ် လေးစားစွာ အသိအမှတ်ပြု တန်ဖိုးထားခြင်းများ ပြုလုပ်ခဲ့ကြသည်။ သို့သော် ယနေ့ခေတ်ကဲ့သို့ ဥပဒေပြဋ္ဌာန်း၍ တရားဝင် အကာအကွယ်ပေးသော မူပိုင်ခွင့် စနစ်ဟူ၍ မရှိသေးချေ။ အလယ်ခေတ်တွင် ဥရောပနိုင်ငံများ၌ တီထွင်ဖန်တီးမှု လက်ရာများဖြစ်သော လက်မှုပစ္စည်းများကို အဖွဲ့အစည်းအလိုက် ကာကွယ်ခဲ့ကြသည်။ ၁၄၇၄ ခုနှစ်တွင် ပထမဦးဆုံးမူပိုင်ခွင့်ဥပဒေကို ဗင်းနစ်မြို့၌ ထုတ်ပြန်ခဲ့ပြီး တီထွင်ဖန်တီးသူတို့၏ လက်ရာများကို အချိန်ကာလတစ်ခုအတွင်း အကာအကွယ်ပေးခဲ့ကြ ချိန်မှအစပြု၍ မူပိုင်ခွင့်ဥပဒေ အခြေခံအုတ်မြစ် စတင်ပေါ်ပေါက်ခဲ့ကြောင်း လေ့လာသိရှိရသည်။ ၁၉ ရာစုနှောင်းပိုင်းတွင် နိုင်ငံတကာအဆင့် မူပိုင်ခွင့်စနစ်အကာအကွယ် ပေးခြင်းအတွက် အရေးပါသော Paris Convention 1883 နှင့် Bern Convention 1886 တို့ကို စတင်ချုပ်ဆိုခဲ့ပါသည်။ ထို့နောက် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့အစည်း (WIPO) အဖွဲ့အစည်းကို ၁၉၆၇ ခုနှစ်တွင် တည်ထောင်ပြီးနောက် မူပိုင်ခွင့် အကာအကွယ်ပေးခြင်းကို နိုင်ငံတကာအဆင့်ထိ ပိုမိုခိုင်မာအားကောင်းအောင် ဆောင်ရွက်ခဲ့သည်။

ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီးပေါ်တွင် မှီတင်းနေထိုင်ကြသော သတ္တဝါများစွာရှိသည့်အနက် လူသားများသည် ဉာဏ်ရည်နှင့် တီထွင်ဖန်တီးနိုင်စွမ်း အမြင့်ဆုံး ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ကမ္ဘာဦးခေတ်တွင် လူသားတို့ အသက်ရှင်နေထိုင်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သော အစားအစာများရရှိရန် သားရဲတိရစ္ဆာန်များကို သတ်ဖြတ်နိုင်သည့် ကျောက်လက်နက်များကို စတင်တီထွင်ခဲ့ကြသည်။ အလားတူ ရှေးဦးကျောက်ခေတ် လူသားများ နေထိုင်ရာဂူများအတွင်း ရာသီဥတုဆိုင်ရာ အမှတ်အသားများ၊ တိရစ္ဆာန်များ၏ ပုံသဏ္ဍာန်များကို အုတ်ဂူနံရံများတွင် စိတ်ကူးစိတ်သန်းများဖြင့် ရေးဆွဲခဲ့ကြသည့် လက်ရာများကိုလည်း ဖန်တီးခဲ့ကြောင်း ရှာဖွေတွေ့ရှိရ၍ ကမ္ဘာဦးခေတ်ကထဲက လူသားတို့၏ တီထွင်ဖန်တီးနိုင်မှုစွမ်းအားများကို တွေ့မြင်ရမည်ဖြစ်ပါသည်။ ထို့အပြင် တောမီးလောင်ကျွမ်းမှုကြောင့် သေဆုံးသွားသော သားကောင်များကို မြည်းစမ်းစားသုံးရာမှ မီး(Fire)၏ အသုံးဝင်မှုကို စတင်သိရှိခဲ့ပြီး မီးရရှိစေမည့် အတတ်ပညာများကို စတင်လေ့လာစူးစမ်းဖန်တီး နိုင်ခဲ့ကြသည်။ ယခုအခါ အဆိုပါမီးပြုလုပ်သည့် နည်းပညာမှတဆင့် မီးကိုအလိုရှိတိုင်း လွယ်ကူစွာ ပြုလုပ်နိုင်သည့် ဂက်စ်မီးခြစ်ပေါ်ပေါက်သည့် အဆင့်အထိ ပြုလုပ်ဖန်တီးနိုင်ခဲ့ကြသည်။

၎င်းအပြင် လောကလူသားတို့၏ လိုအပ်ချက်ဖြစ်သည့် အလင်းရောင်ရရှိစေရန် လျှပ်စစ် မီးသီးတီထွင်ဖန်တီးခဲ့သည့် သိပ္ပံပညာရှင် Thomas Edision နှင့် Joseph Swan ၊ တစ်ဦးမှတစ်ဦးသို့ လွယ်ကူစွာ ဆက်သွယ်ပြောကြားနိုင်သော တယ်လီဖုန်းကို စတင်တီထွင်ခဲ့သော Alexander Graham Bell၊ ကောင်းကင်ပေါ်မှ ငှက်သတ္တဝါများကဲ့သို့ ဝေဟင်တွင် ပျံသန်းနိုင်သော လေယာဉ်ပျံကို စတင်တီထွင်ခဲ့သော Wright Brothers အစရှိသည့် ပညာရှင်များ၏ တီထွင်ဖန်တီးမှုများသည် လောကလူသားတို့အတွက် တန်ဖိုးမဖြတ်နိုင်သော လူသားတို့၏ စိတ်ကူးဉာဏ်ဖြင့် တီထွင်ဖန်တီးမှု များဖြစ်ခဲ့သည်။ ယနေ့ခေတ်တွင်



ဒစ်ဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာများ ဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ မူပိုင်ခွင့် အကာအကွယ် ပေးခြင်းနှင့် အသုံးချရေးကဏ္ဍသည် ပိုမိုအရေးပါလာ သည်။ ခေတ်အဆက်ဆက် ပြောင်းလဲလာသော တီထွင် ဖန်တီးမှုများကို မူပိုင်ခွင့် အကာအကွယ်ပေးခြင်း စနစ် ကြောင့် တီထွင်ဖန်တီးသူများ အနေဖြင့် ပိုမိုခေတ်မီ ဆန်းသစ်သော နည်းပညာဆိုင်ရာထုတ်ကုန်နှင့် ထုတ်လုပ်မှု နည်းစဉ်ဆိုင်ရာများကို စိတ်အားထက်သန်စွာ ဖန်တီး တီထွင်လာခဲ့ကြပြီး လူသားများအတွက် အဆင့်မြင့်သော နည်းပညာများ တိုးတက်ခြင်း ဖြစ်ပေါ်လာသည်ကို လေ့လာသိရှိရသည်။

မြန်မာနိုင်ငံ၏ မူပိုင်ခွင့်ဥပဒေများကို ပြည်တွင်း ပြည်ပမှ မူပိုင်ခွင့်ကျွမ်းကျင်သူ ပညာရှင်များဖြင့် ခေတ် စနစ်နှင့်လျော်ညီစေရန် ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက် ခဲ့သည်။ နိုင်ငံတော်တွင် မူပိုင်ခွင့်စနစ်ဖြင့် တီထွင်ဖန်တီး သူများ၏ အခွင့်အရေးကို အကာအကွယ်ပေးရန်နှင့် နိုင်ငံတော်၏ နည်းပညာနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်နိုင်စေရန် ရည်ရွယ်၍ မူပိုင်ခွင့်ဥပဒေ များဖြစ်သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှု ဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်း အကောင် အထည်ဖော်လျက်ရှိသည်။ မူပိုင်ခွင့်ဥပဒေများသည် တီထွင် ဖန်တီးသူများကို စီးပွားရေးဆိုင်ရာ အကျိုးအမြတ်များ ရရှိစေရန် အကာအကွယ်ပေးသကဲ့သို့ အများပြည်သူ အသုံးပြုနိုင်ရန်လည်း အခွင့်အလမ်းများဖန်တီး ပေးခြင်းဖြင့် ဖန်တီးသူနှင့် သုံးစွဲသူများအကြား ညီညွတ်မျှတသော အကျိုးခံစားခွင့်ကို ဖန်တီးပေးသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အောက်ရှိ မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် မူပိုင်ခွင့် လျှောက် ထားခြင်းများကို လက်ခံစိစစ်၍ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည်။ သို့ဖြစ်ပါ၍ ပြည်သူများ အနေဖြင့် မိမိတို့၏ စိတ်ကူးစိတ်သန်းဖြင့် တီထွင်ဖန်တီးမှု လက်ရာ မှန်သမျှကို မူပိုင်ခွင့် အကာအကွယ်ရရှိရန် မူပိုင်ခွင့်မှတ်ပုံတင် လျှောက်ထားခြင်းများကို ဆောင်ရွက် နိုင်မည်ဖြစ်သည်။စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် မူပိုင်ခွင့်စနစ်ကို ကျင့်သုံး အကောင်အထည်ဖော်ခြင်းဖြင့် ပြည်သူများ၏ တီထွင်ဖန်တီးနိုင်မှုစွမ်းအားများကို ပိုမိုမြှင့်တင်နိုင်စေရန် နှင့် အဆင့်အတန်းမြင့်သော လူမှုဝန်းကျင်တစ်ရပ်ပေါ် ထွက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အမျိုးသား အဆင့်မူပိုင်ခွင့်ဆိုင်ရာ မဟာဗျူဟာများချမှတ်၍ နိုင်ငံတော်အတွင်း စီးပွားရေး ဂေဟစနစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်မီ ကောင်းမွန်သော မူပိုင်ခွင့်စနစ်သစ် တည်ထောင်ရန် ရည်မှန်း၍ အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်လျက် ရှိသည်။




ဤကဲ့သို့ မူပိုင်ခွင့်အကာအကွယ် ပေးမှုများ ခိုင်မာလာခြင်းသည် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလွန်အရေးပါသည်။ တီထွင် ဖန်တီးသူများ၏ ထုတ်ကုန်နှင့် ထုတ်လုပ်မှုနည်းစဉ်ဆိုင်ရာ နည်းပညာသစ်များကို အခြားသူတစ်ဦးဦးမှ အလွယ်တကူ ခိုးယူသုံးစွဲမှုမှ အကာအကွယ်ပေးခြင်းဖြင့် နိုင်ငံတွင်း တီထွင် ဆန်းသစ်မှုများကို ပိုမိုအားကောင်းစေမည်ဖြစ်သည်။ ထို့ အတူ ခိုင်မာသော မူပိုင်ခွင့်စနစ်ရှိသော နိုင်ငံတွင် ပြည်တွင်း ပြည်ပမှ ယုံကြည်စွာ ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာခြင်း ကြောင့် ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမို တိုးတက်လာစေနိုင်သည့်အပြင် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်လည်း အထောက်အကူပြု မည်ဖြစ် သည်။ ၎င်းအပြင် နိုင်ငံတကာ ကုန်သွယ်ရေးတွင်လည်း အခြားသောနိုင်ငံများ၏ ယုံကြည် စိတ်ချရသော စီးပွားရေး

ဝန်းကျင်တည်ဆောက်ပေးနိုင်ခြင်း၊ အဆင့်မြင့်နည်းပညာများ တီထွင်ထုတ်လုပ်နိုင်သော နိုင်ငံအဖြစ် အသိအမှတ်ပြုခြင်းနှင့် နိုင်ငံတကာ ဈေးကွက်သို့ ယှဉ်ပြိုင်နိုင်စွမ်းမြင့်သော ထုတ်ကုန်များ တင်ပို့ရောင်းချခြင်းဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ နိုင်ငံတော်တွင် မူပိုင်ခွင့်ဥပဒေများကို အကောင်အထည် ဖော်ဆောင်ရွက်ခြင်းကြောင့် မူပိုင်ခွင့်ကို လေးစားလိုက်နာ သောယဉ်ကျေးမှုအဆင့် တိုးမြင့်လာပြီး ဥပဒေချိုးဖောက်မှုများ လျော့နည်းကာ ဘေးကင်းလုံခြုံသော လူမှုအဖွဲ့ အစည်းတစ်ရပ် ပေါ်ပေါက်လာမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

ဦးလင်းအောင်ဆွေ၊ ညွှန်ကြားရေးမှူး
မူပိုင်ခွင့်ဦးစီးဌာန

## လာပါ နားပါ ရင်းနှီးမြှုပ်နှံပါ

ပွင့်လင်းရာသီ အချိန်အခါသမယသို့ ရောက်ရှိလာပြီဖြစ်၍ ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန် အနားယူအပန်းဖြေလိုပါက မိမိတို့ ပြည်တွင်းမှာပင် မြို့ပြနှင့် မလှမ်းမကမ်း၌ တည်ရှိပြီး၊ အေးချမ်းသာယာကာ သဘာဝအလှတရားများနှင့် ပြည့်စုံသော **ဧရာဝတီတိုင်းဒေသကြီး (တိုင်းဧရာ)**ရှိ ကမ်းခြေများသို့ရွေးချယ်လည်ပတ်သွားရောက်သင့်ပါသည်။

တိုင်းဧရာဝတီသည် "**အပန်းဖြေစရာသာသည့်မြေ**" ဖြစ်ရုံသာမက မြန်မာနိုင်ငံ၏ ဒုတိယမြောက် လူဦးရေ အသိပ်သည်းဆုံး တိုင်းဒေသကြီးတစ်ခုလည်းဖြစ်ပါသည်။ နိုင်ငံ၏ စားရေရိက္ခာအတွက် အဓိကအားထားရသော မြေဆီမြေနှစ်များ ကြွယ်ဝသည့် ဧရာဝတီမြစ်ဝ ကျွန်းပေါ်ဒေသတွင်တည်ရှိပြီးနိုင်ငံ၏ အဓိကစီးပွားရေး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ အထူးဖြစ်ထွန်းအောင်မြင်ရာ ဒေသဖြစ်ပါသည်။

### မဟာဗျူဟာမြောက် စီးပွားရေးအချက်အချာ

ပထဝီဝင် အနေအထားအရ အရှေ့ဘက်တွင် ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်း၊ မြောက်ဘက်တွင် ပဲခူးတိုင်း၊ အနောက်မြောက်ဘက်တွင် ရခိုင်ပြည်နယ်တို့နှင့် ပြည်တွင်းသွားလာရေး ဆက်သွယ်မှုများရှိပါသည်။ ထို့အပြင် အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ တောင်ဘက်တွင် ကပ္ပလီပင်လယ်စသည့် ပင်လယ်လမ်းကြောင်းများနှင့်ပါ ထိစပ်လျက်ရှိသောကြောင့် နိုင်ငံ၏စီးပွားရေး မဟာဗျူဟာမြောက်သည့် နေရာတွင်တည်ရှိကာ **"ဖွံ့ဖြိုးဝေစည် ဧရာဝတီ"** ဟု ခေါ်ဆိုထိုက်သော ဒေသပင်ဖြစ်ပါသည်။

### သယံဇာတနှင့် ထုတ်ကုန်များ ကြွယ်ဝခြင်း

တိုင်းဧရာသည် မြန်မာနိုင်ငံတွင် ဆန်စပါး အဓိကထွက်ရှိရာ ဒေသဖြစ်ပြီးနိုင်ငံ၏ စပါးစိုက်ပျိုးရေးကဏ္ဍတွင် သုံးပုံတစ်ပုံခန့်ကို တာဝန်ယူထားပါသည်။ မြေဆီသြဇာ ကြွယ်ဝသော မြေနုကျွန်းပေါ်ဒေသ ဖြစ်သည့်အတွက် စပါးအပြင် မြေပဲ၊ ဂုန်လျှော်၊ ဆေး၊ ရှောက်၊ ကြက်သွန်နှင့် ပဲမျိုးစုံတို့ စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းပါသည်။ ထို့အပြင် အုန်းသီးနှင့် ငှက်ပျောသီးပေါ်များစွာ ထွက်ရှိပါသည်။

### ရေထွက်ကုန်နှင့် လက်မှုလုပ်ငန်းများ

မြစ်ချောင်း၊ အင်းအိုင် အများအပြားရှိသဖြင့် သား၊ ငါး၊ ပုစွန် ပေါပေါများများ ထွက်ရှိကာ ရေထွက်ပစ္စည်းလုပ်ငန်းသည် တိုင်းဧရာ၏ အဓိကလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်နှင့် ဆားလုပ်ငန်းများကို အကြီးအကျယ် လုပ်ကိုင်ကြသည့်အပြင် ရေချို/ရေငန် ငါးဖမ်းလုပ်ငန်းနှင့် ကြက်၊ ဘဲ မွေးမြူရေးလုပ်ငန်းများလည်း အထူးဖွံ့ဖြိုးပါသည်။ ဒေသထွက် လက်မှုလုပ်ငန်းများဖြစ်သည့် သင်ဖြူး၊ သင်ဖျာ လုပ်ငန်းများ၊ ကြိမ်၊ ဝါး၊ ဓနိလက်မှု လုပ်ငန်းများနှင့် ပုသိမ်မြို့၏ အမှတ်အသားဖြစ်သော ပုသိမ်ထီးလုပ်ငန်း များသည်လည်း နိုင်ငံခြားဧည့်သည်များကိုအထူးဆွဲဆောင်လျက်ရှိပါသည်။

### မဟာဗျူဟာမြောက် အချက်အချာနှင့် ကုန်သွယ်မှု အားသာချက်

ရန်ကုန်၊ ပဲခူး၊ ရခိုင်ပြည်နယ်တို့နှင့် ကုန်းလမ်းချိတ်ဆက်ထားသည့်အပြင် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်တို့နှင့် ထိစပ်နေသော တိုင်းဒေသ၏ ပထဝီဝင်အနေအထားသည် စီးပွားရေးအရ အလွန်အရေးပါသည်။ ထင်ရှားသော သာဓကတစ်ခုမှာ **ပုသိမ်စက်မှု မြို့တော် စီမံကိန်း (PIP)**နှင့် ၎င်းအတွင်းရှိ **AIIP နိုင်ငံတကာဆိပ်ကမ်း** ဖြစ်ပါသည်။ ဤဆိပ်ကမ်းမှ တစ်ဆင့် ဘင်္ဂလားဒေ့ရှ်နှင့် ထိုင်းနိုင်ငံများသို့ ဆန်နှင့် ပြောင်းတန် ချိန်ပေါင်းများစွာ တိုက်ရိုက်တင်ပို့နေပြီ ဖြစ်ရာ ပြည်ပပို့ကုန်ကဏ္ဍအတွက် ဧရာဝတီသည် အားထားရသော ထွက်ပေါက်တစ်ခု ဖြစ်လာပါသည်။

### ခရီးသွားလာရေး လွယ်ကူချောမွေ့မှု

လက်ရှိတွင် ကုန်းလမ်းခရီးစဉ်အပြင် လေကြောင်းခရီးစဉ်အနေဖြင့် အနာဂတ်တွင် ရန်ကုန် - ပုသိမ်၊ မန္တလေး-ပုသိမ် တိုက်ရိုက်ခရီးစဉ်နှင့် အခြားမြို့ကြီးများကိုလည်း ချိတ်ဆက်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ကမ်းခြေပတ်လမ်းစီမံကိန်းများ ပြီးစီးပါက တိုင်းဒေသ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍသည် ယခုထက်ပိုမို တိုးတက်လာမည်ဖြစ်ပါသည်။

### ဖူးမျှော်ရည်သော မြတ်မော်တင်နှင့် သာယာလှပ တိုင်းဧရာဝတီ

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖူးမျှော်ကြည်ညို ဖွယ်ရာ ပုသိမ်ရွှေမုဋ္ဌော၊ ဇလွန် ပြည်တော်ပြန်၊ ဟင်္သာတ တိလောကဥသျှောင် ရှင်သာလျောင်းနှင့် မော်တင်စွန်း



စေတီတော် မြတ်ကြီးတို့ကဲ့သို့ တန်ခိုးကြီးဘုရားများစွာ ကိန်းဝပ်စံပယ်လျက်ရှိပါသည်။

အထူးသဖြင့် သမိုင်းဝင် **မဟာကုဋ္ဌရုံသီ ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်**သည် သာသနာတော်တွင် ပထမဆုံး တည်ထားသော စေတီဖြစ်ပြီး ရွှေတိဂုံစေတီတော်ထက်ပင်သက်တမ်းစောကြောင်း သိရှိရပါသည်။ နှစ်စဉ် တပေါင်းလဆန်းမှ လပြည့်နေ့အထိ ကျင်းပမြဲဖြစ်သော ဘုရားပွဲတော်သို့ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များသည် ပုသိမ်မြို့ ကမ်းနားလမ်း ဆိပ်ကမ်းမှတစ်ဆင့် နှစ်ထပ်သင်္ဘောကြီးများဖြင့် စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမျှော်ကြပါသည်။

### ဘာသာရေးနှင့် ခရီးသွားလုပ်ငန်း၏ ဆွဲဆောင်မှု

သမိုင်းဝင် ဆံတော်ရှင်မြတ်မော်တင်စွန်း စေတီတော်ကြီးနှင့်အတူ ငွေဆောင်၊ ချောင်းသာ၊ ဂေါ်ရင်ဂျီကျွန်းစသည့် ကမ်းခြေများသည် ပြည်တွင်းပြည်ပ ဧည့်သည်များကို အမြဲဆွဲဆောင်လျက်ရှိပါသည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာခြင်းသည် ဒေသခံများအတွက် အလုပ်အကိုင်အခွင့် အလမ်းသစ်များ ဖန်တီးပေးနိုင်ရုံသာမက ဒေသတွင်းလူနေမှု အဆင့်အတန်းကိုပါ သိသာစွာ မြင့်မားစေပါသည်။

### သဘာဝကမ်းခြေများနှင့် ခရီးသွားလုပ်ငန်း

တိုင်းဧရာဝတီသည် အပန်းဖြေစရာ ကမ်းခြေများစွာ ပိုင်ဆိုင်ထားသည့် ဒေသဖြစ်ပါသည်။ ရန်ကုန်မြို့မှ ၅ နာရီခန့်သာ မောင်းနှင်ရပြီး **ငွေဆောင်ကမ်းခြေ**သည် သဘာဝရှုခင်းများ ပေါ်များခြင်း၊ လျှပ်စစ်မီးလုံလောက်စွာ ရရှိခြင်းတို့ကြောင့် အိမ်ရာစီမံကိန်းနှင့် ဟိုတယ်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးနေပါသည်။ **ချောင်းသာကမ်းခြေ** အနီးပတ်ဝန်းကျင်ရှိ သဲဖြူကျွန်း၊ ကျောက် မောင်နှမနှင့် ဥတိုချောင်းများသို့ လည်ပတ်နိုင်သည့်အပြင် ရွှေသောင်ယံ ကမ်းခြေအထိ (၁၃) မိုင်ခွဲ ခန့်တိုးချဲ့ ဆောင်ရွက်ထားပါသည်။ ပင်လယ်ရေ၏ စိမ်းပြာရောင် ကြည်လင်မှုကြောင့် ပင်လယ်အောက်ခြေ အလှကိုပင် မြင်တွေ့နိုင်သဖြင့် **ဂေါ်ရန်ဂျီကျွန်း**သည်

ပြည်တွင်းပြည်ပ ခရီးသွားများကြား အထူးရေပန်းစား လျက်ရှိသည်။



## အရှိန်အဟုန်ဖြင့် စီးဝင်လာသော ရင်းနှီးမြှုပ်နှံမှုများ

၂၀၂၁ ခုနှစ်မှ ယနေ့အထိ တိုင်းအတွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအမေရိကန်ဒေါ်လာ(၃,၆၁၀)သန်း ကျော်နှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ကျပ်သန်း ပေါင်း (၁၁၄၂၃၃၄.၃)ကျော် အထိ ဝင်ရောက်ထားပြီး ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းတို့သာ မက CMP အထည်ချုပ်လုပ်ငန်း၊ ဆိုလာစွမ်းအင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများတွင်ပါရင်းနှီးမြှုပ်နှံ သူများ အထူးစိတ်ဝင်စားလျက်ရှိသည်။

## ရင်းနှီးမြှုပ်နှံသူများအတွက် အာမခံချက်

တိုင်းဒေသကြီး အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံသူ များအတွက် ကျယ်ဝန်း၍ ဈေးနှုန်းသက်သာသော မြေ နေရာများရှိခြင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှု မြှင့်တင် ပေးခြင်းနှင့် ကျွမ်းကျင်လုပ်သားများ ပေါများခြင်း၊ လေကြောင်း ခရီးစဉ်များတိုးချဲ့ခြင်းနှင့် ကမ်းခြေပတ်လမ်း စီမံကိန်းများဖြင့် သယ်ယူပို့ဆောင်ရေး လွယ်ကူစေခြင်း စသည့်အခွင့်အလမ်းများကို အာမခံချက်ပေးလျက် ရှိပါ သည်။

## ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းကောင်းများ

ဧရာဝတီတိုင်း ဒေသကြီးသည် အိမ်ရာစီမံကိန်းနှင့် စီးပွားရေးလုပ်ငန်းများအတွက် မြေဈေးနှုန်း လွန်စွာ သက်သာခြင်း၊ မြေနေရာပေါများခြင်း၊ လျှပ်စစ်စွမ်းအင် ရရှိရန် ဆောင်ရွက်နေခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် (လုပ်သား) ပေါများခြင်း၊ တိုင်းဒေသကြီးအစိုးရနှင့် ရင်းနှီးမြှုပ်နှံမှုကော်မတီတို့မှ လုပ်ငန်းများ မြန်ဆန်စွာ ခွင့်ပြုချက်ရရှိရန် ကူညီဆောင်ရွက် ပေးခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံရန် အလားအလာအကောင်းဆုံးဒေသတစ်ခု ဖြစ်ပါသည်။

ကဏ္ဍပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်နေသော ဧရာဝတီ တိုင်းဒေသကြီးသည် ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်ရာနေရာ တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် စီးပွား ရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုကဏ္ဍ (ခရီးသွားလုပ်ငန်း) များတွင်လာရောက် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ဒေသခံများ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာကာ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်သည်။ ပြည်တွင်းခရီးသွား လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာသည်နှင့် အမျှ ကမ်းခြေဒေသများလည်း တိုးတက်လာမည်ဖြစ်ရာ ဧရာဝတီတိုင်းဒေသကြီး၏ သာယာလှပသော ကမ်းခြေ များသို့ စီးပွားရေးလုပ်ရင်း၊ အပန်းဖြေရင်းဖြင့် လာရောက် လည်ပတ်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။



ဒေါက်တာအိအိငွေး
လက်ထောက်ညွှန်ကြားရေးမှူး
ဧရာဝတီတိုင်းညွှန်ကြားရေးမှူးရုံး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## အနာဂတ်စီးပွားရေး အဆင်သင့်ဖြစ်စေရေး B-READY 2025 နှင့် မြန်မာ့အခွင့်အလမ်း

B-READY (Business Ready)သည် ယခင် ကမ္ဘာ့ဘဏ်၏ Doing Business အစီရင်ခံစာကို အစားထိုးရန် ပေါ်ထွက်လာသော စနစ်သစ်ဖြစ်ပြီး၊ Doing Business ၏ ဒေတာဆိုင်ရာ အားနည်းချက်များကို ပြုပြင်ကာ ပိုမိုပွင့်လင်းမြင်သာသော နည်းလမ်းများဖြင့် ဖွဲ့စည်းထားပါသည်။ ၎င်းသည် တရားဝင်ပြဋ္ဌာန်းထားသော စည်းမျဉ်းဥပဒေများ (Regulatory Framework)၊ အစိုးရမှ ပံ့ပိုးပေးသော ပြည်သူ့ဝန်ဆောင်မှုများ (Public Services)၊ လက်တွေ့နယ်ပယ်တွင်လုပ်ငန်းများလည်ပတ်ခြင်းဆိုင်ရာ ထိရောက်မှု (Operational Efficiency) ဟူသော မဏ္ဍိုင်ကြီး ၃ ခုကို မှုခြေပြု၍ အကဲဖြတ်ပါသည်။ ဤချဉ်းကပ်ပုံသည် ကုမ္ပဏီများအတွက်သာမက အလုပ်သမား၊ စားသုံးသူနှင့် ပတ်ဝန်းကျင်အတွက်ပါ အကျိုးရှိစေမည့် ဘက်စုံလွှမ်းခြုံသော စီးပွားရေးပတ်ဝန်းကျင်တစ်ခု ဖြစ်ပေါ်လာစေရန် ရည်ရွယ်ပါသည်။




B-READY 2025 အစီရင်ခံစာအရ အလုပ်အကိုင်အလိုအပ်ဆုံးဖြစ်သည့် လူငယ်ဦးရေများပြားသော နိုင်ငံများသည် စီးပွားရေးလုပ်ဆောင်ရန် အဆင်သင့်ရှိမှုမှာ အားနည်းနေပြီး ပြဋ္ဌာန်းဥပဒေနှင့် လက်တွေ့ဝန်ဆောင်မှုအကြား ကွာဟချက်မှာ ဝန်ဆောင်မှု ကောင်းမွန်သောနိုင်ငံများထက် ၂.၈ ဆ ပိုမိုကြီးမားနေပါသည်။ လုပ်ငန်းဆိုင်ရာ စည်းမျဉ်းများ ရှိသော်လည်း လက်တွေ့လုပ်ဆောင်မှု မထိရောက်ခြင်း (Efficiency Gap)သည် စီးပွားရေးတိုးတက်မှုကို နှေးကွေးစေသဖြင့် အလုပ်အကိုင်သစ်များဖန်တီးနိုင်ရန် ဒီဂျစ်တယ်စနစ်နှင့် မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများဖြင့် အမြန်ဆုံးဖြည့်ဆည်းရန်လိုအပ်နေပါသည်။

အကဲဖြတ်မှုလုပ်ငန်းစဉ်တွင် လုပ်ငန်းစတင်ခြင်းမှသည် လုပ်ငန်းရပ်စဲခြင်း/ လူမွဲခံယူခြင်းအထိ စီးပွားရေးသံသရာတစ်ခုလုံးကို လွှမ်းခြုံသည့် အဓိကခေါင်းစဉ် ၁၀ ခု ပါဝင်ပါသည်။ ၂၀၂၄ နှင့် ၂၀၂၅ အစီရင်ခံစာများအရ စင်ကာပူနိုင်ငံသည် အစိုးရဝန်ဆောင်မှုနှင့် လုပ်ငန်းလည်ပတ်မှုအထိရောက်ဆုံး နိုင်ငံအဖြစ် ထိပ်ဆုံးမှ ဦးဆောင်နေပြီး၊ အက်စတိုးနီးယားနှင့် ဂျော်ဂျီယာတို့သည်လည်း ဥပဒေရေးရာနှင့် ဒီဂျစ်တယ်စနစ်များတွင် အမှတ်ကောင်းများ ရရှိခဲ့ကြပါသည်။ အိမ်နီးချင်း ဗီယက်နမ် နိုင်ငံသည်လည်း ဘဏ္ဍာရေးဝန်ဆောင်မှုနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍတို့တွင် သိသာစွာ တိုးတက်လာပြီး ဒေသတွင်း အလားအလာအကောင်းဆုံးနိုင်ငံတစ်ခု ဖြစ်လာပါသည်။

B-READY ၏ အဆင့်သတ်မှတ်ချက်စနစ်သည် နိုင်ငံအလိုက် အဆင့် (Rank) တစ်ခုတည်းကိုသာ အသားမပေးတော့ဘဲ၊ ကဏ္ဍအလိုက်ရမှတ် (Score) များကို ဖော်ပြခြင်းဖြင့် နိုင်ငံများအနေဖြင့် မိမိတို့၏ အားသာချက်နှင့် အားနည်းချက်များကို ပိုမိုရှင်းလင်းစွာ သိမြင်စေပါသည်။ စင်ကာပူကဲ့သို့သော ထိပ်တန်းနိုင်ငံများသည် နည်းပညာကို အစိုးရယန္တရားတွင် အပြည့်အဝ အသုံးချခြင်းနှင့် ဗျူရိုကရေစီ ယန္တရားကို အနိမ့်ဆုံးအဆင့်အထိ လျှော့ချထားခြင်းတို့ကြောင့် အောင်မြင်နေခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဤစနစ်သည် နိုင်ငံတကာစံနှုန်းများနှင့် နှိုင်းယှဉ်နိုင်ရုံသာမက ဒေသအလိုက် လက်တွေ့ကျသော အခြေအနေများကိုလည်း ထင်ဟပ်စေပါသည်။ ဗီယက်နမ်သည် ဘဏ္ဍာရေးဝန်ဆောင်မှု (Financial Services) ကဏ္ဍတွင် ဒီဂျစ်တယ်စနစ်နှင့် Fintech ကို အောင်မြင်စွာ အသုံးချနိုင်ခြင်းကြောင့် အာရှ၌ ထိပ်တန်းအဆင့် (၅) အတွင်း ရောက်ရှိခဲ့ပါသည်။

## မြန်မာနိုင်ငံဆိုင်ရာ သုံးသပ်ချက်နှင့် အကြံပြုချက်

မြန်မာနိုင်ငံသည် ကမ္ဘာ့ဘဏ်၏ B-READY 2026 အစီရင်ခံစာတွင် နိုင်ငံပေါင်း ၁၈၀ နှင့်အတူ ပါဝင်လာရန် ရှိနေပါသည်။ B-READY 2025 အရ လက်ရှိ မြန်မာနိုင်ငံ အနေဖြင့် အလေးထား လေ့လာသင့်သည့် အချက် ၃ ချက်မှာ-

(က) အလုပ်အကိုင် အခွင့်အလမ်း ပိုမိုဖန်တီး ပေးနိုင်ရေးကို အဓိကလိုအပ်ချက်အဖြစ် ရင်ဆိုင်နေရသည့် နိုင်ငံများသည် စီးပွားရေးလုပ်ဆောင်ရန် အဆင်သင့်အဖြစ်ဆုံး (Business Ready) အခြေအနေနှင့် အလှမ်းအဝေးဆုံး ဖြစ်ပါသည်။

(ခ) စီးပွားရေးလုပ်ငန်းများကို ထိန်းကျောင်း ပံ့ပိုးပေးမည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းထားသော်လည်း ထိုလုပ်ငန်းများကို အမှန်တကယ် အထောက်အကူ ပြုမည့် ပြည်သူ့ဝန်ဆောင်မှုများ ပေးအပ်ရန် ပိုမိုခက်ခဲလျက်ရှိပါသည်။

(ဂ) ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို မြေပြင်၌ လိုက်နာဆောင်ရွက်မှု ရှိ /မရှိနှင့် ထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်ခြင်း ရှိ/မရှိတို့အကြား ကွာဟချက်များရှိနေပြီး ယင်းကွာဟ ချက်များသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် ဆိုးကျိုး သက်ရောက်မှုများ ဖြစ်ပေါ်စေပါသည်။

မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းများ ဖော်ဆောင်နိုင်ရန်အတွက် စည်းမျဉ်းဥပဒေများ (Regulatory Framework) နှင့် လက်တွေ့နယ်ပယ်တွင် လုပ်ငန်းများ လည်ပတ်ခြင်းဆိုင်ရာ ထိရောက်မှု (Operational Efficiency) တို့ကြား ကွာဟမှုအနည်းဆုံး ဖြစ်စေရန် ဆောင်ရွက်သင့် ပါသည်။ ပြည်သူ့ဝန်ဆောင်မှုကဏ္ဍတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး(TVET)နှင့် ချိတ်ဆက်ထားသော ခံစားခွင့်များပေးအပ်ခြင်း၊ ဒီဂျစ်တယ်စနစ်ဖြင့် မြေယာနှင့် လုပ်သားအရင်းအမြစ် သတင်းအချက် အလက်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။ ထို့ပြင် လုပ်ငန်းလည်ပတ်မှု ပိုမိုထိရောက်စေရန် One-Stop Service (OSS) ကို ခွင့်ပြုမိန့် ထုတ်ပေးရုံမျှမက ပြဿနာဖြေရှင်းရေးဗဟို ဌာနအဖြစ် အဆင့်မြှင့်တင်ပြီး၊ နိုင်ငံတကာ အသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး လုပ်သားထုတည်ငြိမ်စေမည့် စုပေါင်းအကျိုးခံစားခွင့် အစီအစဉ်များကို ဖော်ဆောင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူတို့၏ ဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးသင့်ပါကြောင်း ဆောင်းပါးရေးသားဖော်ပြအပ်ပါသည်။

**ကိုးကားချက်များ**

၁။ Business Ready (B-READY) 2025 အစီရင်ခံစာ
၂။ https://e.vnexpress.net/news/business/economy/vietnam-ranks-among-top-performers-in-world-bank-s-business-ready-report-5001073.html
၃။ https://buildpress.com.ro/singapore-tops-rankings-in-wbs-business-ready-2025-report/

ဇင်မာမြင့်
ဒုတိယညွှန်ကြားရေးမှူး
လူ့စွမ်းအားအရင်းအမြစ်နှင့် သုတေသနဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

# အသေးစားစီးပွားရေးလုပ်ငန်းများအတွက် ဈေးကွက်ဖော်ဆောင်ရေးစီမံကိန်း Marketing Plan ရေးဆွဲနည်းလမ်းညွှန်

**နိဒါန်း**

အောင်မြင်သော စီးပွားရေး လုပ်ငန်းတိုင်း၏ နောက်ကွယ်တွင် စနစ်တကျ ရေးဆွဲထားသော ဈေးကွက်ဖော်ဆောင်ရေးစီမံကိန်း Marketing Plan တစ်ခု အမြဲရှိပါသည်။ ယနေ့ခေတ်တွင် Social Media ပေါ်တွင် စာတင်ခြင်း၊ အီးမေးလ်ပို့ခြင်းတို့သည် လွယ်ကူသယောင် ရှိသော်လည်း ဗျူဟာမရှိသော လုပ်ဆောင်ချက်များသည် ငွေကုန်လူပန်းဖြစ်စေပြီး ဖောက်သည်များကို ရှုပ်ထွေးစေကာ လုပ်ငန်းကို ထိခိုက်စေနိုင်ပါသည်။

Marketing Plan ဆိုသည်မှာ သင်၏ ပစ်မှတ်ဖောက်သည်များနှင့် အွန်လိုင်း/အော့ဖ်လိုင်း မည်သို့ ဆက်သွယ်မည်၊ ထုတ်ကုန်များကို မည်သို့ထိရောက်စွာ ကြော်ငြာမည်ကို ပြသသည့်" မဟာ ဗျူဟာမြေပုံ " ဖြစ်ပါသည်။ ၎င်းသည် လုပ်ဆောင်ချင်သည့် စာရင်း (To-do list) မျှသာ မဟုတ်ဘဲ တိကျစွာ တိုင်းတာနိုင်သည့် ရလဒ်များနှင့် ထိုရလဒ်များရရှိရန် အသုံးပြုမည့် ဗျူဟာများ ပေါင်းစပ်ထားခြင်း ဖြစ်ပါသည်။

## Marketing Plan အမျိုးအစားများ

လုပ်ငန်း၏ လိုအပ်ချက်ပေါ်မူတည်၍ အောက်ပါ စီမံကိန်းများကို ပေါင်းစပ်အသုံးပြုနိုင်ပါသည်-

(က) ကြော်ငြာခြင်းနှင့် အမှတ်တံဆိပ် တည်ဆောက်ခြင်း၊

(ခ) အကြောင်းအရာများ ဖန်တီးခြင်းနှင့် လူမှုကွန်ရက်ကို အသုံးချခြင်း၊

(ဂ) ဖောက်သည်သစ်ရှာဖွေခြင်းနှင့် ရှိပြီးသား ဖောက်သည်များကို ထိန်းသိမ်းခြင်း၊

(ဃ) ရှာဖွေရေးအင်ဂျင်များတွင် ထိပ်ဆုံးရောက်စေခြင်းနှင့် အီးမေးလ်မှတစ်ဆင့် အရောင်းမြှင့်တင်ခြင်း။

## စီမံကိန်းရေးဆွဲခြင်း၏ အကျိုးကျေးဇူး (၃) ချက်

၁။ **လုပ်ငန်းကိုပိုမိုထိရောက်စေခြင်း**။ အရောင်း အလားအလာနှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးအမြတ်တို့ကို တိကျစွာ တိုင်းတာနိုင်သဖြင့် အရင်းအမြစ်များကို အကျိုးရှိရှိ သုံးစွဲနိုင်ပါသည်။

၂။ **ပန်းတိုင်ကို အာရုံစိုက်နိုင်ခြင်း**။ မသက်ဆိုင်သော လုပ်ငန်းချဲ့ထွင်မှုများကို ရှောင်ရှားနိုင်ပြီး ပန်းတိုင်ဆီသို့ တည့်တည့်သွားနိုင်ပါသည်။

၃။ **တာဝန်ခံမှုရှိစေခြင်း**။ အဖွဲ့သားအားလုံးကို လုပ်ငန်းစဉ် တစ်ခုတည်းပေါ်တွင် ထားရှိနိုင်ပြီး Marketing အဖွဲ့ကို လွတ်လပ်စွာ အကောင်အထည်ဖော်ခွင့် ပေးနိုင်ပါသည်။




## ထိရောက်သော စီမံကိန်းတစ်ခု၏ အခြေခံလုပ်ဆောင်ချက် (၅) ချက်

ဈေးကွက်အတိုင်ပင်ခံ Cassady Dill ၏ အဆိုအရ စီမံကိန်းတိုင်းတွင် အောက်ပါအချက် (၅) ချက် ပါဝင်ရမည်ဖြစ်ပါသည်-

(က) လုပ်ငန်း၏ ရည်မှန်းချက်များ (Business Goals)၊

(ခ) အောင်မြင်မှုကို တိုင်းတာမည့် ကိန်းဂဏန်းများ (Key Metrics)၊

(ဂ) ရည်မှန်းချက် ပြည့်မီရန် အသုံးပြုမည့် ဗျူဟာများ (Strategies)၊

(ဃ) လူအင်အား၊ငွေနှင့် ဆော့ဖ်ဝဲများ ပါဝင်သော အသေးစိတ်လုပ်ဆောင်မှု (Action Plan)၊

(င) တိုးတက်မှုအစီရင်ခံစာများ တင်ပြခြင်း (Reporting)။

## လက်တွေ့လုပ်ဆောင်နိုင်သော ကဏ္ဍ (၁၀) ခု

၁။ **အမှုဆောင်အကျဉ်းချုပ် (Executive Summary)**။ စီမံကိန်းတစ်ခုလုံး၏ အနှစ်ချုပ်ဖြစ်ပြီး ဖတ်ရှုသူက အချိန်တိုအတွင်း လုပ်ငန်း၏ ဦးတည်ချက်ကို နားလည်စေရန်ဖြစ်ပါသည်။အမှုဆောင်အကျဉ်းချုပ်ကို အစီအစဉ်အားလုံး ပြီးဆုံးပြီးနောက်မှသာ ရေးသားရမည်ဖြစ်ပြီး ၎င်းသည် စီမံကိန်းတစ်ခုလုံး၏ "အရောင်းမြှင့်တင်ရေး မိတ်ဆက်လွှာ "ကဲ့သို့ အရေးပါသော အချက်အလက်များအားလုံးကို တိုတိုနှင့် လိုရင်း ရောက်အောင် ဖော်ပြထားရပါမည်။

၂။ **မစ်ရှင်ထုတ်ပြန်ချက်(Mission Statement)**။ ကုမ္ပဏီ၏ တန်ဖိုးထားမှု၊ ယဉ်ကျေးမှုနှင့် ဖောက်သည်များအတွက် မည်သို့အကျိုးရှိစေမည်ကို ဖော်ပြပေးပါသည်။

၃။ **ပစ်မှတ်ဈေးကွက် (Target Markets)**။ ပစ်မှတ်ဈေးကွက် သတ်မှတ်ရာတွင် ဖောက်သည်၏ အသက်၊ ဝင်ငွေ၊ နေထိုင်မှုပုံစံနှင့် လိုအပ်ချက်များကို သတ်မှတ်ခြင်း ဖြစ်ပါသည်။ ပစ်မှတ်မရှိသော Marketing သည် ငွေဖြုန်းခြင်းသာ ဖြစ်ပါသည်။

၄။ **ထုတ်ကုန်များနှင့် ဝန်ဆောင်မှု**။ ဤအပိုင်းသည် သင်ရောင်းချမည့် အရာများကို ရိုးရိုးရှင်းရှင်း စာရင်းပြုစုရုံသာ မဟုတ်ဘဲ ဤအပိုင်းသည် သင်ရောင်းချမည့် အရာများကို စာရင်းပြုစုရုံသာမက ထို ထုတ်ကုန်များက ဖောက်သည်များအတွက် မည်မျှအဖိုးတန်ကြောင်းကို အလေးပေး ဖော်ပြရမည့် အပိုင်းဖြစ်ပါသည်။သင်သည်ကုန်ပစ္စည်းတစ်ခုကို ရောင်းချနေရုံသာမဟုတ်ဘဲ ဖောက်သည်များ ကြုံတွေ့နေရသော အခက်အခဲများကိုမည်သို့ ကူညီဖြေရှင်းပေးမည်၊ ၎င်းတို့၏ နေ့စဉ်ဘဝနှင့် လုပ်ငန်းဆောင်တာများကို မည်သို့ပိုမိုကောင်းမွန်အောင် ဖြည့်ဆည်းပေးမည် ဆိုသည်ကို ရှင်းလင်းစွာ ဖော်ပြရန် လိုအပ်ပါသည်။ ထို့ကြောင့်သင်ပေးအပ်လိုက်သော ဝန်ဆောင်မှုသည် ဖောက်သည်၏ ဘဝကို မည်သို့သော အပြုသဘောဆောင်သည့် ရလဒ်များ (Benefits) ပေးစွမ်းနိုင်သည်ကို အဓိကထား၍ ရေးသားရပါမည်။

၅။ **ဖြန့်ဖြူးရေးလမ်းကြောင်းများ(Distribution Channels)**။ ဖြန့်ဖြူးရေးလမ်းကြောင်းများ ဆိုသည်မှာ သင်၏ ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုကို ပစ်မှတ်ဖောက်သည်များထံသို့ အရောက်ပို့ဆောင်ပေးမည့် လမ်းစများ ဖြစ်ပါသည်။ ဤအပိုင်းတွင် မည်သည့် လမ်းကြောင်းက အထိရောက်ဆုံး ဖြစ်မည်ကို ဆုံးဖြတ်ရန် သင့်ဖောက်သည်များ အများဆုံးအချိန်ဖြုန်းလေ့ ရှိသည့်နေရာနှင့် အပြုအမူများကို ဦးစွာ လေ့လာရပါမည်။ လုပ်ငန်းအမျိုးအစား ပေါ်မူတည်၍ E-commerce ဝဘ်ဆိုဒ်များ၊ လူမှုကွန်ရက် (Social Media)၊ အီးမေးလ်မှတဆင့် ဈေးကွက်ရှာဖွေခြင်း (Email Marketing)၊ လက်လီ အရောင်းဆိုင်များ၊ ပုံနှိပ်မီဒီယာ၊ သတင်းထုတ်ပြန်ချက်များနှင့် ကုန်စည်ပြပွဲများ စသည်တို့ကို ပေါင်းစပ် အသုံးပြုနိုင်ပါသည်။ အဓိကအချက်မှာ အရင်းအမြစ်များကို နေရာအနှံ့ မဖြန့်ဘဲ သင့်ဖောက်သည်များ အမှန်တကယ် လှုပ်ရှားသွားလာ နေသော လမ်းကြောင်းများကိုသာ အာရုံစိုက်ရွေးချယ်ရန် ဖြစ်ပါသည်။

၆။ **ပြိုင်ဘက်ဆိုင်ရာ ပရိုဖိုင် (Competitive Profile)**။ ဈေးကွက်အတွင်းရှိ ပြိုင်ဘက်များနှင့် နှိုင်းယှဉ်ပါက သင်၏ ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုကို ဘယ်အရာက ပိုမိုထူးခြားစေသနည်း ဆိုသည်ကို ဖော်ထုတ်ခြင်းသည်အလွန်အရေးကြီးပါသည်။ ထိုကွဲပြားခြားနားသော အားသာချက်ကို ထူးခြားသော ရောင်းချမှုအဆိုပြုချက် "(Unique Selling Proposition - USP)" ဟု ခေါ်ဆိုပါသည်။ ပြိုင်ဘက်ဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှု ပြုလုပ်ရာတွင် ပြိုင်ဘက်များ၏ အားသာချက်နှင့် အားနည်းချက်များ ကိုသာမက ဈေးကွက် အတွင်း ၎င်းတို့မဖြည့်ဆည်းပေးနိုင်သေး

သော လိုအပ်ချက်များကိုပါ သေချာစွာ လေ့လာရပါမည်။ ထိုကဲ့သို့ ပြိုင်ဘက်များ၏ အားနည်းချက် သို့မဟုတ် လိုအပ်ချက်များကို သိရှိခြင်းမှ တစ်ဆင့် သင့်လုပ်ငန်းအတွက် အားသာချက်ရှိသော အခွင့်အလမ်းသစ်များကို ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။

၇။ **ဈေးနှုန်းမဟာဗျူဟာ (Pricing Strategy)**။ ဈေးနှုန်းသည် ဖောက်သည်များ၏ ဝယ်ယူမှု ဆုံးဖြတ်ချက်အပေါ် သက်ရောက်မှုအရှိဆုံး အချက်တစ်ချက် ဖြစ်ပါသည်။ ထို့ကြောင့် လက်တွေ့ကျသော ဈေးနှုန်း မဟာဗျူဟာကို ရေးဆွဲရာတွင် ထုတ်လုပ်မှုစရိတ်၊ Marketing နှင့် ဖြန့်ဖြူးရေး ကုန်ကျစရိတ်များအပြင် ဈေးကွက်အတွင်းရှိ ပြိုင်ဘက်များ၏ ဈေးနှုန်းနှင့် မိမိရရှိလိုသော အမြတ်နှုန်းတို့ကို သေချာစွာ ချိန်ညှိတွက်ချက်ရပါမည်။ လုပ်ငန်းစတင်ချိန်တွင် ဈေးကွက်ဝေစုကို အလျင်အမြန်ရရှိရန်အတွက် အမြတ်နှုန်းကို လျှော့ချ၍ ဈေးနှုန်းအနိမ့်ဖြင့် ထိုးဖောက် သည့်ဗျူဟာကို အသုံးပြုနိုင်သော်လည်း လုပ်ငန်းရေရှည် ရပ်တည်နိုင်စွမ်း (Sustainability)အတွက် ကုန်ကျစရိတ်နှင့် အကျိုးအမြတ်ကို မျှတစွာ စဉ်းစားရန် အထူးအရေးကြီးပါသည်။

၈။ **Marketing ရည်မှန်းချက်များ**။ Marketing Plan ရေးဆွဲရာတွင် မိမိ၏ ရည်မှန်းချက်များကို ဦးစွာ ထည့်သွင်းစဉ်းစားရပါမည်။ ဤအပိုင်း၌ ဈေးကွက်ထိုးဖောက်နိုင်မှု (Market Penetration) နှင့် ဝင်ငွေရရှိမှု (Revenue) ဆိုင်ရာ တိကျသော ပန်းတိုင်များ (Specific Goals) ပါဝင်ရမည် ဖြစ်ပါသည်။ ထို့အပြင် သင်၏ ရည်မှန်းချက်များသည် လုပ်ငန်း၏ အမှတ်တံဆိပ် (Brand) နှင့်လည်း ကိုက်ညီမှုရှိရန် လိုအပ်ပါသည် ရည်မှန်းချက်များအတွက် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်-

(က) အရောင်းပမာဏသတ်မှတ်ချက်များ၊

(ခ) အသစ်ရရှိလာသောဖောက်သည်အရေအတွက်၊

(ဂ) ဖောက်သည် ထိန်းသိမ်းထားနိုင်မှု ရာခိုင်နှုန်း၊

(ဃ) ရရှိရန်မျှော်မှန်းထားသောဝင်ငွေပမာဏ၊

(င) ဈေးကွက်ဝေစု မည်မျှရရှိသည် ဆိုသော အချက်၊

(စ) အမှတ်တံဆိပ်အပေါ် လူသိများလာမှု အတိုင်းအတာ၊

(ဆ) အွန်လိုင်းမှတစ်ဆင့် ဝင်ရောက် ကြည့်ရှုသူ အရေအတွက်။

၉။ **လုပ်ဆောင်မှုအစီအစဉ် (Action Plans)**။ Marketing Plan၏ အရေးပါဆုံးသော အပိုင်းမှာ လက်တွေ့အကောင်အထည် ဖော်နိုင်မည့် လုပ်ဆောင်မှုအစီအစဉ်များ ရေးဆွဲခြင်းဖြစ်ပါသည်။ ဤအပိုင်းတွင် မည်သည့်လုပ်ငန်းစဉ်ကို မည်သည့်အချိန်၌ ပြီးစီးအောင် ဆောင်ရွက်မည် ဆိုသော အချိန်ဇယားနှင့် မည်သူက မည်သည့်ကဏ္ဍကို တာဝန်ယူမည် ဆိုသော တာဝန်ခွဲဝေမှုတို့ကို တိကျစွာ ဖော်ပြရမည်။ ထို့ပြင် လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့လာနိုင်သည့် အတားအဆီးများကို ကြိုတင်ခန့်မှန်းထားရမည် ဖြစ်ပြီး ထိုအခက်အခဲများကို ကျော်လွှားနိုင်မည့် ဖြေရှင်းနည်း (Contingency Plan) များကိုလည်း စနစ်တကျထည့်သွင်း စဉ်းစားထားရမည် ဖြစ်ပါသည်။

၁၀။ **ဘဏ္ဍာရေးခန့်မှန်းချက် (Financial Projections)**။ နောက်ဆုံးအပိုင်းအနေဖြင့် Marketing Plan ကို ဘဏ္ဍာရေးရှုထောင့်မှ စိစစ်သုံးသပ်ရပါမည်။ ဤအပိုင်းတွင် ဘတ်ဂျက်၊ ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှု ထုတ်လုပ်မှုကုန်ကျစရိတ်၊ လက်ရှိနှင့် ခန့်မှန်းထားသော ငွေကြေးလည်ပတ်မှု၊ ခန့်မှန်းထားသော အရောင်းပမာဏနှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် ပြန်လည်ရရှိမည့် အကျိုးအမြတ်ကိုတို့ကို ထည့်သွင်း တွက်ချက်ဖော်ပြရမည် ဖြစ်ပါသည်။

ရှောင်ကြဉ်ရမည့် အမှားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

၁။ ကုန်ကျစရိတ်ကို လျှော့တွက်ခြင်း၊

၂။ အရည်အသွေးမရှိဘဲ အကြိမ်ရေများစွာ ကြော်ငြာခြင်း၊

၃။ ကမ်းပိန်းများကို မစမ်းသပ်ဘဲ အကြီးအကျယ် စတင်ခြင်း၊

၄။ ဖောက်သည်များ၏ တုံ့ပြန်ချက်ကို လျစ်လျူရှုခြင်း၊

၅။ မဖြည့်ဆည်းနိုင်သော ကတိများပေးခြင်း၊

၆။ ရာသီအလိုက်အပြောင်းအလဲများကို မေ့လျော့ခြင်း၊

၇။ စီမံကိန်းကို ပြန်လည်သုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်မွမ်းမံမှု မရှိခြင်း။



## အသုံးဝင်သော နမူနာပုံစံများနှင့် ကိရိယာများ (Templates & Tools)

သင်၏ Marketing Planကို ပိုမိုပရော်ဖက်ရှင်နယ်ဆန်စွာ ရေးဆွဲနိုင်ရန်နှင့် စွမ်းဆောင်ရည် တိုင်းတာနိုင်ရန် အောက်ပါ Website နှင့် ကိရိယာများကို အသုံးပြုနိုင်ပါသည်-

၁။ **Business.com**။ လုပ်ငန်းအမျိုး အစားအလိုက် အသင့်အသုံးပြုနိုင်သော အခမဲ့ Marketing Plan နမူနာပုံစံ (Templates) များကို ရယူနိုင်ပါသည်။

၂။ **Smart Insights**။ မိမိလုပ်ငန်း၏ စွမ်းဆောင်ရည်ကို ဈေးကွက် စံနှုန်းများနှင့် နှိုင်းယှဉ် တိုင်းတာနိုင်သော Benchmarking စနစ်နှင့် ဗျူဟာမြောက် လမ်းညွှန်ချက်များကို လေ့လာနိုင်ပါသည်။

၃။ **GERU**။ မိမိ၏ Marketing ဗျူဟာနှင့် အရောင်းလုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်မဖော်မီ ကုန်ကျ စရိတ်နှင့် ရလဒ် မည်သို့ ထွက်လာနိုင်သည်ကို ပုံတူ စမ်းသပ်မှု (Simulation) ပြုလုပ်ပေးနိုင်သော ကိရိယာဖြစ်ပါသည်။

## Marketing Planကို လက်တွေ့အကောင်အထည်ဖော်ခြင်း

Marketing Plan နမူနာပုံစံ (Templates) များကို မသုံးစွဲမီ စီမံကိန်း၏ အခြေခံသဘော တရားကို ဦးစွာနားလည်ရန် အရေးကြီးပါသည်။ ကောင်းမွန်သော စီမံကိန်းတစ်ခုသည် ပစ်မှတ် ဖောက်သည်ကို တိကျစွာ သတ်မှတ်ခြင်း၊ ထုတ်ကုန်၏တန်ဖိုးကို ဖော်ပြခြင်းနှင့် မိမိ၏ ထူးခြားသော အားသာချက်ကို ဖော်ထုတ်ခြင်းတို့အပေါ် အခြေခံရပါမည်။ အသေးစားစီးပွားရေးလုပ်ငန်းများ အတွက် Marketing Plan ကို လက်တွေ့အကောင်အထည်ဖော်ရန် အောက်ပါ အဆင့် (၄) ဆင့်ကို လိုက်နာ ဆောင်ရွက်နိုင်ပါသည်-

၁။ **ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း**။ Marketing အဖွဲ့၊ အမှုဆောင်များနှင့် သက်ဆိုင်သူ များ အားလုံး ပါဝင်သော အစည်းအဝေး တစ်ရပ်ကို ကျင်းပရမည်။ ၎င်းတို့၏ မေးခွန်းများ၊ စိုးရိမ်ပူပန်မှုများနှင့် ဝေဖန်အကြံပြုချက်များကို ရယူပြီး လိုအပ်ပါက ဗျူဟာကို ပြန်လည် စိစစ် ပြင်ဆင်ရမည်။

၂။ **အချိန်ဇယားနှင့် တာဝန်ခွဲဝေခြင်း (Timeline & Assignments)**။ လုပ်ငန်းစဉ် တစ်ခုချင်းစီအတွက် ပြီးစီးရမည့် အချိန်ဇယား (Timeline) ကို သတ်မှတ်ရမည်။ လုပ်ငန်းဆောင်ရွက်မည့် အဖွဲ့ဝင်များကို တာဝန်ခွဲဝေပေးပြီး လိုအပ်သော အကူအညီနှင့် အရင်း အမြစ်များကို စုစည်းရမည်။

၃။ **အပတ်စဉ် စစ်ဆေးခြင်း (Weekly Check-ins)**။ စီမံကိန်းကို စတင်အကောင်အထည်

ဖော်သည်နှင့်လူကိုယ်တိုင်ဖြစ်စေ၊ အီးမေးလ် ဖြင့်ဖြစ်စေ အပတ်စဉ် စစ်ဆေးမှုများ ပြုလုပ်ရမည်။ ၎င်းသည် အဖွဲ့သားအားလုံး သတ်မှတ်ထားသော လမ်းကြောင်းမှ မသွေ ဖည်ဘဲ အချိန်မီ ပြီးစီးစေရန် အထောက် အက ပြုပါလိမ့်မည်။

၄။ **တိုးတက်မှု အစီရင်ခံခြင်း (Progress Reports)**။ လုပ်ငန်းများ မှန်ကန်သော ဦးတည်ချက်သို့ဦးတည်နေကြောင်း သေချာ စေရန် ပါဝင်ပတ်သက်သူများနှင့် အမှု ဆောင်များထံ အပတ်စဉ် တိုးတက်မှု အစီရင်ခံစာများ ပေးပို့ရမည်။

**နိဂုံး**

Marketing Plan တစ်ခုကို ရေးဆွဲခြင်းသည် စီးပွားရေးအောင်မြင်မှုအတွက် အရေးအကြီး ဆုံးသော အုတ်မြစ်ဖြစ်ပါသည်။ ၎င်းသည် သင်၏ ပစ်မှတ်ဖောက် သည်ကို ရှင်းလင်းစေပြီး၊ ထုတ်ကုန်၏ တန်ဖိုးနှင့် ပြိုင် ဘက်ထက် သာလွန်သော အချက်များကို ပေါ်လွင်စေ ပါသည်။

အစီအစဉ်တစ်ခုကို တစ်ကြိမ် ရေးသားရုံဖြင့် အဆုံးမသတ်ဘဲ နှစ်စဉ် (သို့မဟုတ်) လိုအပ်သလို ပြန်လည် သုံးသပ်ပြီး မွမ်းမံရမည် ဖြစ်ပါသည်။ ဈေးကွက် အပြောင်းအလဲနှင့်အညီ ပြောင်းလဲတိုးတက် နေသော Marketing Plan သည် မျှော်လင့်မထားသော အခက် အခဲ များကို ကျော်လွှားနိုင် စေရုံသာမက သင်၏ အမှတ် တံဆိပ်နှင့် ဖောက်သည်များအကြား ခိုင်မာသော ဆက်ဆံ ရေးကို တည်ဆောက်ပေးနိုင်ပါလိမ့်မည်။

Source: https://www.business.com/articles/sample-marketing-plan-outline-and-template/

စန္ဒာမြင့်
ဦးစီးအရာရှိ
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ

## ကမ္ဘာ့ဘဏ်၏ Business Ready 2025 အစီရင်ခံစာတွင် ဗီယက်နမ်နိုင်ငံက လုပ်ငန်းလည်ပတ်မှု စွမ်းဆောင်ရည်အဆင့် သတ်မှတ်ချက်တွင် အဆင့် ၁၆ နေရာရရှိ

ဒီဇင်ဘာလ ၃၀ ရက်နေ့က ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ဘဏ်၏ Business Ready (B-Ready) 2025 အစီရင်ခံစာအရ ဗီယက်နမ်နိုင်ငံသည် စီးပွားရေး ဆောင် ရွက်မှုတွင် ၁၀၁ ခုအနက် ရမှတ် ၇၀.၄၄ မှတ်ဖြင့် လုပ်ငန်း လည်ပတ်မှု စွမ်းဆောင်ရည် (Operational Efficiency) ကဏ္ဍတွင် ကမ္ဘာ့ အဆင့် ၁၆ နေရာကို ရရှိခဲ့ပါသည်။ အခြားသော အကဲဖြတ်မှုနယ်ပယ်အချို့တွင် စိန်ခေါ်မှုများ ရှိနေ သေးသော်လည်း ဗီယက်နမ်သည် ကမ္ဘာ့ထိပ်တန်း အဆင့်တွင် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

အရှေ့တောင် အာရှနိုင်ငံဖြစ်သည့် ဗီယက်နမ် သည် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်နှင့် အစိုးရ ဝန်ဆောင်မှုများကို အသုံးပြုရန် မည်မျှလွယ်ကူသည်ကို တိုင်းတာသည့် လုပ်ငန်းလည်ပတ်မှု စွမ်းဆောင်ရည် မဏ္ဍိုင်တွင် ကမ္ဘာ့ထိပ်တန်း ၂၀ ရာခိုင်နှုန်း (First Quintile) စာရင်းဝင်ခဲ့သည်။ ဗီယက်နမ်သည် စီးပွားရေး နယ်ပယ် ၁ ခုမှ ၃ ခုအတွင်း ထိပ်တန်းအဆင့် ရရှိခဲ့သည့် နိုင်ငံပေါင်း ၂၉ နိုင်ငံထဲတွင် ပါဝင်ခဲ့သည်။

**အစီရင်ခံစာ၏ အဓိကတွေ့ရှိချက်များ**

အစီရင်ခံစာအရ ဗီယက်နမ်သည် နယ်ပယ်အသီး သီးတွင် ထူးခြားသော အားသာချက်များကို ဖော်ပြခဲ့ရာတွင် အောက်ပါအတိုင်း ရမှတ်များ ရရှိခဲ့ပါသည်-

- အခြေခံအသုံးအဆောင် ဝန်ဆောင်မှုများ (Utility Services): ၉၀.၀၃ မှတ် (ကမ္ဘာ့အမြင့်ဆုံး စာရင်းဝင်)၊
- ဘဏ္ဍာရေး ဝန်ဆောင်မှုများ (Financial Services): ၈၀.၃၂ မှတ်၊
- စီးပွားရေးလုပ်ငန်း စတင်ဝင်ရောက်မှု (Business

Entry): ၇၆.၆၂ မှတ်၊

- အလုပ်သမားကဏ္ဍ (Labour): ၆၉.၆၃ မှတ်၊ နိုင်ငံတကာကုန်သွယ်မှု (International Trade): ၆၂.၄၈မှတ်။ သို့သော်လည်း စည်းမျဉ်းမူဘောင် (Regulatory Framework) တွင် ၆၇.၀၃ မှတ်နှင့် အစိုးရဝန်ဆောင် မှုများ (Public Services) တွင် ၅၃.၉၃ မှတ်သာ ရရှိခဲ့ သဖြင့် အဆင့် ၃ (Third Quintile) နေရာတွင်သာ ရှိနေပြီး အဆိုပါကဏ္ဍများတွင် တိုးတက်ရန် အခွင့်အလမ်းများစွာ ကျန်ရှိနေသေးကြောင်း ဖော်ပြထားပါသည်။

**အားနည်းချက်နှင့် ပြုပြင်ပြောင်းလဲရန် လိုအပ်ချက်များ**

ဗီယက်နမ်အတွက် သိသာထင်ရှားသော အားနည်းချက်များမှာ-

- လုပ်ငန်းများ ဖျက်သိမ်းခြင်း (Business Insolven cy): ၃၅.၆၆ မှတ်၊ ဈေးကွက် ယှဉ်ပြိုင်မှု (Market Com petition): ၄၇.၆၁ မှတ်။

အဆိုပါ ရမှတ်များသည် စီးပွားရေးပတ်ဝန်းကျင်ကို ခိုင်မာစေရန်အတွက် ပြုပြင်ပြောင်းလဲမှုများ လိုအပ်နေသေးကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

**ဒေသတွင်းနှင့် ကမ္ဘာ့အခြေအနေ နှိုင်းယှဉ်ချက်**

ကမ္ဘာတစ်ဝန်းတွင် တသမတ်တည်း ကောင်းမွန်သော စွမ်းဆောင်ရည် ပြသနိုင်ရန်မှာ အခက်အခဲ များ ရှိနေဆဲဖြစ်သည်။ စင်ကာပူ၊ ဂျော်ဂျီယာ၊ ဗြိတိန်နှင့် အခြားဥရောပ ၅ နိုင်ငံ အပါအဝင် နိုင်ငံ ပေါင်း ၈ နိုင်ငံသာ မဏ္ဍိုင် ၃ ခုလုံးတွင် ထိပ်တန်းအဆင့် ရရှိခဲ့သည်။ စင်ကာပူသည် လုပ်ငန်း လည်ပတ်မှု စွမ်းဆောင်ရည်တွင် ၇၉.၂၅ မှတ်ဖြင့် ကမ္ဘာ့အဆင့် (၁) ကို ရရှိခဲ့သည်။ အရှေ့တောင်အာရှအတွင်း၌-

- စင်ကာပူ: ကမ္ဘာ့အဆင့် ၁၊
- မလေးရှား: ၆၇.၉၉ မှတ် (ဒုတိယအဆင့် - Second Quintile)၊
- ကမ္ဘောဒီးယား: ၅၆.၁၇ မှတ် (တတိယအဆင့် - Third Quintile)။

ဗီယက်နမ်ကဲ့သို့ လူငယ်လုပ်သားအင်အား များပြားသော စီးပွားရေးစနစ်များသည် လုပ်သား ကျွမ်းကျင်မှုသည် နိုင်ငံများနှင့် နှိုင်းယှဉ်ပါက အကဲဖြတ်မှုမဏ္ဍိုင်အားလုံးတွင် ရမှတ်နိမ့်ကျလေ့ ရှိကြောင်း ကမ္ဘာ့ဘဏ်က မှတ်ချက်ပြုသည်။ ထိုသို့သော နိုင်ငံများသည် တိုးပွားလာသော လုပ်သား အင်အားအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် စီးပွားရေးပတ်ဝန်းကျင် ဖော်ဆောင်ရာတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။

**B-Ready အကဲဖြတ်မှု အကြောင်း**

ယခင်က Doing Business အစီရင်ခံစာကို အစားထိုးလိုက်သည့် B-Ready အကဲဖြတ်မှုသည် စီးပွားရေး လုပ်ငန်းတစ်ခု စတင်တည်ထောင်ချိန်မှ လည်ပတ်ချိန်၊ လုပ်ငန်းပိတ်သိမ်းချိန် သို့မဟုတ် ပြန်လည်ဖွဲ့စည်းချိန်အထိ လုပ်ငန်းသဘာဝအဆင့်ဆင့် (Life Cycle) ကို လွှမ်းခြုံထားသည့် မဏ္ဍိုင် ၃ ခုနှင့် အကြောင်းအရာ ၁၀ ခုကို အကဲဖြတ်ခြင်းဖြစ်သည်။

အဆိုပါအချက်အလက်များကို ဒေသတွင်းကျွမ်းကျင်သူ ၅,၀၀၀ နှင့် လုပ်ငန်းပေါင်း ၅၈,၀၀၀ ကို စစ်တမ်းကောက်ယူ၍ ပြုစုထားခြင်း ဖြစ်သည်။ ၎င်းအကဲဖြတ်မှု စီမံကိန်းကို ၂၀၂၅ ခုနှစ်တွင် နိုင်ငံပေါင်း ၁၀၁ နိုင်ငံမှ ၂၀၂၆ ခုနှစ်တွင် ၁၆၀ ကျော်အထိ တိုးချဲ့သွားမည်ဖြစ်ကြောင်း လေ့လာ သိရှိရပါသည်။

Source: https://vietnamnews.vn/economy/1732986 viet-nam-ranks-among-top-performers-in-world-bank-s-business-ready-2025-report.html

ရင်ရင်မာ
ဦးစီးအရာရှိ
ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနခွဲ

## မွန်ပြည်နယ်အတွင်းရှိ ရာဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် စိန်ခေါ်မှုနှင့် အခွင့်အလမ်းများ

မွန်ပြည်နယ်သည် မြန်မာနိုင်ငံ၏ ရာဘာနှစ်ရှည်ပင် အများဆုံးစိုက်ပျိုးသည့် ဒေသဖြစ်သည့် အလျောက် ရာဘာကုန်ကြမ်း အခြေခံအဖြစ်အသုံးပြုသည့် စက်ရုံများစွာတည်ရှိပါသည်။ အဆိုပါစက်ရုံများအနက်မှ စက်မှုဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်နေသော သထုံမြို့နယ်ရှိ အမှတ်(၂၁) အကြီးစားစက်ရုံ (တာယာ) သည် တာယာထုတ်လုပ်ရာတွင် အသုံးပြုလျှက်ရှိသော Bias တာယာနည်းပညာသည် ခေတ်နှင့် မလျော်ညီတော့သည့် အတွက် ပြည်တွင်းဈေးကွက်တွင် ထိုးဖောက်နိုင်ခြင်း မရှိသဖြင့် ယခုအခါ ထုတ်လုပ်မှုလုပ်ငန်းများ ရပ်နားထားရပါသည်။ သထုံတာယာစက်ရုံသည် ယခင်က ပြည်တွင်း တာယာ လိုအပ်ချက် များပြည့်မီစေရန် မော်တော်ကားသေး၊ လတ်၊ ကြီး တာယာများသာမက လယ်ထွန်စက်တာယာများ၊ တပ်မတော်စစ်ဘက်ဆိုင်ရာသုံး ရဟတ်ယာဉ်တာယာများ၊ အပေါ့စားတိုက်ခိုက်ရေး သံချပ်ကာကား တာယာများအထိထုတ်လုပ်နိုင်ခဲ့သည်။

သထုံတာယာစက်ရုံသည် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရန်အတွက် မြေနေရာ၊ အဆောက်အအုံ၊ ဝန်ထမ်းအိမ်ယာ၊ လျှပ်စစ်မီး၊ သောက်သုံးရေနှင့် ကျွမ်းကျင်လုပ်သားများ အဆင်သင့်ရှိနေသောနေရာတစ်ခုဖြစ်ပါသည်။

တာယာ ထုတ်လုပ်ရာတွင် အဓိကအသုံးပြုရသော အဆင့်မီရာဘာကုန်ကြမ်းများ အလုံအလောက် ရရှိနိုင်သော ဒေသတွင်လည်းတည်ရှိနေပါသည်။

နိုင်ငံတော်အနေဖြင့် ဘီးလင်းမြို့နယ်ရှိ အမှတ် (၂၂) အကြီးစားစက်ရုံ (တာယာ)ကို နိုင်ငံတော်နှင့် ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်သကဲ့သို့ သထုံမြို့နယ်ရှိ အမှတ် (၂၁) အကြီးစားစက်ရုံ (တာယာ) အား ဒေသတွင်း နိုင်ငံများတွင် အောင်မြင်မှုရရှိနေသော တာယာ Brand ကုမ္ပဏီများနှင့် နိုင်ငံတော်အစိုးရအကြား JV စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်မှု ရရှိရန်အတွက် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်နိုင်ရေး ဆောင်ရွက်သင့်ပါသည်။ ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ရာတွင် ခေတ်နှင့်လျော်ညီသော Radial နည်းပညာသုံး ဈေးကွက်ဝင် ဆန့်သော တာယာများ ထုတ်လုပ်နိုင်ရေး ဦးစားပေးဆောင်ရွက်သင့်ပါသည်။ ရင်းနှီးမြှုပ်နှံမှု များဖိတ်ခေါ်နိုင်ပါက စက်ရုံရှိရာဒေသ ဖွံ့ဖြိုးရေးနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းရရှိရေး အတွက်များစွာ အထောက်အကူပြုမည် ဖြစ်ပါသည်။ အဆိုပါဒေသသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အသင့်အတင့် ဖွံ့ဖြိုးသောဒေသတွင် ပါဝင်ပါသဖြင့် အခွန်ကင်းလွတ်ခွင့် ၅ နှစ်ရရှိမည်ဖြစ်ကြောင်း မက်လုံးပေးဆွဲဆောင်နိုင်မည်ဖြစ်ပါသည်။ မွန်ပြည်နယ် အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ အနေဖြင့် မွန်ပြည်နယ်အတွင်း နိုင်ငံပိုင် စီးပွားရေး ကဏ္ဍများအား လေ့လာသုံးသပ်၍ အမြတ်အစွန်းရရှိမှု မရှိသောလုပ်ငန်း၊ စက်ရုံများအား ပြည်တွင်း (သို့မဟုတ်) နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရေးဆောင် ရွက်သင့်ပါသည်။



မွန်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အများဆုံးပြည်နယ်ဖြစ်ပြီး တစ်နိုင်ငံလုံးစိုက်ပျိုးမှု၏ ၄၀% ရှိပြီး၊ ထွက်နှုန်းအနေဖြင့် တစ်နိုင်ငံလုံး၏ ၈၀% ရှိပါသည်။ နိုင်ငံတော်၏စီးပွားရေး ဦးတည်ချက်နှင့် အညီ ရော်ဘာလုပ်ငန်းသည် နိုင်ငံတော် အတွက် စက်မှုကုန်ကြမ်းများတိုးတက်ရရှိခြင်း၊ MSME စီးပွားရေး လုပ်ငန်းများအတွက် စက်မှုကုန်ကြမ်းရရှိစေသည့်အတွက် နိုင်ငံတော်က အလေးထားနေရသော စိုက်ပျိုးရေး လုပ်ငန်း

တစ်ခုဖြစ်သည်။ ရော်ဘာစိုက်ပျိုးသူများသည် မြန်မာ့နှစ်ရှည်ပင် လုပ်ငန်းမှစိုက်ပျိုးမှု ထောက်ခံသော မျိုးများကို စိုက်ပျိုးလျက်ရှိပြီး မျိုးစိတ်သစ်များဖြစ်သော RRIM 2000 Series (Cones) များကိုလည်းတိုးချဲ့စိုက်ပျိုး လာကြောင်း တွေ့ရှိရပါသည်။ သုတေသနတွေ့ရှိချက်များအရ မျိုးစိတ်သစ်စိုက်ခင်းများ၏ ထွက်ရှိမှု၊ ကြီးထွားမှု၊ ရောဂါဒဏ်ခံနိုင်မှုစသည့် အချက်အလက်များသည် မွန်ပြည်နယ်၏ ရေမြေသဘာဝရာသီဥတု နှင့်ကိုက်ညီရှိကြောင်း တွေ့ရှိရပါသည်။ မွန်ပြည်နယ်တွင် ထုတ်လုပ်ရောင်းဝယ်နေသော ရော်ဘာအမျိုးအစားများမှာ **RSS (Ribbed smoke sheets )**နှင့် **TSR (Technically Specified Rubber)** များဖြစ်ပြီး၊ မိုင်းခံရော်ဘာ အတန်းအစား (၅)မျိုး ရှိရာ **RSS 1, RSS 2, RSS 3, RSS 4, RSS 5** ဟူ၍ ခွဲခြားသတ်မှတ်ထားသည်။ မွန်ပြည်နယ်ရှိ ရော်ဘာခြံအများစုမှာ မိုင်းခံရုံမရှိ၍ ရော်ဘာကို နေလှမ်း အစိမ်းပြားအနေဖြင့်သာ ရောင်းချမှုများပြားသည်။ မိုင်းခံရုံ ရှိသော ခြံအနည်းအကျဉ်းသာ ရော်ဘာကိုမိုင်းခံ၍ မိုင်းခံရော်ဘာအဖြစ်ရောင်းချကြပါသည်။ ပြည်တွင်း သုံးစွဲမှုအနေဖြင့် တာယာစက်ရုံ၊ ခရမ့်ရာဘာစက်ရုံ၊ သရေကွင်း၊ ပူဖောင်း၊ ဘောလုံး၊ ဖိနပ်လုပ်ငန်းများမှ နှစ်စဉ်ခန့်မှန်းတန်ချိန် ၁၀၀၀၀ နှင့် ၁၂၀၀၀ ကြားသုံးစွဲနေပြီး၊ ဈေးကွက်စီးဆင်းမှု အနေဖြင့် ပြည်တွင်းသုံးစွဲမှုမှ ပိုလျှံသော ရော်ဘာများကို ပုဂ္ဂလိကဝယ်လက်များမှ တစ်ဆင့် ရော်ဘာအဝယ်ဒိုင်၊ ကုမ္ပဏီများတွင် စုစည်းကာ ရန်ကုန်နှင့် မန္တလေးရှိ ကုမ္ပဏီကြီးများသို့ ရောင်းချလျက်ရှိပါသည်။

မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း website ဖော်ပြချက်အရ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ပထမအပတ်တွင် ရော်ဘာဈေးနှုန်းမှာ RSS-1 တစ်တန်လျှင် USD 1600-2000 ဈေးနှုန်းရှိပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ပထမအပတ်တွင် ရော်ဘာဈေးနှုန်းမှာ RSS-1 တစ်တန်လျှင် USD 1650-2050 အထိဈေးနှုန်းမြင့်တက်လာခဲ့သည်။ ပြည်နယ်အတွင်း အရောင်းအဝယ်ဖြစ်သည့် ရော်ဘာထွက်ကုန်ပစ္စည်းအမျိုးအစား အများစုမှာ TSR, Crump Rubber များအဖြစ်ပြုပြင်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့ခြင်းဆောင်ရွက်ပြီး RSS အဆင့်ရှိ ရော်ဘာများအား ပြည်တွင်း ရောင်းဝယ်မှုနှင့် ပြည်ပတင်ပို့မှု ပုံစံဖြင့် လည်းကောင်း၊ အထူပြားများ၊ ခွက်ကပ်၊ ဆွဲဖတ်များကို လုပ်သားစရိတ်လျှော့ချနိုင်ရေးအတွက် TSR စက်ရုံများ သို့ ပေးပို့ရောင်းဝယ်မှုများရှိပါသည်။ ပြည်တွင်း၌ ရော်ဘာကုန်ကြမ်းအသုံးပြုပြီး ထုတ်လုပ်သည့် အဆင့်မြင့် စက်ရုံများနည်းပါးခြင်းကြောင့် ပြည်တွင်း၌ ရော်ဘာ ထုတ်ကုန်အနည်း ငယ်သာရှိပြီး နှစ်စဉ်ထုတ်လုပ်မှု၏ ၈၀% သည် ပိုလျှံမှုများရှိနေပါသည်။ ပိုလျှံကုန်ကြမ်း များသည် ပုံမှန်အားဖြင့် တရုတ်ဈေးကွက်တစ်ခုထဲကိုသာ မှီခိုနေရသောကြောင့် ဈေးကွက်ရွေးချယ်မှုနည်းပါးခြင်း၊ ဈေးနှိမ်ခံရခြင်းနှင့် ဈေးကွက်အာမခံမှုမရှိခြင်း တို့တွေ့ကြုံနေရပါသည်။ မွန်ပြည်နယ်အတွင်း စက်မှုကုန်ကြမ်းသီးနှံ ဖြစ်သည့် ရာဘာပိုလျှံနေမှုသည် နိုင်ငံတော်အတွက် များစွာဆုံးရှုံးမှုများ ဖြစ်ပေါ်နေပါသည်။

ရာဘာ ကုန်ကြမ်းသည် ရာဘာအသုံးပြုရသော လူသုံးကုန်ပစ္စည်းအတွက် အခြေခံပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော် အစိုးရအနေဖြင့် မွန်ပြည်နယ်အတွင်း စက်မှုကုန်ကြမ်းသီးနှံ ပြပွဲများကျင်းပ၍ ပြပွဲသို့လာရောက်သော နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများတွင် ရာဘာ အခြေခံ လူသုံးကုန် ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများအား အလေးပေးဖိတ်ခေါ်သင့်ပါသည်။ မွန်ပြည်နယ်၏ ပထဝီဝင် စီးပွားရေး အနေအထားအရ အရှေ့အနောက်စီးပွားရေး စင်္ကြံလမ်းမကြီးပေါ်တွင် တည်ရှိနေသဖြင့် အဆိုပါ စီမံကိန်းပြီးစီးခဲ့ပါက ထိုင်းနိုင်ငံ၊ ဗီယက်နိုင်ငံများရှိ ရာဘာကုန်ကြမ်း အခြေခံအသုံးပြုသော တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်နိုင်သော လုပ်ငန်းများအား ဦးစားပေးမြှင့်တင်သည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အနေဖြင့် ဖိတ်ခေါ်သင့်ကြောင်းတွေ့ရှိရပါသည်။

မွန်ပြည်နယ်အတွင်း တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများသည် ရာဘာသက်တမ်းရင့်အပင်များကို ခုတ်လဲပြီးနောက် ရာဘာသစ်အား ပေါင်းခံ၍ အထပ်သားပြားများ ထုတ်လုပ်ခြင်း၊ ရာဘာသစ်အကြမ်းထည်ထုတ်လုပ်၍ တရုတ်ပြည်မ

သို့တင်ပို့ခြင်း လုပ်ငန်းများဆောင်ရွက်နေခြင်းဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

မွန်ပြည်နယ်တွင် စက်မှုဇုန်များ တည်ထောင်ထားရှိသော်လည်း၊ ဒေသတွင်းစက်မှု လုပ်ငန်းများနှင့် စက်ရုံအနည်းသာဆောင်ရွက်နေကြောင်းတွေ့ရှိရပါသည်။

အချို့သော ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံများသည် မွန်ပြည်နယ်အတွင်း လာရောက်လုပ်ငန်း လုပ်ကိုင်ရန် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီသို့ စုံစမ်းမှုများ ရှိသော်လည်း လမ်းပန်းဆက်သွယ်ရေးအရ ပြည်ပပို့ကုန်များတင်ပို့ရန် ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်နိုင်သော ရန်ကုန်မြို့နှင့် အတန်အသင့် ဝေးကွာနေခြင်း၊ မွန်ပြည်နယ်အတွင်း စီးပွားရေးဇုန်များ ဖော်ဆောင်နိုင်မှု မရှိခြင်း စသည့်အချက်များကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်ခြေနည်းပါး ရခြင်းဖြစ်ပါသည်။ အစိုးရအနေဖြင့် မွန်ပြည်နယ်အတွင်း အထူးစီးပွားရေးဇုန်စီမံကိန်းများအား လာရောက်လုပ်ကိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်သင့်ပါသည်။ ပထဝီဝင် အနေအထားအရ မွန်ပြည်နယ်သည် ပင်လယ်ကူးသင်္ဘောများ ဆိုက်ကပ်နိုင်သဖြင့် ဆိပ်ကမ်းဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်မည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို အစိုးရနှင့် အကျိုးတူ ပူးပေါင်းသည့်စနစ်ဖြင့် ဖိတ်ခေါ်သင့်ပါကြောင်းတွေ့ရှိရမည်ဖြစ်ပါသည်။

မွန်ပြည်နယ်အတွင်းစက်မှုဇုန်များအကောင်အထည်ဖော်ရာတွင် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ လာရောက်နိုင်သည့် အခြေအနေများကို လေ့လာသုံးသပ်၍ ဆောင်ရွက်သင့်ပါသည်။ စက်မှုဇုန်များသည် 'မှု' အရ တည်ထောင်ခဲ့သော်လည်း လက်တွေ့တွင် အောင်မြင်မှုနည်းပါးနေခြင်း၊ အချို့သော စက်မှုလုပ်ငန်းများသည် စက်မှုဇုန်ဧရိယာ အတွင်းဆောင်ရွက်ခြင်းမရှိဘဲ မြေပိုင်ဆိုင်မှုပြနိုင်သော နေရာများတွင်သာ လွယ်လင့်တကူ စက်မှုလုပ်ငန်းများ ဆောင်ရွက်နေခြင်းကြောင့် စက်မှုဇုန်ပြယုဂ်များကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ထံပြသရန် အခွင့်အလမ်းနည်းပါးလျှက်ရှိပါသည်။ သို့ပါ၍ အစိုးရအနေဖြင့် စက်မှုဇုန် ဥပဒေပါအချက် အလက်များကို လိုက်နာကျင့်သုံး၍ နောင်တွင်ဆောင်ရွက်မည့် စက်မှုလုပ်ငန်းကြီးများကို စက်မှုဇုန်အတွင်း ဝင်ရောက်လာအောင် မူဝါဒများချမှတ်သင့်ပါသည်။ မွန်ပြည်နယ်အတွင်း ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်များ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုအစိုးရနှင့် ပူးပေါင်း၍ JV စနစ်ဖြင့်သော်လည်းကောင်း BOT စနစ်သော်လည်းကောင်း ဆောင်ရွက်သွားရန်ဖိတ်ခေါ်သင့်ပါသည်။

မွန်ပြည်နယ်၏ ပထဝီဝင်အနေအထားနှင့် one region one produt မူဝါဒအရ နိုင်ငံတော်အစိုးရမှ အားပေးသော ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကို မြန်မာနိုင်ငံသား/ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်သင့်ပါသည်။ မွန်ပြည်နယ်သည် ပင်လယ်ကမ်းရိုးတန်းနှင့် ထိစပ်မှုရှိနေခြင်း၊ ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ဒါနန်းဒေသမှတဆင့် လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံကိုဖြတ်သန်းကာ ရန်ကုန်မြို့နှင့် သီလဝါအထူးစီးပွားရေးဇုန် အထိ မဟာမဲခေါင်ဒေသကို ချိတ်ဆက်ပေးထားသည့် အရှေ့အနောက် စီးပွားရေး စင်္ကြံလမ်းကြီးပေါ်တွင် တည်ရှိနေခြင်းများကြောင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ အနာဂတ်တွင် ဝင်ရောက်နိုင်ပါကြောင်း သုံးသပ်တွေ့ရှိရမည်ဖြစ်ပါသည်။

မွန်ပြည်နယ်အတွင်း သာမက မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန်အတွက် နိုင်ငံအတွင်း တည်ငြိမ်မှုသည် လွန်စွာအရေးပါလှသည်။ ပွင့်လင်းမြင်သာမှုရှိသော ဈေးကွက်စီးပွားရေးစနစ်ဖြင့် ကဏ္ဍအလိုက်မှ နိုင်ငံ့ဝန်ထမ်းများသည် Performance ကောင်းများရှိသော Corporate – Governance စနစ်တစ်ခု တည်ဆောက်နိုင်ပါက ရင်းနှီး မြှုပ်နှံမှုကဏ္ဍတွင်သာမက အခြားသော ကဏ္ဍများတွင်လည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။

မင်းခိုင်မြဲ(ရာမညမြေ)
စည်သူစိုးမြင့်၊လက်ထောက်ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## ကမ္ဘာ့ပထဝီစီးပွားရေး အလှည့်အပြောင်းနှင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာသစ်

### ၁။ နိဒါန်း - ဂလိုဘယ်လိုက်ဖေးရှင်း၏ နေဝင်ချိန်နှင့် ခေတ်သစ် ပထဝီစီးပွားရေး၏အစ

လွန်ခဲ့သော ဆယ်စုနှစ်သုံးခုခန့်က ကမ္ဘာကြီးသည် "ကမ္ဘာ့ရွာ (Global Village)" ဟူသော အယူအဆဖြင့် နယ်နိမိတ်မဲ့ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ရေ့ရှုခဲ့ကြသည်။ စစ်အေးကာလ ပြီးဆုံးပြီးနောက် နိုင်ငံရေးအယူဝါဒများထက် စီးပွားရေးအကျိုးအမြတ်ကို ဦးစားပေးသည့် ဂလိုဘယ်လိုက်ဖေးရှင်း ရေစီးကြောင်းသည် ကမ္ဘာ့နိုင်ငံအသီးသီးကို အပြန်အလှန် မှီခိုအားထားမှုဖြင့် ချိတ်ဆက်ပေးခဲ့သည်။ သို့သော် ၂၀၂၀ ပြည့်လွန်နှစ်များ၏ ကမ္ဘာ့စီးပွားရေး အခင်းအကျင်းသည် ထိုအခြေအနေနှင့် လုံးဝကွဲပြားခြားနားသွားပြီဖြစ်သည်။ ယနေ့ခေတ်သည်ပြန်လည်ပေါ်ပေါက်လာသော အင်အားကြီးနိုင်ငံကြီးများ၏ အားပြိုင်မှု (Great Power Competition)ကြောင့် နိုင်ငံတကာစီးပွားရေးစနစ်သည် ကြီးမားသော အက်ကြောင်းများဖြစ်ပေါ်လျက်ရှိသည်။ သမိုင်းဘီးသည် တစ်ပတ်ပြန်လည်လာပြီး ပထဝီ နိုင်ငံရေးနှင့် အမျိုးသားလုံခြုံရေးသည် စီးပွားရေးဆုံးဖြတ်ချက်များကို လွှမ်းမိုးချုပ်ကိုင်လာသည့် ခေတ်သစ်တစ်ခုသို့ ကျွန်ုပ်တို့ ရောက်ရှိနေပြီဖြစ်သည်။ လွန်ခဲ့သောဆယ်စုနှစ်များက ကမ္ဘာ့စီးပွားရေးကို 'စွမ်းဆောင်ရည် (Efficiency)' က မောင်းနှင်ခဲ့သော်လည်း ယနေ့ခေတ်သစ်တွင်မူ 'လုံခြုံစိတ်ချရမှု (Security)' နှင့် 'မဟာဗျူဟာ (Strategy)' တို့က အစားထိုး နေရာယူလာပြီဖြစ်သည်။ ဤသည်မှာ ဂလိုဘယ်လိုက်ဖေးရှင်း၏ နေဝင်ချိန်ဖြစ်ပြီး၊ ပထဝီစီးပွားရေး ခေတ်သစ်တစ်ခု၏ အရုဏ်ဦးလည်း ဖြစ်ပေသည်။

အထူးသဖြင့် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ဖြစ်ပေါ်နေသော မဟာဗျူဟာမြောက်ပြိုင်ဆိုင်မှုသည်ကမ္ဘာကြီးကိုအုပ်စုနှစ်ခုအဖြစ်၏ဆွဲအားပြင်းထန်စွာဆွဲဆောင်နေသည့်"Bipolarity" (ဝင်ရိုးစွန်းနှစ်ခုအားပြိုင်မှု)ကို ဖြစ်စေခဲ့ပြီး၊ တစ်ချိန်တည်းမှာပင် အိန္ဒိယ၊ ရုရှား၊ ဘရာဇီး၊ အာဆီယံနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများ၏ အခန်းကဏ္ဍ မြင့်တက်လာမှုက "Multipolarity" (ဝင်ရိုးစွန်းများစွာ ပါဝင်သည့်စနစ်) ဆီသို့ တွန်းပို့နေသည်။ ဤအခြေအနေသည် ကမ္ဘာ့နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု စီးဆင်းပုံကို အခြေခံကျကျ ပြောင်းလဲစေခဲ့သည်။ ကမ္ဘာ့စီးပွားရေးသည် ယခင်ကကဲ့သို့ တစ်သားတည်း မဟုတ်တော့ဘဲ ဒေသအလိုက်၊ မဟာမိတ်အဖွဲ့အလိုက် အကွဲကွဲအပြားပြား (Fragmentation) ဖြစ်ပေါ်လာသည်။ မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဤအပြောင်းအလဲသည် ကြီးမားသော စိန်ခေါ်မှုများကို ယူဆောင်လာသကဲ့သို့ မကြုံစဖူးသော အခွင့်အလမ်းများကိုလည်း ဖန်တီးပေးလျက်ရှိသည်။

### ၂။ ကမ္ဘာ့စီးပွားရေး အခင်းအကျင်းသစ် - "စွမ်းဆောင်ရည်" မှ "လုံခြုံရေး" သို့

ယခင်က နိုင်ငံတကာ ကုမ္ပဏီကြီးများသည် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရာတွင် "ကုန်ကျ စရိတ် အသက်သာဆုံးနေရာ (Lowest Cost)" နှင့် "စွမ်းဆောင်ရည် အမြင့်ဆုံးနေရာ (Highest Efficiency)"ကိုသာ အဓိကထား ရွေးချယ်ခဲ့ကြသည်။ ကုန်ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်ခုလုံးကို "အချိန်ကိုက်စနစ် (Just-in-Time)" ဖြင့် လည်ပတ်စေခဲ့ပြီး ကုန်ကျစရိတ် လျှော့ချရေးသည်သာ ပဓာနဖြစ်ခဲ့သည်။ သို့သော် ကိုဗစ်-၁၉ ကပ်ရောဂါ၊ ယူကရိန်းပဋိပက္ခနှင့် အရှေ့အလယ်ပိုင်း မတည်ငြိမ်မှုများ ဖြစ်ပွားပြီးနောက်တွင် ရင်းနှီးမြှုပ်နှံမှုယုတ္တိဗေဒ (Investment Logic) သည် ပြောင်းလဲသွားခဲ့သည်။ ယခုအခါ ရင်းနှီးမြှုပ်နှံသူများသည် အကျိုးအမြတ်သက်သက်ထက် "လုံခြုံစိတ်ချရမှု (Resilience & Security)" ကို ပိုမို ဦးစားပေးလာကြသည်။ ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်များ ပြတ်တောက်နိုင်ခြေကို တွက်ချက်ပြီး "Just-in-Case" ဟူသော ကြိုတင်ပြင်ဆင်မှုများဖြင့် မဟာဗျူဟာများ ရေးဆွဲလာကြသည်။

ဤပြောင်းလဲမှု၏ အဓိက မောင်းနှင်အားမှာ အနောက်အုပ်စုနိုင်ငံများက ကျင့်သုံးလာသော "De-risking" မူဝါဒဖြစ်သည်။ ၎င်းသည် တရုတ်နိုင်ငံအပေါ် စီးပွားရေး

အရ အလွန်အကျွံ မှီခိုနေရခြင်းကို လျှော့ချရန် ကြိုးပမ်းခြင်းဖြစ်ပြီး အရေးကြီးသော နည်းပညာ၊ ဆေးဝါးနှင့် စွမ်းအင်ကဏ္ဍများတွင် ထောက်ပံ့မှုလမ်းကြောင်းများကို မတူညီသော နိုင်ငံများသို့ ခွဲဝေထားရှိခြင်း ဖြစ်သည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသူများသည် ယခုအခါ နိုင်ငံရေးအရ ဆက်ဆံရေး ကောင်းမွန်သော မိတ်ဖက်နိုင်ငံများ (Friend-shoring) သို့မဟုတ် မိမိနိုင်ငံနှင့် နီးစပ်သော ဒေသများ (Near-shoring)သို့ ရင်းနှီးမြှုပ်နှံမှုများ ရွှေ့ပြောင်းလာကြသည်။ ဤဖြစ်စဉ်သည် အာဆီယံ ဒေသတွင်း နိုင်ငံများအတွက် အခွင့်အလမ်းတစ်ရပ် ဖြစ်လာသော်လည်း နိုင်ငံရေးတည်ငြိမ်မှုနှင့် နိုင်ငံတကာ ဆက်ဆံရေး ကောင်းမွန်မှုသည် ရင်းနှီးမြှုပ်နှံမှုဆွဲဆောင် ရာတွင် အဓိကသော့ချက် ဖြစ်လာသည်။ ရင်းနှီးမြှုပ်နှံ သူများသည် နိုင်ငံတစ်ခု၏ လုပ်သားစရိတ်သက်သာ ရုံမျှဖြင့် မလုံလောက်တော့ဘဲ၊ ထိုနိုင်ငံသည် ပထဝီနိုင်ငံရေး ပဋိပက္ခများကြားတွင် မည်မျှကြံ့ကြံ့ခံနိုင်သလဲ၊ နိုင်ငံတကာ ပိတ်ဆို့မှုများ၏ ဂယက်ရိုက်ခတ်မှု ရှိနိုင်သလား ဆိုသည့် အချက်များကိုပါ ထည့်သွင်းစဉ်းစားလာကြပြီ ဖြစ်သည်။

## ၃။ Bipolarity နှင့် Multipolarity ကြားမှ ပထဝီ စီးပွားရေး စိန်ခေါ်မှုများ

ကမ္ဘာ့ဝင်ရိုးစွန်း ပြောင်းလဲမှုသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်အပေါ် တိုက်ရိုက်သက်ရောက်မှုရှိသော စိန်ခေါ်မှုများကို ဖြစ်ပေါ်စေသည်။ အထင်ရှားဆုံး စိန်ခေါ်မှုမှာ အမေရိကန်ဒေါ်လာအခြေပြု ငွေကြေးစနစ်နှင့် ငွေပေးချေမှု အခက်အခဲများဖြစ်သည်။ အမေရိကန်ဒေါ်လာသည် ကမ္ဘာ့အရံငွေကြေးအဖြစ် ဆက်လက် ရပ်တည်နေသော်လည်း၊ ပထဝီနိုင်ငံရေးပဋိပက္ခများကြောင့် ဘဏ္ဍာရေး ဆိုင်ရာကိရိယာများကို မဟာဗျူဟာမြောက် အသုံးချလာကြသည်။ ဤကဲ့သို့ငွေကြေးစနစ်ကို လက်နက်သဖွယ် အသုံးချလာခြင်း (Weaponization of Finance) ကြောင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအချို့သည် နိုင်ငံခြား ငွေကြေးစီမံခန့်ခွဲမှုတွင် အခက်အခဲများ ကြုံတွေ့နေရသည်။ ရင်းနှီးမြှုပ်နှံသူများအတွက် အမြတ်ငွေ ပြန်လည် လွှဲပြောင်းခြင်း (Repatriation of Profits)နှင့် သွင်းကုန်များအတွက် ငွေပေးချေခြင်းတို့တွင် အတားအဆီးများ ရှိနေခြင်းသည် FDI ဝင်ရောက်မှုကို ဟန့်တားစေသော အဓိကအချက် တစ်ချက် ဖြစ်လာသည်။

ထို့ပြင် အနောက်အုပ်စု၏ ပစ်မှတ်ထား ပိတ်ဆို့မှုများသည် မြန်မာနိုင်ငံနှင့် စီးပွားရေး လုပ်ကိုင်လိုသော နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများကို တွန့်ဆုတ်စေသည်။ အထူးသဖြင့် ဘဏ်လုပ်ငန်း၊ စွမ်းအင်နှင့် အာမခံလုပ်ငန်းများတွင် နိုင်ငံတကာ ဘဏ်ကြီးများသည် "Over-compliance" (ပိတ်ဆို့မှုထက် ပိုလွန်၍ ရှောင်ရှားခြင်း) ပြုလုပ်လာကြသဖြင့် တရားဝင် စီးပွားရေးလုပ်ငန်းများပါ ထိခိုက်မှုရှိနေသည်။ နောက်ထပ် ကြီးမားသော စိန်ခေါ်မှုမှာ နည်းပညာ ကန့်သတ်ချက်များဖြစ်သည်။ Bipolarity ၏ အဓိကစစ်မျက်နှာသည် နည်းပညာစစ်ပွဲ (Tech War) ဖြစ်လာရာ တစ်ပိုင်းလျှပ်ကူးပစ္စည်း (Semiconductors) နှင့် AI နည်းပညာဆိုင်ရာ ကန့်သတ်ချက်များသည် ဖွံ့ဖြိုးဆဲ နိုင်ငံများသို့ နည်းပညာလွှဲပြောင်းရယူခြင်း (Technology Transfer)ကို နှေးကွေးစေနိုင်သည်။ နိုင်ငံကြီးများသည် အမျိုးသား လုံခြုံရေးကို အကြောင်းပြကာ အဆင့်မြင့် နည်းပညာ ရင်းနှီးမြှုပ်နှံမှုများကို တင်းကြပ်စွာ စိစစ်လာကြသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ခေတ်မီနည်းပညာများရရှိရန် ပိုမိုခက်ခဲ လာနိုင်ပါသည်။

## ၄။ Multipolarity ခေတ်သစ်၏ ရင်းနှီးမြှုပ်နှံမှုအခွင့် အလမ်းများ

အထက်ပါ စိန်ခေါ်မှုများ ရှိနေသော်လည်း၊ ကမ္ဘာကြီးသည် ဝင်ရိုးစွန်းများစွာ ကွဲပြားသွားခြင်း (Fragmentation) သည် မြန်မာနိုင်ငံအတွက် ရွေးချယ်စရာ လမ်းကြောင်းသစ်များကိုပွင့်စေသည်။ တစ်ဖက်သတ် ဖိအားပေးမှုများကို လျှော့ချနိုင်ပြီး၊ မတူညီသောအုပ်စုများ ထံမှ အကျိုးစီးပွားကို ရယူနိုင်သည့် အခွင့်အလမ်းများ ရှိနေသည်။ ကမ္ဘာ့စီးပွားရေး အကွဲကွဲအပြားပြား ဖြစ်နေချိန်တွင် ဒေသတွင်းစီးပွားရေးပေါင်းစည်းမှု (Regional Integration)သည် အားကိုးစရာ ဖြစ်လာသည်။ မြန်မာနိုင်ငံပါဝင် လက်မှတ်ရေးထိုးထားသော RCEP (Regional Comprehensive Economic Partnership) သည် တရုတ်၊ ဂျပန်၊

ကိုရီးယား၊ သြစတြေးလျ၊ နယူးဇီလန်နှင့် အာဆီယံနိုင်ငံများ ပါဝင်သည့် ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်မှုဒေသဖြစ်သည်။ အနောက်နိုင်ငံများ၏ ဈေးကွက်ကို အပြည့်အဝ အားကိုးမရတော့သည့် အခြေ အနေတွင် RCEP ဈေးကွက်သည် မြန်မာ့ပို့ကုန်များနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် အလွန်အရေးပါသော ထွက်ပေါက်ဖြစ်လာသည်။

ထို့ပြင် ကမ္ဘာ့ကုမ္ပဏီများသည် တရုတ်တစ်နိုင်ငံတည်းတွင် စုပြုံ ရင်းနှီးမြှုပ်နှံခြင်း မပြုတော့ဘဲ အခြားနိုင်ငံ တစ်ခုတွင်ပါ တွဲဖက်လုပ်ကိုင်သည့် "China Plus One" မဟာဗျူဟာကို ကျင့်သုံးနေကြသည်။ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေပြီး အိန္ဒိယသမုဒ္ဒရာသို့ ထွက်ပေါက်ရှိသောကြောင့် တရုတ်နိုင်ငံအနောက်ဘက်ခြမ်း ပြည်နယ်များအတွက် မဟာ ဗျူဟာမြောက် ထောက်ပံ့ ပို့ဆောင်ရေးလမ်းကြောင်း (Logistics Corridor) ဖြစ်လာနိုင်သည်။ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်စီမံ ကိန်းများသည် ဤမဟာဗျူဟာ၏ အဓိကဝင်ပေါက်များ ဖြစ်သည်။ ထို့ပြင် Multipolarity ခေတ်တွင် စွမ်းအင်လုံခြုံရေး (Energy Security)သည် နိုင်ငံတိုင်း၏ ဦးစားပေးဖြစ်လာရာ လျှပ်စစ်ကား(EV)နှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် နည်းပညာများအတွက် မရှိမဖြစ် လိုအပ်သော ရှားပါးသတ္တုများ မြန်မာနိုင်ငံတွင် ထွက်ရှိခြင်းသည် ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်နိုင်သည့် အားသာချက်တစ်ခု ဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်ဝါဒ (Act East Policy) တွင်လည်း မြန်မာနိုင်ငံသည် အဓိကတံတားသဖွယ် တည်ရှိနေပြီး ကုလားတန် ဘက်စုံသုံး သယ်ယူပို့ဆောင်ရေး စီမံကိန်းကဲ့သို့သော အခြေခံ အဆောက်အအုံများသည် ဒေသတွင်းကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အရေးပါသောမောင်းနှင်အားများ ဖြစ်လာမည်ဖြစ်သည်။

### ၅။ ဥပဒေရေးရာ ရှုထောင့် - နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ (International Investment Agreements - IIAs) ပြုပြင်ပြောင်းလဲရေး

ကမ္ဘာ့စီးပွားရေး အပြောင်းအလဲနှင့် အတူ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေဘောင်များသည်လည်း ပြောင်းလဲရန်လိုအပ်လာသည်။ ယခင်က ချုပ်ဆိုခဲ့သော နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် ကာကွယ်ရေးစာချုပ်များ (Bilateral Investment Treaties - BITs) သည် ရင်းနှီးမြှုပ်နှံသူကို အကာအကွယ်ပေးရန် (Investor Protection) ကိုသာ အလွန်အကျွံ ဦးစားပေးခဲ့သည်။ ယခုအခါတွင်မူ နိုင်ငံတော်၏ "စည်းကမ်းသတ်မှတ်ပိုင်ခွင့် (Right to Regulate)" ကို ထည့်သွင်းစဉ်းစားသည့် မျိုးဆက်သစ် စာချုပ်များ (New Generation IIAs) လိုအပ်လာသည်။ အထူးသဖြင့် ပြည်သူ့ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အမျိုးသားလုံခြုံရေးအတွက် လိုအပ်ပါက နိုင်ငံတော်မှ ဥပဒေ စည်းမျဉ်းများ ထုတ်ပြန်ခွင့်ကို စာချုပ်များတွင် ထည့်သွင်း ချုပ်ဆိုသင့်သည်။




ရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံတော်အကြား အငြင်းပွားမှု ဖြေရှင်းခြင်း (Investor-State Dispute Settlement - ISDS) ယန္တရားများကိုလည်း ပြန်လည်သုံးသပ်ရန် လိုအပ်သည်။ နိုင်ငံတကာ အတွေ့အကြုံများအရ နိုင်ငံတော်မှ လျော်ကြေးငွေ အများအပြား ပေးလျော်ရသည့် အမှုများ များပြားလာသည်။ သို့ဖြစ်၍ အငြင်းပွားမှုများကို နိုင်ငံတကာ ခုံသမာဓိအဖွဲ့ (Arbitration) သို့ မရောက်မီ ကြိုတင်ကာကွယ်ခြင်း (Dispute Prevention) နှင့် အစားထိုး ဖြေရှင်းနည်းများ (Alternative Dispute Resolution - ADR) ကို အားပေးသော မူဝါဒများကို ကျင့်သုံးသင့်သည်။ ဤသည်မှာ ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်မပေးခြင်း မဟုတ်ဘဲ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ရင်းနှီးမြှုပ်နှံသူ၏ အခွင့်အရေးကို မျှတ

အောင် ထိန်းညှိခြင်းဖြစ်သည်။ ခေတ်သစ် IIAs များသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုသာမက ရေရှည်တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) ကိုပါ ဦးတည်ရမည် ဖြစ်သည်။

### ၆။ ရှေ့ဆက်ဆောင်ရွက်သင့်သည့် မဟာဗျူဟာများ

လက်ရှိ မတည်ငြိမ်သော ကမ္ဘာ့အခြေအနေတွင် မြန်မာ နိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ထိန်းသိမ်းရန် နှင့် အသစ်ဆွဲဆောင်ရန် ဘက်စုံထောင့်စုံမှ ချဉ်းကပ်သော မဟာဗျူဟာများကို ချမှတ်ဆောင်ရွက်သင့်သည်။ ပထမ ဦးစွာ ရင်းနှီးမြှုပ်နှံမှု ကွဲပြားစုံလင်စေခြင်း (Diversification Strategy)ကို ကျင့်သုံးရမည်။ အနောက်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုကိုသာ မျှော်ကိုးခြင်းမပြုဘဲ အာရှဒေသ တွင်းနိုင်ငံများ၊ ပင်လယ်ကွေ့နိုင်ငံများ (GCC) နှင့် ရုရှား ကဲ့သို့သော ဈေးကွက်သစ်များကို ရှာဖွေရမည်။ ဥပမာ အားဖြင့် ရုရှားနိုင်ငံနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင် ရွက်မှု၊ ဆော်ဒီအာရေဗျနှင့် ခရီးသွားလုပ်ငန်း ရင်းနှီး မြှုပ်နှံမှုများကို တိုးမြှင့်သင့်သည်။ ဒုတိယအနေဖြင့် ဒေါ်လာ ငွေကြေးအခက်အခဲကို ကျော်လွှားရန် နယ်စပ် ကုန်သွယ် ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် ဒေသတွင်းငွေကြေးများ ဖြစ်သော ယွမ်၊ ဘတ်၊ ရူပီးတို့ဖြင့် တိုက်ရိုက်ပေးချေမှု စနစ်များကို ယခုထက် ပိုမိုတွင်ကျယ်စွာ အသုံးပြုနိုင်ရန် ဘဏ်လုပ်ငန်းချင်း ချိတ်ဆက်မှုများကို အားပေးရမည်။

ထို့ပြင် ကုန်ကြမ်းများကို တိုက်ရိုက်တင်ပို့ခြင်း အစား ပြည်တွင်း၌ တန်ဖိုးမြှင့်ထုတ်လုပ် နိုင်သည့် ရင်းနှီး မြှုပ်နှံမှုများကို ဦးစားပေးခွင့်ပြုသင့်သည်။ စိုက်ပျိုးရေး ထွက်ကုန်များကို ပြည်ပသို့ တင်ပို့မည့်အစား စည်သွပ်ဗူး စက်ရုံများ၊ အသင့်စား စားသောက်ကုန် စက်ရုံများ တည်ထောင်ခြင်းဖြင့် အလုပ်အကိုင် ဖန်တီးပေးရမည်။ ထို့အပြင် မဟာဗျူဟာမြောက် အလွန်အရေးကြီးသော နောက်ထပ်အချက်တစ်ခုမှာ 'လက်ရှိရင်းနှီးမြှုပ်နှံမှုများကို ထိန်းသိမ်းခြင်း (Investment Retention)' ဖြစ်သည်။ ကမ္ဘာ့စီးပွားရေး ကွဲပြားမှုများ (Fragmentation) နှင့် နိုင်ငံတကာ ဖိအားများကြောင့် ရင်းနှီးမြှုပ်နှံမှုအသစ် ဖိတ်ခေါ်ရန် ခက်ခဲနေချိန်တွင် လက်ရှိ ရောက်ရှိပြီးသား ရင်းနှီးမြှုပ်နှံသူများ (Existing Investors) ပြည်ပသို့ ထွက်ခွာမသွားစေရေးသည် နိုင်ငံ၏ စီးပွားရေး ရှင်သန် ရပ်တည်နိုင်မှုအတွက် အသက်သွေးကြောဖြစ်သည်။ လက်ရှိ ရင်းနှီးမြှုပ်နှံသူများသည် နိုင်ငံ၏ စီးပွားရေးအခြေ အနေ မှန်ကို ကမ္ဘာက သိအောင် ပြောပြနိုင်သော 'အကောင်းဆုံး သံတမန်များ (Best Ambassadors)' ဖြစ်ကြသည်။ ၎င်းတို့ လုပ်ငန်း လည်ပတ်ရာတွင် ကြုံတွေ့နေရသော အခက် အခဲများ (ဥပမာ- ကုန်ကြမ်းတင်သွင်းခွင့်၊ ဗီဇာကိစ္စ၊ လျှပ်စစ်မီး)ကို 'ရင်းနှီးမြှုပ်နှံမှုဝန်ဆောင်မှုစင်တာများ' မှ တစ်ဆင့် ထိရောက်မြန်ဆန်စွာ ဖြေရှင်းပေးခြင်း (Aftercare Services) သည် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို တည်ဆောက်ရာရောက်ပြီး ယင်းယုံကြည်မှုမှ တဆင့် ရင်းနှီးမြှုပ်နှံမှု တိုးချဲ့ခြင်း (Re-investment)ကိုပါ မျှော်မှန်း နိုင်မည် ဖြစ်သည်။ ဤလုပ်ငန်းစဉ်များ ချောမွေ့စေရန် အတွက် အစိုးရဌာနများ၏ လုပ်ထုံးလုပ်နည်းများ ကြန့်ကြာ မှုကို လျှော့ချရန် ဒစ်ဂျစ်တယ်စနစ် (e-Government) ကို အရှိန်အဟုန်ဖြင့် ထိထိရောက်ရောက် အကောင်အထည် ဖော်ရမည်။ DICA ၏ MyCO စနစ် ကဲ့သို့သော အောင်မြင်မှု များကို အခြားသော လိုင်စင်ထုတ်ပေးသည့် ဌာနများတွင်ပါ တိုးချဲ့ကျင့်သုံးခြင်းဖြင့် ရင်းနှီးမြှုပ်နှံ သူများအတွက် လုပ်သာ ကိုင်သာရှိသော ဝန်းကျင်တစ်ခုကို ဖန်တီးပေး ရမည်ဖြစ်သည်။

### ၇။ နိဂုံး

ကမ္ဘာကြီးသည် ဝင်ရိုးစွန်းနှစ်ခု အားပြိုင်မှု (Bipolarity) မှသည် ရှုပ်ထွေးနက်နဲသော ဝင်ရိုးစွန်းများစွာ (Multipolarity) ဆီသို့ ကူးပြောင်းနေပြီ ဖြစ်သည်။ ဤ အပြောင်းအလဲသည် မှန်တိုင်းထန်သော ပင်လယ်ပြင်နှင့် တူသော်လည်း၊ ကျွမ်းကျင်သော ရေကြောင်းပြ တစ်ဦး အတွက်မူ ထိုမုန်တိုင်းလေကိုပင် အားပြု၍ မိမိလိုရာခရီးသို့ လျင်မြန်စွာ ရောက်ရှိ စေမည့်တွန်းအား ဖြစ်လာနိုင်သည်။ မြန်မာနိုင်ငံအနေဖြင့် မိမိ၏ပထဝီနိုင်ငံရေး အားသာချက် (Geopolitical Advantage) ကို စီးပွားရေး အားသာချက် (Geoeconomic Gain)အဖြစ် ပြောင်းလဲနိုင်စွမ်း ရှိရမည်။ ယင်းသို့ ပြုလုပ်ရန်အတွက် လိုက်လျော ညီထွေရှိသော

မူဝါဒများ၊ ခေတ်မီသော ဥပဒေဘောင်များနှင့် နိုင်ငံတကာအသိုင်းအဝိုင်း (အထူးသဖြင့် ဒေသတွင်း မိတ်ဖက်များ)နှင့် ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ပါသည်။ မိမိဌာန၏ ဦးဆောင်မှုဖြင့် ပုဂ္ဂလိကကဏ္ဍနှင့် လက်တွဲကာ ဤစိန်ခေါ်မှုများကို အခွင့်အလမ်းအဖြစ် ပြောင်းလဲနိုင်ပါက မြန်မာနိုင်ငံ၏ စီးပွားရေး အနာဂတ်သည် အားတက်ဖွယ်ရာ ဖြစ်လာမည်ဟု ယုံကြည်ပါသည်။


### ရည်ညွှန်းကိုးကားစာရင်း

၁။ Aiyar, S., et al. (2023). *Geoeconomic fragmentation and the future of multilateralism* (Staff Discussion Note No. 2023/001). International Monetary Fund.

၂။ Petri, P. A., & Plummer, M. (2020, November 16). *RCEP: A new trade agreement that will shape global economics and politics.* Brookings. United Nations Conference on Trade and Development. (2023).

၃။ United Nations Conference on Trade and Development. (2015). *Investment policy framework for sustainable development: 2015* edition (UNCTAD/DIAE/PCB/2015/5).

၄။ United Nations Conference on Trade and Development. (2023). *World investment report 2023: Investing in sustainable energy for all* (UNCTAD/WIR/2023). United Nations.


၅။ World Trade Organization. (2023). *World trade report 2023: Re-globalization for a secure, inclusive and sustainable future.*


ဖြူနှင်းဝတ်ရည်

## AI နည်းပညာအတွက်လိုအပ်ချက်များကြောင့် RAM စျေးနှုန်းများမြင့်တက်လာမှုနှင့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများ

### နိဒါန်း

ယနေ့ခေတ်တွင် ဉာဏ်ရည်တုနည်းပညာ(Artificial Intelligence-AI)သည် ကမ္ဘာ့စီးပွားရေး ကဏ္ဍနှင့် နည်းပညာကဏ္ဍတို့ကို လွှမ်းမိုးထားရာ ၎င်း၏နောက်ဆက်တွဲ အနေဖြင့် ကွန်ပျူတာ၊ ဖုန်းနှင့် Tablet များ၏ အဓိကအစိတ်အပိုင်းဖြစ်သော Random Access Memory (RAM) စျေးနှုန်းများမှာ မကြုံစဖူးမြင့်တက်လျက်ရှိပါသည်။ AI Data Centre





များ၏ မြင့်မားသော လိုအပ်ချက်များကြောင့် ထုတ်လုပ်သူများအနေဖြင့် သုံးစွဲသူစျေးကွက်ထက် AI ကဏ္ဍကို ပိုမိုဦးစား ပေးလာကြခြင်းက ဤအကျပ်အတည်း ဖြစ်ပေါ်လာရခြင်း၏ အဓိကအကြောင်းရင်း ဖြစ်ပါသည်။

### HBM ထုတ်လုပ်နိုင်မှုနှုန်းနှင့် RAM စျေးနှုန်း အကျပ်အတည်း

RAM ထုတ်လုပ်မှု လောကတွင် High-Bandwidth Memory (HBM) သည် ယခုအခါ အရေးပါဆုံးအစိတ်အပိုင်းဖြစ်လာခဲ့ပြီဖြစ်ပါသည်။ HBM ဆိုသည်မှာ Nvidia GPU များကဲ့သို့ သော AI chip များအတွက် သီးသန့်ထုတ်လုပ်ထားသည့် မြန်နှုန်းမြင့် RAM အမျိုးအစားဖြစ် သည်။ ၎င်းကိုထုတ်လုပ်ရာတွင် Memory အလွှာပေါင်း ၁၂ လွှာမှ ၁၆ လွှာအထိ Cube ပုံစံဖြင့် ထပ်ဆင့်တည်ဆောက်ရပြီး ထုတ်လုပ်မှုလုပ်ငန်းစဉ်မှာ အလွန်ရှုပ်ထွေးပါသည်။ ယခု နောက်ပိုင်းတွင် RAM အဓိကထုတ်လုပ်သူများဖြစ်သော Micron, Samsung နှင့် SK Hynix တို့သည် HBM ထုတ်လုပ်မှုအပေါ် ပိုမိုအာရုံစိုက်လာကြပါသည်။ "3-to-1 Basis" ဟုခေါ်သော

အချိုးအစားအရ HBM memory ၁ ခု ထုတ်လုပ်ရန် အတွက် သာမန် RAM ၃ ခုစာ ထုတ်လုပ်နိုင်သည့် အရင်း အမြစ်များကို အသုံးပြုရသောကြောင့် ပုံမှန်သုံးစွဲသူများ အတွက် DDR4 နှင့် DDR5 RAM ထုတ်လုပ်မှုများလျော့ကျ သွားပြီး ဈေးနှုန်းများမှာ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ တွင် ဒေါ်လာ ၁၃၀ သာရှိရာမှ ယခုအခါတွင် ဒေါ်လာ ၄၀၀ ဝန်းကျင်အထိ မြင့်တက်လာခဲ့ရ ခြင်းဖြစ်ပါသည်။




### “Memory Wall” ပြဿနာနှင့် နည်းပညာပိုင်း ဆိုင်ရာ စိန်ခေါ်မှုများ

ယခင် AI စနစ်များသည် လက်ရှိရေပန်း စားလျက်ရှိသည့် Large Language Model (LLM) များ ထက် Memory သုံးစွဲမှုပိုမိုနည်းပါးသော ပုံစံခွဲခြမ်းစိတ်ဖြာ သည့် ကွန်ရက်များအတွက် ဖန်တီးခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ AI နည်းပညာတိုးတက်မှုအတွက် အဓိကအဟန့် အတားဖြစ်နေသည်မှာ AI chip (GPU) များတစ်နှစ်ထက် တစ်နှစ် သိသိသာသာ မြန်ဆန်လာသော်လည်း RAM များ၏ လုပ်ဆောင်နိုင်စွမ်းမှာ ထိုအတိုင်းအတာအထိ လိုက်မီနိုင်စွမ်းမရှိဖြစ် နေသော “Memory Wall” ဟူသည့် ပြဿနာကြောင့်ဖြစ်ပါသည်။ GPU များသည် လုပ်ငန်း ဆောင်တာများကို လျင်မြန်စွာဆောင်ရွက်နိုင်သော်လည်း RAM ဆီမှ data ကူးပြောင်းမှု နှေးကွေးနေသဖြင့် GPU များသည် အလုပ်လုပ်နိုင်ရန် စောင့်ဆိုင်းနေရသည့် အခြေ အနေဖြစ်နေပါသည်။ ဤ “Memory Wall” ပြဿနာကို ကျော်လွှားနိုင်မှသာ AI စနစ်များသည် Context Windows မှတစ်ဆင့် အသုံးပြုသူများနှင့် စကားပြောဆိုမှု များကို ပိုမိုမှတ်မိနိုင်ခြင်းနှင့် ပိုမို ကြီးမားသော AI model များကို တစ်ပြိုင်နက် ကိုင်တွယ်နိုင်ခြင်းတို့ကို လုပ်ဆောင်လာ နိုင်မည်ဖြစ်ပါသည်။

### မျှော်မှန်းချက်

ကျွမ်းကျင်သူများ၏ ခန့်မှန်းချက်အရ ၂၀၂၆ ခုနှစ် တွင် RAM ပြတ်လပ်မှုဒဏ်ကို သုံးစွဲသူများ ပိုမိုခံစား ရနိုင် ဖွယ်ရှိသည်။ အထူးသဖြင့် စမတ်ဖုန်းထုတ်လုပ် သူများ သည် RAM ဈေးနှုန်းကြီးမြင့်မှုများကြောင့် ဖုန်းအသစ် ထုတ်လုပ်မှုများကို လျှော့ချလာနိုင်ပြီး ၂၀၂၆ ခုနှစ် အတွင်း RAM ဈေးနှုန်းမှာ ၅၀% ကျော်အထိ ထပ်မံမြင့်တက်လာ နိုင်သည်ဟု မျှော်မှန်းထားကြ ပါသည်။

### ဆောင်ရွက်ချက်များ

ထိုအခြေအနေများကို ခန့်မှန်းမိ၍ ကုမ္ပဏီကြီး များကနည်းအမျိုးမျိုးဖြင့် အသီးသီး တုံ့ပြန်ဆောင်ရွက် နေကြသည်။ Lenovo ကုမ္ပဏီသည် တစ်ကမ္ဘာလုံးဆိုင်ရာ RAM ပြတ်လပ်မှုကို ကြိုတင်ကာကွယ်ရန် RAM အစိတ် အပိုင်းများကို ကြိုတင်ဝယ်ယူ စုဆောင်းကာ သိုလှောင် လျက်ရှိသည်။ Dell ကုမ္ပဏီအနေဖြင့် ကုန်ပစ္စည်းထုတ် လုပ်မှု ကုန်ကျစရိတ် မြင့်တက်မှုကို ထိန်းညှိရန်အတွက် ၎င်းတို့၏ Laptop ဖွဲ့စည်းတည်ဆောက်ပုံများကို ပြောင်းလဲ ပြင်ဆင်နေပြီး Majestic Labs ကုမ္ပဏီကမူ ကုန်ကျ စရိတ်ကြီးမားသော HBM များအစား သက်သာသော RAM အမျိုးအစားများကိုအသုံးပြု၍ “Memory Wall” ကို ကျော်လွှားနိုင်မည့် နည်းပညာသစ်များကို စမ်းသပ်တီထွင် နေသည်။ ယခုလက်ရှိ AI စနစ်များထက် Memory ပမာဏ အဆ ၁၀၀ ပိုမို များပြားသည့် memory ပမာဏ ၁၂၈ terabytes ရှိသော AI စနစ်ကို အကောင်အထည်ဖော် ဖန်တီးရန် Majestic Labs ကုမ္ပဏီမှကြိုးပမ်းလျက်ရှိသည်။

### အကျိုးကျေးဇူးများ

ယခုအခြေအနေသည် RAM ထုတ်လုပ်သူများ အတွက် သာမက အနာဂတ်တွင် သုံးစွဲသူများအတွက်ပါ ကြီးမားသောအကျိုးအမြတ်များ ဖြစ်ထွန်းစေနိုင်ပါသည်။ ယခုအခါတွင် Samsung ကုမ္ပဏီ၏ Memory ထုတ်လုပ်

ရောင်းချမှုဌာနသည် ၎င်းတို့၏ ဖုန်းရောင်းချမှုများ ထက်ပင် အမြတ်ငွေများ ပိုမိုရရှိ၍ စံချိန်တင်ရောင်းအားများရရှိလျက်ရှိပြီး ပိုမိုအဆင့်မြင့်သည့် Memory နည်းပညာများကြောင့် AI စနစ်များ ပိုမိုမြန်ဆန်လာပါက သုံးစွဲသူများအတွက်လည်း ပိုမိုကောင်းမွန်သော စိတ်ကြိုက်ဝန်ဆောင် မှုများကို ပေးစွမ်းနိုင်လာမည်ဖြစ်ပါသည်။

**ဆက်လက်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ**

ရေရှည် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် RAM ထုတ်လုပ်သူများသည် Memory ထုတ်လုပ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကိုတိုးချဲ့ ဆောက်လုပ်နေကြသည်။ Micron ကုမ္ပဏီသည် ၂၀၂၇ ခုနှစ်နှင့် ၂၀၂၈ ခုနှစ်တို့တွင် စတင်လည်ပတ်မည့် Memory ထုတ်လုပ်မှု စက်ရုံကြီး (Fabs)နှစ်ခုကို အမေရိကန်နိုင်ငံ၌ တည်ဆောက်လျက်ရှိသည်။ ထို့ပြင် RAM ထုတ်လုပ်သူများသည် သုံးစွဲသူများအတွက် DDR4 ထုတ်လုပ်မှုကို လျှော့ချကာ မျိုးဆက်သစ် DDR5 နှင့် AI သီးသန့် HBM တို့ကိုသာ အဓိကထား၍ တိုးမြှင့်ထုတ်လုပ်သွားရန် လုပ်ဆောင်လျက်ရှိပါသည်။

**နိဂုံး**

အချုပ်အားဖြင့်ဆိုရသော် AI ခေတ်၏ လိုအပ်ချက်ကြောင့် RAM သည် ယခင်ကထက် ပိုမိုတန်ဖိုးကြီးမားသော အစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့ပြီဖြစ်သည်။ "Memory Wall" ပြဿနာကို ကျော်လွှားနိုင်ရန် ကြိုးပမ်းနေသည့် နည်းပညာလောကတွင် သုံးစွဲသူများ အနေဖြင့် RAM ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ၂၀၂၆ ခုနှစ်တာ ကာလအတွင်း အနည်းဆုံး ခြောက်လမှ တစ်နှစ်ခန့်အထိ ဆက်လက် ခံစားရနိုင်ဖွယ်ရှိပါသည်။ ထို့ကြောင့် ကွန်ပျူတာနှင့် ဖုန်းအသစ်များဝယ်ယူ ရန်ဆုံးဖြတ်ရာတွင် ဈေးကွက်အခြေအနေကို ဦးစွာစောင့်ကြည့်ရန် လိုအပ်ကြောင်း သုံးသပ်ရပါသည်။

**ရည်ညွှန်းကိုးကားစာရင်း**


၁။ https://www.cbc.ca/news/canada/calgary/ai-driving-up-ram-price-9.7011003

၂။ https://www.cnbc.com/2026/01/10/micron-ai-memory-shortage-hbm-nvidia-samsung. html

၃။ https://nzxt.com/en-intl/blogs/news/why-is-ram-so-expensive-right-now?srsltid=AfmBOorvanhXLE-5rmpp zXMNo4BX1Vl 69a0Q 4p_G5nNgj9aLt83b4tP4




ဦးဇော်နိုင်ဝင်း

ဦးစီးအရာရှိ

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊

စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ




## ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် A I S ကဏ္ဍကြီး ၃ ခု၏ မည်သည့်ကဏ္ဍကြီး၌ အားကောင်းနေသလဲ


တစ်နည်းအားဖြင့် တိုင်းပြည်၏ စုစုပေါင်း ထုတ်ကုန်နှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) တိုးတက်စေရန် ဆောင်ရွက်ကြပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဂျီဒီပီတွင် ပါဝင်သောကဏ္ဍကြီး ၃ ခု ဖြစ်သည့် လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီး (Agriculture, Industry and Services- A.I.S) တို့ တိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ကြပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံပြီး အခြားကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ထုတ်လုပ်မှုကဏ္ဍကို ဦးစွာဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး နောက်ပိုင်းတွင် ဝန်ဆောင်မှုကဏ္ဍက ထုတ်လုပ်မှု ကဏ္ဍကို လွှမ်းမိုးအောင် ဆောင်ရွက်ကြပါသည်။ အဆိုပါဝန်ဆောင်မှုကဏ္ဍသည် ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးမှုမှာ ထုတ်လုပ်မှုကဏ္ဍထက် ပိုမိုများပြား ကြပါသည်။

လယ်ယာကဏ္ဍကြီးကို Primary Sector ဟုလည်းကောင်း၊ ထုတ်လုပ်မှု ကဏ္ဍကြီးကို Secondary Sector ဟုလည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီးကို Tertiary Sector ဟု လည်းကောင်း သတ်မှတ်ဖော်ပြကြပါသည်။ စိုက်ပျိုးရေးကဏ္ဍမှ ထွက်ရှိသော ထုတ်ကုန်များသည် ထုတ်လုပ်မှုကဏ္ဍအတွက် ကုန်ကြမ်းဖြစ်သကဲ့သို့ ထုတ်လုပ်မှု လုပ်ငန်းများ လည်ပတ်နိုင်ရန် ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ သိုလှောင်ရုံဝန်ဆောင်မှုလုပ်ငန်း၊ ICT ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအားကောင်းရန် လိုအပ်သည့်အတွက် A I S ကဏ္ဍကြီး ၃ ခုမှာ တစ်ခုနှင့် ချိတ်ဆက်ဆောင်ရွက်နေကြပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့စည်းမှု ပုံသဏ္ဍာန်မှာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၌ လယ်ယာကဏ္ဍကြီးတွင် ၂၅.၂၈ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၃၆.၁၇ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၃၈.၅၅ ရာခိုင်နှုန်း အသီးသီး ဖြစ်ပေါ်ခဲ့ပါသည်။ ဝန်ဆောင်မှု ကဏ္ဍကြီး၏ ပါဝင်မှုအချိုးမှာ အမြင့်ဆုံး ဖြစ်ကြောင်းတွေ့ရှိရပါသည်။


ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို A I S ခွဲခြားရာတွင် လယ်ယာ၊ သားငါးကဏ္ဍကြီး (Agriculture -A)တွင် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတို့ ပါဝင်ပါသည်။ ထုတ်လုပ်မှု ကဏ္ဍကြီး (Industry-I)တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍနှင့် စက်မှုဇုန်တည်ဆောက်မှုကဏ္ဍတို့ ပါဝင်ပါသည်။ ဝန်ဆောင်မှုကဏ္ဍကြီး (Services-S)တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့ ပါဝင်ပါသည်။

A I S ကဏ္ဍကြီး ၃ ခု အလိုက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုအား ခွဲခြားတင်ပြရာ **ထုတ်လုပ်မှုကဏ္ဍကြီးသည် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၇၄.၉၀ ရာခိုင်နှုန်းဖြင့် အများဆုံးရှိပြီး ဝန်ဆောင်မှု ကဏ္ဍကြီးသည် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၃.၅၇ ရာခိုင်နှုန်းနှင့် လယ်ယာ၊ သားငါးကဏ္ဍသည် ၁.၅၂ ရာခိုင်နှုန်း** ရှိပါသည်။



နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများသည် လယ်ယာ၊ သားငါးကဏ္ဍကြီး၌ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အများဆုံး ဝင်ရောက်ခဲ့ပါသည်။ ထုတ်လုပ်မှုကဏ္ဍကြီးသည် ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်လည်းကောင်း ဝန်ဆောင်မှုကဏ္ဍကြီးသည် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်းကောင်း အများဆုံး ဝင်ရောက်ခဲ့ပါသည်။

A I S ကဏ္ဍကြီး ၃ ခုအလိုက် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုကို လေလာ့ကြည့်ပါက **ထုတ်လုပ်မှု ကဏ္ဍကြီးသည် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၆၁.၈၉ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး ဝန်ဆောင်မှုကဏ္ဍကြီးသည် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၃၅.၄၉ ရာခိုင်နှုန်းနှင့် လယ်ယာ၊ သားငါးကဏ္ဍကြီးသည် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂.၆၂ ရာခိုင်နှုန်း** ရှိပါသည်။




မြန်မာနိုင်ငံသား ရင်းနှီး မြှုပ်နှံမှုများသည် လယ်ယာ၊ သားငါးကဏ္ဍကြီး၌ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ အများဆုံး ဆောင်ရွက်ကြပြီး ထုတ်လုပ်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှု ကဏ္ဍကြီးတို့သည် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံး ဆောင်ရွက်ကြပါသည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အနေဖြင့် **လယ်ယာ၊ သားငါးကဏ္ဍကြီးနှင့်** ၎င်းဆက်စပ်သည့် Supply Chain တစ်ခုလုံးပါ ထည့်သွင်း မည်ဆိုပါက **လုပ်ငန်းပေါင်း ၂၂၅ ခု၊ ပမာဏ အမေရိကန်ဒေါ်လာ ၂,၁၄၀.၀၆၅ သန်း ရှိသည့်အတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂.၉၄ ရာခိုင်နှုန်းရှိပါသည်။** ထို့အတူ မြန်မာနိုင်ငံသားရင်းနှီး မြှုပ်နှံမှုတွင်လည်း **လယ်ယာ၊ သားငါး ကဏ္ဍကြီးနှင့် ၎င်း၏** Suuply Chain တစ်ခုလုံးပါ ထည့်သွင်းမည်ဆိုပါက လုပ်ငန်းပေါင်း **၃၆၃ ခု၊ ပမာဏ ကျပ် ၁,၆၃၁,၄၆၅.၉၆၄ သန်းရှိသည့်အတွက် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ၏ ၆.၂၂ ရာခိုင်နှုန်း** ရှိပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေး ပုံသဏ္ဍာန်သည် ဝန်ဆောင်မှုကဏ္ဍကြီးနှင့် ထုတ်လုပ်မှု ကဏ္ဍကြီးတို့မှာ အားကောင်းပြီးနောက် လယ်ယာ၊ သားငါးကဏ္ဍကြီးမှာ နည်းပါးနေသကဲ့သို့ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမှာလည်း ထုတ်လုပ်မှုကဏ္ဍကြီး (I) နှင့် ဝန်ဆောင်မှုကဏ္ဍကြီး (S) တို့မှာ အားကောင်းနေပြီး လယ်ယာ၊ သားငါးကဏ္ဍကြီး (A) တွင် ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှု နည်းပါးနေသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကို အခြေခံပြီး အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဟု မူဝါဒ၊ လုပ်ငန်းစဉ်များ ချမှတ်ထားသော်လည်း စိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့် ၎င်း၏ Supply Chain တို့၌ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်မှု အားနည်းနေကြောင်း တွေ့ရှိရပါသည်။

စောယုမွန်



## ၂၀၂၆ ခုနှစ် BRICS ၏ အပြောင်းအလဲများ၊ စိန်ခေါ်မှုများနှင့် ကမ္ဘာ့ဘဏ္ဍာရေး အခင်းအကျင်းသစ်


### BRICS ၏ အပြင်းထန်ဆုံး ပထဝီနိုင်ငံရေး အကျပ်အတည်းနှင့် အဖွဲ့တွင်းအက်ကြောင်းများ

၂၀၂၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် အမေရိကန်နှင့် အစ္စရေးတို့ ပူးပေါင်း၍ အီရန်၏ ထိပ်သီးခေါင်းဆောင်ကြီး အယာတိုလာအလီခါမေနီကို လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းသည် အရှေ့အလယ်ပိုင်း ဒေသကို စစ်မီးတောက်လောင်စေခဲ့ပြီး အီရန်ကလည်း အစ္စရေးမြို့များနှင့် အမေရိကန် စစ်အခြေစိုက်စခန်း ၂၇ ခုကို နာရီပိုင်းအတွင်း ဒုံးကျည်များဖြင့် အပြင်းအထန် လက်တုံ့ပြန်တိုက်ခိုက်ခဲ့သည်။ ဤစစ်ရေးပဋိပက္ခကြောင့် ကမ္ဘာ့ရေနံဈေးနှင့် စီးပွားရေးဈေးကွက်များရုတ်ခြည်း လှုပ်ခတ်သွားသော်လည်း အီရန်ကို အမြဲတမ်း အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုထားသည့် BRICS အဖွဲ့မှာမူ ထူးခြားသော တုံ့ပြန်မှုတစ်စုံတစ်ရာ မရှိဘဲ နှုတ်ဆိတ်နေခြင်းကြောင့် ၎င်းတို့အဖွဲ့အစည်း၏ စည်းလုံးညီညွတ်မှုနှင့် စွမ်းဆောင်ရည်အပေါ် ကြီးမားသော မေးခွန်းထုတ်စရာ ဖြစ်လာခဲ့ပါသည်။ အထူးသဖြင့် အဖွဲ့ဝင်နိုင်ငံဖြစ်သည့် ရုရှားက အပြင်းအထန် ကန့်ကွက်ရှုတ်ချနေချိန်တွင် အလှည့်ကျဥက္ကဋ္ဌ အိန္ဒိယက တိုက်ခိုက်မှု မတိုင်မီ နာရီပိုင်းအလိုကမှ အစ္စရေးနှင့် ကာကွယ်ရေးစာချုပ်များ ချုပ်ဆိုခဲ့ခြင်းမှာ BRICS အတွင်းပိုင်း အက်ကြောင်းများကို ပိုမိုထင်ရှားစေခဲ့ပြီး အဖွဲ့ဝင်နိုင်ငံတစ်ခု ဘေးဒုက္ခကြုံတွေ့ချိန်တွင် ကာကွယ်ပေးနိုင်စွမ်းမရှိသည့် BRICS ၏ ပုံရိပ်မှာလည်း သမိုင်းတစ်လျှောက် အဆိုးရွားဆုံး အကျပ်အတည်းနှင့် ရင်ဆိုင်နေရပါသည်။



### အိန္ဒိယ၏ ဦးဆောင်မှုနှင့် အာရှအင်အားကြီးနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု

၂၀၂၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံက BRICS အဖွဲ့၏ အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို စတင်ထမ်း ဆောင်ချိန်၌ တရုတ်နိုင်ငံအနေဖြင့် အိန္ဒိယနှင့် မဟာဗျူဟာမြောက် ထိတွေ့ဆက်ဆံမှုများကို ကြိုတင်လုပ်ဆောင်လာခြင်းမှာ အိန္ဒိယ၏ ပူးပေါင်းပါဝင်မှုမပါဘဲ BRICS အဖွဲ့ မအောင်မြင်နိုင်ကြောင်း တရုတ်က လက်ခံအသိအမှတ်ပြုလာရခြင်းဖြစ်ပါသည်။ အဖွဲ့ဝင်အသစ်များ တိုးချဲ့လာသည့် BRICS အဖွဲ့အတွင်း အိန္ဒိယသည် **"လူသားဗဟိုပြု"** ချဉ်းကပ်မှုဖြင့် ကြံ့ကြံ့ခံနိုင်ရည်ရှိရေးနှင့် ဆန်းသစ်တီထွင်ရေးတို့ကို အလေးပေးဆောင်ရွက်ရန် ပြင်ဆင်နေပြီး အာရှအင်အားကြီးနှစ်နိုင်ငံဖြစ်သော တရုတ်နှင့် အိန္ဒိယတို့သည် ကမ္ဘာ့အင်အားစုပေါင်းစုံ (Multipolar World) ပေါ်ထွန်းရေးအတွက် အပြန်အလှန်ပံ့ပိုးကူညီရန် သဘောတူညီခဲ့ကြသည်။ ထို့ကြောင့် ၂၀၂၆ ခုနှစ် နယူးဒေလီ ထိပ်သီးအစည်းအဝေးသည် BRICS အဖွဲ့၏ အနှစ် ၂၀ သမိုင်းကြောင်းတွင် အရေးပါဆုံးသော အလှည့်အပြောင်းတစ်ခု ဖြစ်လာဖွယ်ရှိနေပါသည်။




### အိန္ဒိယသမုဒ္ဒရာမှ အချက်အခြာ-အနောက်အုပ်စုကို ကျောခိုင်းပြီး BRICS နှင့် ရုရှားဘက်သို့ လှည့်ကြည့်လာသော မာဒါဂတ်စကာ

တစ်ဖက်တွင်လည်း အိန္ဒိယသမုဒ္ဒရာရှိ အချက်အခြာကျသော မာဒါဂတ်စကာနိုင်ငံသည် ဆယ်စုနှစ်များစွာ

ကြာမြင့်ခဲ့သည့် ရုရှားနှင့်ဆက်ဆံရေးကို ပြန်လည် အသက်သွင်းကာ BRICS အဖွဲ့နှင့် ပူးပေါင်းရန် ပြင်ဆင် လာပါသည်။ ကြားဖြတ်သမ္မတ ရန်ဒရီယာနီရီနာသည် ပူတင်နှင့် တွေ့ဆုံကာ ရုရှား၏ စွမ်းအင်ကုမ္ပဏီကြီးများ ဖြစ်သော Gazprom နှင့် Rosatom တို့ကို ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့သည့်အပြင် ရုရှားလက်နက် များကို အဓိကအားထားနေ သည့် ၎င်းတို့၏တပ်မတော်ကို ခေတ်မီတိုးတက်အောင် လုပ်ဆောင်ရန်လည်း စီစဉ်လျက် ရှိပါသည်။




ရုရှား၏ လူသားချင်းစာနာမှု အကူအညီများက နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေခဲ့ပြီး ရုရှား သတင်းဌာန (RT)ကိုလည်း ပြည်တွင်း၌ အခြေစိုက်ရန် ဖိတ်ခေါ် ခဲ့ခြင်းမှာ မဒါဂတ်စကာ၏ မဟာဗျူဟာပြောင်းလဲမှုကို ထင်ရှားစေပါသည်။ ဤခြေလှမ်းသည် လက်ရှိ အာဖရိက နိုင်ငံများတွင် ခေတ်စားနေသည့် မဟာမိတ်ဟောင်း များထက် မဟာမိတ်သစ်များကို ပိုမိုအားကိုးလာသည့် ပုံစံအတိုင်းဖြစ်ပြီး အနာဂတ်တွင် ရုရှား-အာဖရိက ပူးပေါင်း ဆောင်ရွက်မှု ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ခြင်းလည်း ဖြစ်ပါသည်။

## De-dollarization ၏ အက်ကြောင်းနှင့် BRICS Pay စနစ်

အိန္ဒိယဝန်ကြီးချုပ်မိုဒီနှင့် ဘရာဇီးသမ္မတ လူလာ တို့သည် BRICS အဖွဲ့ကို အသုံးချ၍ ကမ္ဘာ့အင်အား ချိန်ခွင်လျှာကို ပြောင်းလဲရန်နှင့် ဟောင်းနွမ်းနေသော နိုင်ငံတကာစနစ်များကို ပြုပြင် ပြောင်းလဲရန် ပြတ်ပြတ် သားသားအရှိန်မြှင့် လုပ်ဆောင်လာကြသည်။ ဝန်ကြီးချုပ် မိုဒီက ကုလသမဂ္ဂနှင့် IMF ကဲ့သို့သော အဖွဲ့အစည်း များသည် ခေတ်နောက်ကျနေပြီဖြစ်ကြောင်း ဝေဖန်ခဲ့ပြီး **“၂၁ ရာစု ဆော့ဖ်ဝဲလ်ကို ၂၀ ရာစု လက်နှိပ်စက်များဖြင့် မောင်းနှင်၍မရကြောင်း”** ပြောဆိုခဲ့ပါသည်။ တစ်ဖက်တွင် လည်း သမ္မတလူလာက အမေရိကန်၏ တစ်ဦးတည်း သတ်မှတ် အခွန်တိုးမြှင့်မှု (Trump Tariffs) များကို BRICS အဖွဲ့ဝင်များ စုပေါင်းတုံ့ပြန်ရန် တိုက်တွန်းခဲ့ပြီး အိန္ဒိယ-ဘရာဇီး နှစ်နိုင်ငံကုန်သွယ်ရေးကို ဒေါ်လာအပေါ် မှီခိုမှု လျှော့ချကာ နှစ်ဆတိုးမြှင့်ရန် ရည်မှန်းထားပါသည်။ ထိုသို့ ခေါင်းဆောင်နှစ်ဦး၏ ဆောင်ရွက်မှုသည် ၂၀၂၆ ခုနှစ် အိန္ဒိယတွင် ကျင်းပမည့် BRICS ထိပ်သီးအစည်းအဝေး မတိုင်မီ သမိုင်းစာမျက်နှာသစ်ကို ရေးထိုးမည်ဆိုသော ပြင်းထန်သည့် သတိပေးချက်ကို အနောက်အုပ်စုထံ ပေးပို့ လိုက်ခြင်းပင်ဖြစ်ပါသည်။

လက်ရှိတွင် အနောက်အုပ်စု၏ ပိတ်ဆို့မှုများကြောင့် ဒေါ်လာ လျှော့ချရေးကို အပြင်းအထန်တွန်းအား ပေးခဲ့ သော ရုရှားသည် ယခုအခါ သမ္မတထရမ့်နှင့် ညှိနှိုင်း၍ ဒေါ်လာစနစ်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ကြိုးပမ်း နေကြောင်းသတင်းများထွက်ပေါ်နေလျက်ရှိသည်။ ရုရှား၏ ဒေါ်လာ အသုံးပြုမှုလျှော့ချရေး (De-dollarization) ကြိုးပမ်းမှုမှာ ခိုင်မာသော ခံယူချက်ကြောင့် မဟုတ်ဘဲ ပိတ်ဆို့မှုများကြောင့်သာ ဖြစ်သည်ဟူသော အချက်ကို ပိုမို ထင်ရှားစေပါသည်။

ရုရှားသည် ဒေါ်လာဖြင့် ပြန်လည်ကုန်သွယ်လာပါက BRICS ၏ ဒေါ်လာအပေါ် မှီခိုမှုလျှော့ချရေး အစီအစဉ် များအပေါ်ကြီးမားသော ရိုက်ခတ်မှုများရှိလာမည် ဖြစ်သည်။ ယခင်က ရုရှားသည် တရုတ်၊ အိန္ဒိယတို့နှင့် ကုန်သွယ်မှု ပြုရာတွင် ရူဘယ်၊ ယွမ်၊ ရူပီးနှင့် ဒါဟမ် စသည့် ဒေသတွင်း သုံးငွေကြေးများကို ၉၀ ရာခိုင်နှုန်းအထိ အသုံးပြုခဲ့သည်။ ရုရှား၏ အပြောင်းအလဲသည် BRICS ၏ ဒေါ်လာ လျှော့ချရေး လုပ်ငန်းစဉ်ကို နှေးကွေးသွားစေမည်ဖြစ်ပြီး အစားထိုး ငွေပေးချေမှုစနစ်များကို ထောက်ခံခဲ့သည့် နိုင်ငံများမှာလည်း မူလအခြေအနေ (အစမှတ်) သို့ ပြန်ရောက်သွားသကဲ့သို့ ခံစားရနိုင်ပါသည်။ သို့သော်လည်း

အနာဂတ်တွင် တရုတ်နိုင်ငံသည် “ယွမ်” ကိုလည်းကောင်း၊ အိန္ဒိယသည် “ရူပီး” ကိုလည်းကောင်း ကုန်သွယ်မှုများတွင် နိုင်ငံတကာ အဆင့်ရောက်ရန် ကိုယ်ပိုင်အကျိုးစီးပွားအတွက် ဆက်လက် တွန်းအားပေးနေဦးမည်ဖြစ်ပါသည်။ ထို့ကြောင့် ရုရှား၏ ဒေါ်လာစနစ်သို့ ပြန်လည်ကူးပြောင်းမှုသည် BRICS ၏ ရည်မှန်းချက်များကို လုံးဝပျက်စီး သွားစေမည် မဟုတ်သော်လည်း ဒေါ်လာ လွှမ်းမိုးမှုကိုစိန်ခေါ်နေသည့် အရှိန်အဟုန်ကိုမူ အလွန်အမင်း နှေးကွေးသွားစေမည်ဖြစ်သည်။

## BRICS Pay စနစ်

လက်ရှိတွင် အဖွဲ့ဝင် ၁၁ နိုင်ငံပါဝင်သော BRICS မဟာမိတ်အဖွဲ့သည် အမေရိကန်ဒေါ်လာအပေါ် မှီခိုမှုကို လျှော့ချရန်နှင့် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းသုံးစွဲငွေကြေးများကို မြှင့်တင်ရန် ရည်ရွယ်၍ BRICS Pay စနစ်ကို စတင်ခြင်းဖြင့် ကမ္ဘာ့ဘဏ္ဍာရေး စနစ်တွင် လမ်းကြောင်းသစ်တစ်ခု ဖော်ဆောင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ ရည်မှန်းချက်မှာ ကြီးမားသော်လည်း အဖွဲ့တွင်းရှိ မတူကွဲပြားသော နိုင်ငံရေးနှင့် စီးပွားရေး ဦးတည်ချက်များကြောင့် အကောင်အထည်ဖော်မှု အပိုင်းတွင် အဟန့်အတားများ ရှိနေပါသည်။




BRICS အဖွဲ့သည် BRICS Pay စနစ်ကို အနောက်အုပ်စုက လွှမ်းမိုးထားသော SWIFT စနစ်ကဲ့သို့ သီးခြားလွတ်လပ်သည့် ငွေပေးချေမှုစနစ်တစ်ခု ဖြစ်လာရန် မျှော်မှန်းထားပါသည်။ SWIFT သည် သတင်းအချက်အလက်ပေးပို့သည့် စနစ်သာဖြစ်ပြီး ငွေပေးချေမှု အခြေပြုမှု (Settlement) ကို ကမ္ဘာ့ဘဏ်ကြီးများနှင့် ဒေါ်လာ၏ ငွေဖြစ်လွယ်မှု (Liquidity) တို့ဖြင့် ကျောထောက်နောက်ခံပြုထား ခြင်းဖြစ်ပါသည်။ BRICS Pay ၏ ပန်းတိုင်မှာ ပြည်တွင်းသုံးငွေ ကြေးများဖြင့် ကုန်သွယ်မှုကို လွယ်ကူချောမွေ့စေရန်၊ ကမ္ဘာ့ဘဏ္ဍာရေး လောကကို အင်အားစုပေါင်းစုံပါဝင်သည့် အသွင်ကူးပြောင်းရန်နှင့် အမေရိကန်အပါအဝင် အနောက်အုပ်စု၏ အခွန်အတုတ်နှင့် ပိတ်ဆို့အရေးယူမှုများမှ ကာကွယ်ရန်ဖြစ်ပါသည်။ အမေရိကန်ဒေါ်လာအပေါ် မှီခိုနေရမှုကို အဆုံးသတ်ရေးသည် BRICS Pay စနစ်၏ အဓိကမဏ္ဍိုင်ဖြစ်ပါသည်။

ရည်မှန်းချက်၊အကောင်အထည်ဖော်မှုနှင့် လက်တွေ့အခြေအနေတို့သည် မတူညီကြပေ။ BRICS Pay စနစ်သည် အမေရိကန်ဒေါ်လာအပေါ် မှီခိုမှုကို လျှော့ချရန်နှင့် SWIFTကို စိန်ခေါ်ရန် ရည်မှန်းထားသော်လည်း လက်တွေ့တွင် ကြီးမားသော စိန်ခေါ်မှုသုံးရပ်နှင့် ရင်ဆိုင်နေရပါသည်။ ပထမအချက်မှာ ကုန်သွယ်မှု မမျှတခြင်း (Unbalanced Trade Volume) ဖြစ်ပြီး တရုတ်နိုင်ငံ၏ ပို့ကုန်အင်အား အလွန်ကြီးမားမှုကြောင့် စနစ်တစ်ခုလုံးကို တရုတ်ကထိန်းချုပ်သွားနိုင်သည့် စိုးရိမ်မှုများရှိနေပါသည်။ ဒုတိယအချက်မှာ ငွေကြေးအပေါ် ယုံကြည်မှုပြဿနာ (Currency Trust Problem) ဖြစ်ပြီး အမေရိကန်ဒေါ်လာကဲ့သို့ တည်ငြိမ်မှုနှင့် ချက်ချင်းငွေဖော်နိုင်စွမ်း (Liquidity) ကို အာမခံချက် မပေးနိုင်သဖြင့် လုပ်ငန်းရှင်များက ဒေါ်လာကိုသာ ဆက်လက် ရွေးချယ်နိုင်ခြေရှိပါသည်။ နောက်ဆုံးအချက်မှာ အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေး ဦးစားပေးချက်များ ကွဲပြားခြင်း (Economic Priorities Differ) ဖြစ်ပါသည်။ ရုရှားနှင့် အီရန်တို့က စနစ်သစ်ကို အသည်းအသန် လိုလားနေသော်လည်း အိန္ဒိယကဲ့သို့ နိုင်ငံများမှာ အနောက်အုပ်စုနှင့် ဆက်ဆံရေးကို အလေးထားနေခြင်းကြောင့် BRICS Pay သည် တစ်သားတည်း မကျသော ပေါင်းစပ်မှုတစ်ခု အဖြစ်သာ ကျန်ရစ်နိုင်သည့် အန္တရာယ်ရှိနေပါသည်။

### ကမ္ဘာ့ဘဏ္ဍာရေး အပြောင်းအလဲနှင့် ရွှေ ငွေ ဈေးကွက်များ

လက်ရှိ ကမ္ဘာ့ရွှေဈေးကွက်တွင် တစ်အောင်စလျှင် ဒေါ်လာ ၇,၀၀၀ အထိ စံချိန်တင်မြင့်တက် နိုင်ကြောင်း ခန့်မှန်းချက်များ ရှိနေသော်လည်း ရုရှားနိုင်ငံ၏ အမေရိကန်ဒေါ်လာ စနစ်သို့ ပြန်လည်ဝင်ရောက်ရန် ကြိုးပမ်းမှုသတင်းများကြောင့် ရွှေဈေးနှုန်းအရှိန်အဟုန်မှာ သိသိသာသာ ယိမ်းယိုင်လာနေသည်။ ၂၀၂၆ ခုနှစ် ကရင်မလင်နန်းတော်၏ မှတ်တမ်းများအရ ရုရှားသည် ၎င်း၏ အဓိကပို့ကုန်များဖြစ်သော စွမ်းအင်နှင့် သယံဇာတ များကို ဒေါ်လာဖြင့် ပြန်လည်ကုန်သွယ်ရန် စဉ်းစား နေခြင်းက BRICS အဖွဲ့၏ ရွှေဆိုင်ရာမဟာဗျူဟာနှင့် ဒေါ်လာအပေါ် မှီခိုမှုလျှော့ချရေး (De-dollarization) လုပ်ငန်းစဉ်များကို ကြီးမားစွာ ခြိမ်းခြောက်လျက်ရှိသည်။ အထူးသဖြင့် ရုရှား-အမေရိကန် ကုန်သွယ်ရေး သဘော တူညီမှု ရရှိနိုင်ခြေသတင်းများကြောင့် COMEX ဈေးကွက် အတွင်း ရွှေဈေးနှုန်းများ ရုတ်တရက် ပြန်လည်ကျဆင်း သွားခဲ့ရသည်။

အခြားတစ်ဖက်တွင်မူ BRICS အဖွဲ့ဝင်နိုင်ငံများသည် ရွှေတန်ချိန် ၆,၀၀၀ ကျော်အထိ စုဆောင်းထားပြီး တရုတ်နိုင်ငံကလည်း အတိုးပေးသည့် ဒီဂျစ်တယ်ယွမ် (Digital Yuan) ဖြင့် ဒေါ်လာ၏ လွှမ်းမိုးမှုကို ဆက်လက် တန်ပြန်နေဆဲဖြစ်သည်။ သို့သော်လည်း ရုရှား၏ ယခု လုပ်ဆောင်ချက်မှာ BRICS ၏ မူလမူဝါဒကို ၁၈၀ ဒီဂရီ ပြောင်းပြန်လှန်လိုက်သကဲ့သို့ ဖြစ်နေပြီး ၎င်းသည် အဖွဲ့၏ ဒေသတွင်း သုံးငွေကြေးဖြင့် ကုန်သွယ်မှုအရှိန်ကို အလွန် အမင်းနှေးကွေး သွားစေနိုင်ပါသည်။ အချုပ်ဆိုရသော် ရုရှား၏ ဒေါ်လာအသုံးပြုမှုမှာ ခိုင်မာသောခံယူချက် ကြောင့်မဟုတ်ဘဲ စီးပွားရေးပိတ်ဆို့မှုများ ကြောင့်သာ ဖြစ်ကြောင်းပေါ်လွင်လာပြီး အမေရိကန်နှင့် ပြန်လည် သင့်မြတ်ရေး လမ်းစသည် ကမ္ဘာ့ရွှေဈေးနှုန်းနှင့် BRICS မဟာမိတ်အဖွဲ့၏ အနာဂတ် ရှေ့လုပ်ငန်း စဉ်များအပေါ် အဆုံးအဖြတ်ပေးမည့် အလှည့်အပြောင်းတစ်ခု ဖြစ်လာ နေပါသည်။

လက်ရှိတွင် အနောက်နိုင်ငံများ၏ အဓိကသတ္တု အရောင်းအဝယ်ဌာန ဖြစ်သော COMEX ၌ ငွေ (Silver) လက်ကျန်ပမာဏ စိုးရိမ်စရာ ကောင်းလောက်အောင် လျော့နည်းလာပြီး BRICS အုပ်စုဝင် တရုတ်နိုင်ငံ (ရှန်ဟိုင်း) ဘက်သို့ အလုံးအရင်းဖြင့် စီးဆင်းနေပါသည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း၌ပင် COMEX သိုလှောင် ရုံရှိ ငွေပမာဏ၏ ၂၆ ရာခိုင်နှုန်းခန့် (၃၃ သန်းကျော်) မှာ တစ်ပတ်အတွင်း ထုတ်ယူခြင်းခံခဲ့ရပါသည်။




အဓိကအချက်မှာ အနောက်ဘက်နှင့် အရှေ့ဘက် ဈေးကွက်ကြား ငွေဈေးနှုန်းကွာဟချက် (Spread) မြင့်မား နေခြင်းဖြစ်ပြီး ရှန်ဟိုင်းဈေးကွက်တွင် တစ်အောင်စလျှင် ၁၀ ဒေါ်လာခန့် ပိုမိုဈေးမြင့်နေခြင်းကြောင့် JP Morgan ကဲ့သို့သော ဘဏ်ကြီးများက အနောက်ဘက်တွင် ဈေးပေါ ပေါဖြင့်ဝယ်ကာ အရှေ့ဘက်သို့ ပို့ဆောင်၍ အကျိုးအမြတ် ထုတ်ယူနေကြပါသည်။

၂၀၂၆ ခုနှစ် မတ်လအတွက် ငွေဝယ်လိုအားမှာ လက်ရှိပေးအပ်နိုင်သည့် ပမာဏထက် ၄ ဆကျော် ပိုများ နေသဖြင့် COMEX ဈေးကွက် ပျက်သွားနိုင်သည့် အခြေ အနေသို့ ဆိုက်ရောက်နေပါသည်။ BRICS နိုင်ငံများ၏ ရုပ်ပိုင်းဆိုင်ရာ ငွေအစစ် (Physical Silver) အပေါ် တန်ဖိုးထား စုဆောင်းမှုကြောင့် ၂၀၂၆ ခုနှစ်အတွင်း ငွေဈေးနှုန်းသည် ၂၀၂၅ ခုနှစ် ပျမ်းမျှဈေးနှုန်းထက် နှစ်ဆကျော် (တစ်အောင်စလျှင် ၈၁ ဒေါ်လာခန့်အထိ) မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားပါသည်။

လက်ရှိတွင် ရုရှားနိုင်ငံသည် အနောက်အုပ်စု၏ စီးပွားရေး ပိတ်ဆို့မှုများကို တုံ့ပြန်ရန် အာရှနှင့် အရှေ့

အလယ်ပိုင်းသို့ ဦးတည်သည့် INSTC (International North-South Transport Corridor) နှင့် BRICS Bridge ဘဏ္ဍာရေး စနစ်တို့ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်နေပါသည်။

INSTC သည် အီရန်ကို ဖြတ်သန်းကာ ရုရှားနှင့် အိန္ဒိယကို ချိတ်ဆက်ထားသည့် ကီလိုမီတာ ၇,၂၀၀ ရှည်လျားသော လမ်းကြောင်းဖြစ်ပြီး ဆူးအက်တူးမြောင်း၏ အစားထိုးလမ်းကြောင်းအဖြစ် ခရီးစဉ် ကြာမြင့်ချိန်ကို ၄၅ ရက်မှ ၂၅ ရက်အထိ (၄၀ ရာခိုင်နှုန်းခန့်) လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း Blockchain နည်းပညာသုံး BRICS Bridge စနစ်ကို စမ်းသပ်နေပြီး ၎င်းသည် အဖွဲ့ဝင်နိုင်ငံများ၏ ဗဟိုဘဏ်ဒီဂျစ်တယ်ငွေကြေး (CBDCs) များကို တိုက်ရိုက်ချိတ်ဆက်ပေးမည်ဖြစ်ပါသည်။ ဤစနစ်ကြောင့် အမေရိကန်ဒေါ်လာ အသုံးပြုရန် မလိုတော့ဘဲ တိုက်ရိုက် (Peer-to-peer) ငွေလွှဲနိုင်ခြင်းနှင့် ငွေလွှဲခ (Transaction Costs) များကို ၄၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခြင်းစသည့် အားသာချက်များ ရရှိမည်ဖြစ်ပါသည်။

လက်ရှိတွင် အိန္ဒိယဗဟိုဘဏ် (RBI) ကလည်း BRICS အဖွဲ့ဝင်နိုင်ငံအားလုံး၏ CBDC များကို အပြန်အလှန်ချိတ်ဆက်ကာ ကုန်သွယ်ရေးအတွက် ဘုံငွေပေးချေမှု စနစ်တစ်ခုအဖြစ် အသုံးပြုရန် အဆိုပြုထားပြီး နယူးဒေလီ ထိပ်သီးအစည်းအဝေးတွင် ဆက်လက်ဆွေးနွေးသွားရန်ရှိနေပါသည်။ ယင်းသည် အနောက်အုပ်စု၏ ပိတ်ဆို့မှုများကြောင့် စီးပွားရေးအရ အကျပ်ရိုက်နေသည့် ရုရှားနိုင်ငံအတွက် ဒေါ်လာကို ကျော်လွှားပြီး ကမ္ဘာ့ဈေးကွက်သို့ ပြန်လည်ဝင်ရောက်နိုင်မည့် အားကိုးအားထားပြုဖွယ် လမ်းကြောင်းသစ်တစ်ခု ဖြစ်လာနိုင်ပါသည်။

### စီးပွားရေးပညာရှင် ဂျင်မ်အိုနေးလ်၏ ဝေဖန်ချက်နှင့် BRICS ၏ အနာဂတ်

လက်တလောတွင် BRICS ဟူသော အသုံးအနှုန်းကို စတင်ခဲ့သူ စီးပွားရေးပညာရှင် ဂျင်မ် အိုနေးလ်က လက်ရှိ BRICS အဖွဲ့၏ စွမ်းဆောင်ရည်နှင့် အနောက်အုပ်စုကို စိန်ခေါ်နိုင်စွမ်းအပေါ် သံသယပွားဖွယ် မေးခွန်းထုတ်လာခဲ့ပါသည်။ ၎င်း၏ သုံးသပ်ချက်အရ ဒေါ်နယ်ထရမ့်၏ အခွန် တိုးမြှင့်မည့် ခြိမ်းခြောက်မှုများသည် BRICS နိုင်ငံများကို ပိုမိုစည်းလုံးစေပြီး ဒေါ်လာအပေါ် မမှီခိုသည့် စနစ်သစ်ကိုရှာဖွေရန် တွန်းအားဖြစ်စေခဲ့ကြောင်း ဆိုထားပါသည်။ ထို့ပြင် အိန္ဒိယနှင့် တရုတ်တို့အကြား ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာပါက အမေရိကန်၏ ဩဇာအာဏာကို တိုက်စားနိုင်မည်ဖြစ်သော်လည်း ဒေါ်လာကို အစားထိုးနိုင်မည့် အလားအလာမှာမူ အကန့်အသတ်များရှိနေဆဲဖြစ်ကြောင်း ထောက်ပြထားပါသည်။



အထူးသဖြင့် တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ ဗဟိုဘဏ် လွတ်လပ်ခွင့်ကို အဆုံးရှုံးခံကာ ဘုံငွေကြေး စနစ်သို့ ကူးပြောင်းရန် ဆန္ဒမရှိခြင်းကြောင့် BRICS သည် ခိုင်မာသော ဘဏ္ဍာရေးမဟာဗျူဟာထက် နိုင်ငံရေးအရ ဟန်ပြမှုအဆင့်တွင်သာ ရှိနေသေးပြီး တရုတ်အတွက် Global South ၏ ခေါင်းဆောင်အဖြစ် နေရာယူရန် ပလက်ဖောင်းတစ်ခုသာ ဖြစ်နေကြောင်း အိုနေးလ်က ဝေဖန်ထားပါသည်။

### နိဂုံး

BRICS သည် စီးပွားရေးအရ အင်အားကြီးမားသော အုပ်စုဖြစ်သော်လည်း **"နိုင်ငံရေးအရစည်းလုံးမှု"** မှာ အားနည်းချက် ဖြစ်နေဆဲဖြစ်ပါသည်။ ထို့ပြင် BRICS သည် အနောက်အုပ်စုက လွှမ်းမိုးထားသော ကမ္ဘာ့ဘဏ္ဍာရေး အခင်းအကျင်းကို ပြောင်းလဲရန် ကြိုးပမ်းရာတွင် ခိုင်မာသော ဘဏ္ဍာရေး မဟာဗျူဟာထက် နိုင်ငံရေးအရ

ဟန်ပြမှု အဆင့်တွင်သာ ရှိနေသေးကြောင်း စီးပွားရေး ပညာရှင်များက ဝေဖန်မှုများလည်း ရှိနေပါသည်။ အီရန်ကိစ္စတွင် နှုတ်ဆိတ်နေမှုနှင့် ရုရှား၏ မူဝါဒအပြောင်းအလဲများက BRICS သည် G7 ကဲ့သို့ စည်းလုံးသည့် အုပ်စုတစ်ခုဖြစ်ရန် အလှမ်းဝေးနေသေးကြောင်း ပြသလိုက်သကဲ့သို့ဖြစ်နေပါသည်။ သို့သော်လည်း BRICS Pay ကဲ့သို့သော **“နည်းပညာအခြေခံ ဘဏ္ဍာရေးစနစ်သစ်များ”** မှာမူ အရှိန်အဟုန်ဖြင့် ဆက်လက် တိုးတက်နေမည်ဖြစ်သည့်အတွက် ကမ္ဘာ့စီးပွားရေး ဗဟိုချက်သည် အနောက်ဘက်မှ အရှေ့ဘက်သို့ တဖြည်းဖြည်း ရွေ့လျားနေသည်မှာလည်း ငြင်းမရသော အမှန်တရားဖြစ်လာနေပါသည်။ ခြုံငုံသုံးသပ်ရလျှင် ၂၀၂၆ ခုနှစ်သည် BRICS မဟာမိတ်အဖွဲ့အတွက် ၎င်းတို့၏ ရည်မှန်းချက် ဖြစ်သော ကမ္ဘာ့ဘဏ္ဍာရေး စနစ်သစ် ဖော်ဆောင်နိုင်ရေးနှင့် လက်တွေ့ရင်ဆိုင်နေရသော ပထဝီနိုင်ငံရေး အကျပ်အတည်းများကြား ဟန်ချက်ညီအောင် ကြိုးပမ်းရမည့် အရေးကြီးသော နှစ်တစ် နှစ်ပင်ဖြစ်သည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

Source: https://watcher.guru/news/category/brics

ဒေါ်ဇာလီနွယ်
ဒုတိယညွှန်ကြားရေးမှူး
ဦးစီးရုံး (ညွှန်ကြားရေးမှူးချုပ်ရုံးခန်း)
ပြည်ထောင်စုဝန်ကြီးရုံး

MIFER

# MIFER သတင်းများ

ရင်းနှီး/ စီးပွား သတင်းလွှာ

MIFER Bulletin (1/2026)

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်သူ Mr.Samir Sudhir Wanmali နှင့် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services- UNOPS) ၏ အာရှဒေသဆိုင်ရာရုံး၊ ညွှန်ကြားရေးမှူးဖြစ်သူ Mr. Sanjay Mathur တို့အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်သူ Mr.Samir Sudhir Wanmali နှင့် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှု ရုံး (United Nations Office for Project Services- UNOPS) ၏ အာရှဒေသဆိုင်ရာရုံး၊ ညွှန်ကြားရေးမှူးဖြစ်သူ Mr. Sanjay Mathur တို့အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၊ နေပြည်တော်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ လက်ရှိ WFP မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီအထောက်အပံ့ များ အကျိုးရှိထိရောက်စေရေး၊ ၂၀၂၆ ခုနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော် ခွင့်ရရှိရေး၊ မြန်မာနိုင်ငံဆိုင်ရာ မဟာဗျူဟာ အစီအစဉ် အသစ် (၂၀၂၇-၂၀၂၉) ပြင်ဆင်ရေးနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် UNOPS မှ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်သူ Mr. Sanjay Mathur နှင့်တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) တို့ အကြား လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အစီ အစဉ်များနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မန္တလေး လျှင်ကြောင့် ထိခိုက်ခဲ့မှုများအား ပြန်လည်ထူထောင်ရေးတွင် ပူးပေါင်း ဆောင်ရွက်စေလိုသည့် လုပ်ငန်းများကို လည်းကောင်း အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာ နိုင်ငံဆိုင်ရာ WFP ရုံး နှင့် UNOPS ရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြောင်း သတင်းရရှိသည်။



## (၁၇) ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ဗီယက်နမ် စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံတွင် အောင်မြင်စွာကျင်းပ

(၁၇) ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်တွင် ရန်ကုန်မြို့ရှိ Novotel Yangon Max Hotel ၌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က အစည်းအဝေး သဘာပတိအဖြစ် ဦးဆောင်ကျင်းပခဲ့သည်။

အစည်းအဝေးတွင် အဖွင့်မိန့်ခွန်း အနေဖြင့် ပြည်ထောင်စုဝန်ကြီးက ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ(ဒုတိယဝန်ကြီးများ)၊ အဆင့်မြင့် စီးပွားရေးအရာရှိများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများအား မြန်မာနိုင်ငံက လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ စီအယ်လ်အမ်ဗွီ နိုင်ငံများ၏ ကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၈၃.၄ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး၊ အာဆီယံ စုစုပေါင်း ကုန်သွယ်မှု၏ ၂၃.၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း စီအယ်လ်အမ်ဗွီနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုသည် ၃.၆ ရာခိုင်နှုန်း တိုးတက်လာကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးကို ရည်ရွယ်သည့် စီအယ်လ်အမ်ဗွီ လုပ်ငန်းအစီအစဉ်အရ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှုများသည် စီးပွားရေးတိုးတက်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုများအတွက် အထောက်အပံ့ဖြစ်စေကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် စီးပွားရေး အလယ်အလတ်ရှိသော အဆင့်သို့ ရောက်ရှိစေရန် ရည်မှန်းရေးဆွဲထားသည့် စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်အကောင်အထည်ဖော်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေး နည်းလမ်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဖြစ်ကြောင်းကို ပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် နိုင်ငံတို့မှ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်တို့သည် မှတ်တမ်းတင် ဓါတ်ပုံရိုက်ကူးခဲ့သည်။




ဆက်လက်၍ အစည်းအဝေးကို အစီအစဉ်အတိုင်း ကျင်းပခဲ့ရာ စီအယ်လ်အမ်ဗွီ အဆင့်မြင့်စီးပွားရေး အရာရှိများ အစည်းအဝေး၏ သဘာပတိဖြစ်သူ နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်က ၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် စီအယ်လ်အမ်ဗွီ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြခဲ့သည်။

ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များက စီအယ်လ်အမ်ဗွီ လုပ်ငန်းအစီအစဉ် (၂၀၂၃-၂၀၂၄) အကောင်အထည်ဖော်မှုတွင်ရရှိခဲ့သည့် အတွေ့အကြုံများကို အခြေခံ၍ စီအယ်လ်အမ်ဗွီ လုပ်ငန်းအစီအစဉ် (၂၀၂၅-၂၀၂၆) အကောင်အထည်ဖော်မှုကို ပိုမိုကောင်းမွန်အောင် ပူးပေါင်းဆောင်ရွက်ရန်နှင့် လုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် ရန်ပုံငွေရရှိစေရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ကို စီအယ်လ်အမ်ဗွီ အဆင့်မြင့် စီးပွားရေးအရာရှိများအား လမ်းညွှန်ခဲ့သည်။

စီအယ်လ်အမ်ဗွီ နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ချိတ်ဆက်မှု တိုးတက်ကောင်းမွန်စေရန် ဗီယက်နမ်နိုင်ငံက ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့နှင့် ပူးပေါင်းကျင်းပသည့် ကုန်စည်ပြပွဲများ၏ အရေးပါမှုကို အလေးပေးပြောကြားခဲ့ပြီး၊ ထိုကုန်စည်ပြပွဲများမှတစ်ဆင့် ဒေသတွင်းစီးပွားရေးမိတ်ဖက် ဆက်ဆံရေးများနှင့် ဈေးကွက်အခွင့်အလမ်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်ရန် အဖွဲ့ဝင်နိုင်ငံများအကြား ဆွေးနွေးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်ဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ဦးသန့်စင်လွင်က စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင် အကောင်အထည်ဖော်ရေး လုပ်ငန်းအစီအစဉ်နှင့် စပ်လျဉ်း၍ လွယ်ကူထိရောက်မှု ရှိသည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားရန်နှင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အဓိက စိန်ခေါ်မှုဖြစ်သည့် ရန်ပုံငွေရရှိရေး နည်းလမ်းများကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ပံ့ပိုးမှုဖြင့် ရှာဖွေသွားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့ပြင် စီအယ်လ်အမ်ဗွီနိုင်ငံများအား စီးပွားရေး အလယ်အလတ်ရှိသောအဆင့်သို့ ရောက်ရှိစေရန် ရည်မှန်း ရေးဆွဲထားသည့် စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင် အကောင်အထည်ဖော်ရေး လုပ်ငန်းအစီအစဉ် အတွက် ပေါင်းစပ်ညှိနှိုင်းရေး နည်းလမ်းများနှင့် လမ်းညွှန်ချက်များကို ဆွေးနွေး၍ အစည်းအဝေးတွင် အတည်ပြုခဲ့သည်။

ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက စီအယ်လ် အမ်ဗွီ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးကို ရည်မှန်း၍ အကောင်အထည် ဖော်လျက်ရှိသည့်အတွက်အာဆီယံ အတွင်းရေးမှူးချုပ်ရုံး ၏ ပံ့ပိုးပါဝင်ဆောင်ရွက်မှုများသည် အရေးကြီးကြောင်း မှတ်တမ်းတင်ခဲ့သည်။



ထို့နောက် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ သည် (၁၇) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ စီးပွားရေး ဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက်ကို အတည်ပြုခဲ့သည်။ စီအယ်လ်အမ်ဗွီ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုများအနေဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) နိုင်ငံများအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ တိုးမြှင့်ဆောင်ရွက် ခြင်း၊ ဒေသခွဲနှင့် ဒေသတွင်းဆိုင်ရာ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု လုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်း၊ ဖွံ့ဖြိုးမှု ကွာဟချက်ကျဉ်းမြောင်းရေးလုပ်ငန်းစဉ်များနှင့် စီအယ်လ် အမ်ဗွီ ထိပ်သီးအစည်းအဝေး၏ သဘောတူညီချက်များ ကို အကောင်အထည်ဖော်ခြင်းတို့ကို ပြုလုပ်လျက် ရှိကြောင်း သိရှိရသည်။

အစည်းအဝေး နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စု ဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ်အတွင်း ဦးဆောင်ဆောင်ရွက်ခဲ့သည့် စီအယ်လ်အမ်ဗွီ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများတွင် ပံ့ပိုးဆောင်ရွက်ပေးသည့် အတွက် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့အား ကျေးဇူးတင်ရှိ ကြောင်း ပြောကြားခဲ့ပြီး ၂၀၂၆ ခုနှစ် အတွက် အလှည့်ကျ စီအယ်လ်အမ်ဗွီ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘာ ပတိတာဝန်ကို ဗီယက်နမ်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ သည်။

အစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံမှ ဘာသာရပ်ဆိုင်ရာ ဌာနများမှ အဆင့်မြင့်အရာရှိများ စုစုပေါင်း ကိုယ်စားလှယ် (၅၀) ဦးတက်ရောက်ခဲ့သည်။

နေ့လယ်ပိုင်းတွင် (၁၇) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစီအစဉ် အနေဖြင့် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုများ



ပိုမိုမြှင့်တင်ရန် ရည်ရွယ်သည့် **“ဗီယက်နမ်-မြန်မာ စီးပွားရေး ချိတ်ဆက်မှု ကွန်ဖရင့်”** ကို Melia Hotel ၌ ဆက်လက် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင်ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က တက်ရောက် မိန့်ခွန်းပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဘက်မှ အစိုးရပုဂ္ဂလိက ကိုယ်စားလှယ်များ၊ အထူးသဖြင့် ဆက်သွယ်ရေး၊ အိမ်ခြံမြေ၊ စက်မှုကုန်ထုတ်လုပ်ငန်း၊ တိရိစ္ဆာန်အစာ၊ ကြက်သားပေါက် မွေးမြူရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍတို့မှ စီးပွားရေး လုပ်ငန်းရှင်များအပါအဝင် စုစုပေါင်း ၁၀၀ ဦး တက်ရောက်ခဲ့ကြသည်။ ထို့နောက် ဗီယက်နမ်နှင့်မြန်မာစီးပွားရေး လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှု စာချုပ်များ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အလားအလာ၊ အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံဘက်မှ ကိုယ်စားလှယ်များက အပြန်အလှန် ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

## ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ဖွဲ့စည်းမှတ်ပုံတင်ထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်အသင်းများနှင့် တွေ့ဆုံဆွေးနွေးပွဲနှင့် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ အသိပညာမျှဝေသည့် ဆွေးနွေးပွဲတက်ရောက်

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် မြန်မာနိုင်ငံတွင် ဖွဲ့စည်းမှတ်ပုံတင်ထားသည့် တရုတ်စီးပွားရေး လုပ်ငန်းရှင်အသင်းများနှင့် ၂၀၂၅ ခုနှစ် ၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ တွေ့ဆုံ ခဲ့သည်။




ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက တရုတ်နှင့် မြန်မာနိုင်ငံတို့သည် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေး သာမက မဟာဗျူဟာမြောက် နှစ်နိုင်ငံအကျိုးစီးပွား တိုးတက်ရေးအတွက် အတူတကွ လက်တွဲလုပ်ကိုင်ခဲ့ပါကြောင်း၊ တရုတ်နိုင်ငံမှ ရှိပြီးသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် တိုက်တွန်းအားပေးပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၌ ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံသည့်နိုင်ငံအဖြစ် ခိုင်မာစွာရပ်တည်လျက် ရှိပါကြောင်း၊ တရုတ်နှင့် မြန်မာနိုင်ငံသည် ဒေသတွင်း ဘက်စုံစီးပွားရေး ပူပေါင်းဆောင်ရွက်မှု သဘောတူညီချက် (Regional Comprehensive Economic Partnership -RCEP) အဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ကိုလည်း ချုပ်ဆိုထားရှိပြီးဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးလျက်ရှိပါကြောင်းနှင့် လုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအတွက်လည်း ပံ့ပိုးကူညီပေးသွားမည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူတို့အတွက် အကျိုးကျေးဇူးများရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး Supply Chain တစ်လျှောက် အကျိုးကျေးဇူးများအား မျှဝေခံစားတတ်သည့် စီးပွားရေး အသိုက်အဝန်းကို ဖော်ဆောင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖြစ်စေရန် အရေးကြီးပါကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု၊ ကူးသန်းသွားလာမှု တိုးတက်လာစေရေးအတွက် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (China-Myanmar Economic Corridor-CMEC) ကိုလည်း အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံမှ ပြည်နယ်အလိုက် လုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်ကြရန်

ဖိတ်ခေါ်ပါကြောင်းပြောကြားသည်။

ထို့အပြင်မိမိတို့မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ ငွေကြေးဖြစ်သည့် **“ယွမ်”** ဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရန်အတွက် လိုအပ်သော လုပ်ငန်းစဉ်များကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်-မြန်မာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအသင်း (Myanmar-China Trade and Investment Promotion Association-MCTIP) အပါအဝင် တရုတ်-မြန်မာ စီးပွားရေးလုပ်ငန်းရှင်များအသင်း ၂၅ သင်းကို ဖွဲ့စည်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အခက်အခဲများ၊ ကြံုပြုချက်များနှင့် အခြားလိုအပ်ချက်များရှိပါက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးရန် ပြောကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားနိုင်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အစီအစဉ်အရ တက်ရောက်လာကြသော တရုတ်စီးပွားရေး လုပ်ငန်းရှင်အသင်းများမှ ကိုယ်စားလှယ်များက သိရှိလိုသည်များကို တင်ပြဆွေးနွေးခဲ့ကြရာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်၍ရှင်းလင်း ဖြေကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ (ASEAN Community Vision 2045) နှင့် အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ) မဟာဗျူဟာ လုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀) (ASEAN Economic Community Strategic Plan - 2026-2030) တို့နှင့်စပ်လျဉ်း၍ ပုဂ္ဂလိက လုပ်ငန်းရှင်များအား အသိပညာမျှဝေသည့် ဆွေးနွေးပွဲကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာ အမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း (Myanmar Women Entrepreneurs’ Association-MWEA) တို့ ပူးပေါင်း၍ ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ်၌ ဆက်လက် ကျင်းပခဲ့သည်။



ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မိတ်ဆက်အမှာစကား ပြောကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် အာဆီယံနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံ စီးပွားရေးအသိုက်အဝန်း ၂၀၂၅ အကောင်အထည်ဖော်မှုသည် အပြီးသတ်ကာလသို့ ရောက်ရှိပြီဖြစ်၍ အာဆီယံအနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အနာဂတ် ရည်မှန်းချက်အတွက် နောင်နှစ် (၂၀) အထိမျှော်မှန်း၍ အာဆီယံမျှော်မှန်းချက် ၂၀၄၅ **“ကြံ့ကြံ့ခံနိုင်သော၊ တီထွင် ဆန်းသစ်သော၊ အရှိန်အဟုန်ဖြင့် တိုးတက်သော၊ ပြည်သူဗဟိုပြု အာဆီယံ - Resilient, Innovative, Dynamic, and People-Centered ASEAN”** ကို (၄၆) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အတည်ပြုခဲ့ပါကြောင်း၊ ယင်းမျှော်မှန်းချက်ကို အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကိုလည်း အာဆီယံ၏ မဏ္ဍိုင် ၃ ခုအပြင် ပေါင်းစပ်ဆက်သွယ်မှု (Connectivity) အပါအဝင် မဏ္ဍိုင်အလိုက် ဆက်လက်ရေးဆွဲခဲ့ကြကြောင်း၊ အာဆီယံမျှော်မှန်းချက် ၂၀၄၅ ၏ နှစ် ၂၀ ကာလအတွင်း အာဆီယံစီးပွားရေးအသိုက်အဝန်းအနေဖြင့် ၅ နှစ်တာလုပ်ငန်းအစီအစဉ် ၄ ခု ရေးဆွဲချမှတ်ထားပြီး အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) မဟာဗျူဟာ လုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀) အရ အသေးစိတ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အတည်ပြုခဲ့ပြီးဖြစ်ကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်မှုများတွင် ပုဂ္ဂလိကကဏ္ဍသည် အာဆီယံစီးပွားရေး ပေါင်းစည်းမှု၏ အဓိကမောင်းနှင်အား တစ်ရပ်ဖြစ်ကြောင်း၊ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဒေသတွင်းစီးပွားရေး ပေါင်းစည်းမှုများနှင့် အခွင့်အလမ်းများကို

သိရှိအကောင်အထည် ဖော်ဆောင်ရွက်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက်မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (MWEA) ၏ အကြံပေး ဒေါက်တာတင်တင်ထွေး၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာမာလာမျိုးညွန့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စောကလျာစုနှင့် ပုဂ္ဂလိကကဏ္ဍမှ ဥက္ကဋ္ဌ ဒေါက်တာမြတ်သီတာမြင့်တို့က အာဆီယံစီးပွားရေး အသိုက်အဝန်း မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀) နှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ တက်ရောက်လာသူများမှ လုပ်ငန်းစဉ်များ၊ သိရှိလိုသည်များနှင့် စပ်လျဉ်း၍ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည် ဖြေကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝါဝါမောင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝါဝါမောင်နှင့် ရောဝတီတိုင်း ဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း တို့သည် ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေး အဖွဲ့ဝင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ရောဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ဘုရားကျောင်းကျေးရွာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ငါးမွေးမြူခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ အေးခဲခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် Global Earth Agro & Aqua Industry Public Company Limited(GEAA)၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသို့ သွားရောက်ကြည့်ရှု အားပေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး၊ ရောဝတီတိုင်း ဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များကို ကုမ္ပဏီမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဥက္ကဋ္ဌဖြစ်သူ ဦးဌေးမြင့်က လုပ်ငန်း လည်ပတ်နေမှုအခြေအနေများ၊ ငါးမွေးမြူထုတ်လုပ်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့မည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြပါသည်။

ဆွေးနွေး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တန်ဖိုးမြှင့်ထုတ်ကုန်များ၊ သွင်းကုန်အစားထိုးထုတ်ကုန်များထုတ်လုပ်၍ ပြည်တွင်းနှင့် ပြည်ပပို့ကုန်ဈေးကွက်များသို့ ရည်မှန်းချက်ထားရှိ၍ ဖြန့်ဖြူးရောင်းချဆောင်ရွက်ရေး၊ နည်းပညာမြှင့်တင်၍ အရည်အသွေးထိန်းသိမ်းဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းတိုးချဲ့နိုင်ရေး၊ မြေယာများအား ထိထိရောက်ရောက်အသုံးပြု၍ ထုတ်လုပ်မှုတိုးမြှင့်နိုင်ရေး၊ စွန့်ပစ်ပစ္စည်းများမှ သဘာဝမြေဩဇာနှင့် တန်ဖိုးမြှင့် စိုက်ပျိုးရေးသွင်းအားစု ထုတ်ကုန်များထုတ်လုပ်ပြီး ဒေသခံပြည်သူများအတွက် ဖြန့်ဝေနိုင်ရေး၊ ဒေသတွင်း MSME လုပ်ငန်းများအား လက်တွဲခေါ်ယူရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်နိုင်ရေး၊ တောင်သူလယ်သမား၊ ငါးမွေးမြူတောင်သူများအား နည်းပညာသစ်များ ဖြန့်ဝေပေးနိုင်ရေး၊ ဒေသခံအစုအဖွဲ့များ ရှယ်ယာပါဝင်သည့် အများပိုင်ကုမ္ပဏီ (Public Listed Company) စာရင်းဝင် ဖြစ်လာစေရေး၊ ဒေသတွင်းလူ့အဖွဲ့အစည်း ဖွံ့ဖြိုးမှုနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် လူနေမှုစနစ် တိုးတက်လာစေရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကြံပြုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ရောဝတီတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက လုပ်ငန်း တိုးတက်ပြီးမြောက်တော့မည်ဖြစ်၍ ရှေ့ဆက်လက် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ ဆောင်ရွက်နိုင်ရေး၊ ဒေသတွင်း စိုက်ပျိုး မွေးမြူရေးနှင့်ဆက်နွှယ်သည့် လုံလောက်သည့် ကုန်ကြမ်းများရရှိရေး၊ လုပ်ငန်းများ အရှိန်အဟုန် မပျက်လည်ပတ်စေရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေး

ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီ၏ အစာတောင့်စက်ရုံ၊ နည်းပညာသစ်အသုံးပြု၍ ငါးမွေးမြူ ထုတ်လုပ်နေမှု အခြေအနေများ၊ ငါးအခြေခံ စားသောက်ကုန် ထုတ်စက်ရုံ၊ ငါးအသားလွှာထုတ်လုပ်မည့် အစီအစဉ်နှင့် အအေးခန်းစက်ရုံများ၊ စပါးခွံသုံးလျှပ်စစ် ထုတ်လုပ်သုံးစွဲမှု အခြေအနေများအား လှည့်လည်ကြည့်ရှုခဲ့သည်။ အဆိုပါလုပ်ငန်းသည် စနစ်ဟောင်း ငါးမွေးမြူခြင်းမှ ခေတ်မီစနစ်ဖြင့် တစ်နေရာတည်း၌ စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်၍ Food Park ဖြစ်ပေါ်လာစေရေးနှင့် စားသုံးသူများအတွက် Farm to Table ရောက်ရှိအောင် ဆောင်ရွက်၍ ငါးနှင့်ပတ်သက်သော စားသောက်ကုန်များအား ဩဂဲနစ်စံချိန်ဖြင့် ထုတ်လုပ်ပြီး မြန်မာ့ရေထွက် ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့လျက်ရှိသည့် လုပ်ငန်းဖြစ်ကြောင်း သိရှိရပါသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် ဧရာဝတီတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တို့ဦးဆောင်၍ ဧရာဝတီတိုင်းဒေသကြီး အစိုးရ အဖွဲ့ဝန်ကြီးများနှင့် ဧရာဝတီတိုင်း ဒေသကြီး အတွင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပိုမိုမြန်ဆန်ချောမွေ့စေရန် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ကိုဗစ်-၁၉ ရန်ပုံငွေမှ ခွင့်ပြုထုတ်ချေးငွေများ ပြန်လည်ကောက်ခံ ရရှိရေးတို့နှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။

ထို့နောက် ဧရာဝတီတိုင်း ဒေသကြီးအတွင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် စီးပွားရေး လုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှ ထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ နည်းပညာနှင့် စံချိန်စံညွှန်းမြှင့်တင်၍ ပြည်တွင်းဈေးကွက် သာမက နိုင်ငံတော် ဝင်ငွေရရှိအောင် ပြည်ပတိုးမြှင့်တင်ပို့နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူလျင်မြန် အဆင်ပြေချောမွေ့ စေရေးပံ့ပိုးပေးနေမှု အခြေအနေများ၊ ခွင့်ပြုပြီး လုပ်ငန်းများ၏ လုပ်ငန်းခွင်အခြေအနေများကို လက်တွေ့သိရှိနိုင်ရန် စဉ်ဆက်မပြတ်ထိတွေ့၍ ကွင်းဆင်း ဆောင်ရွက်နေမှု၊ ရင်းနှီးမြှုပ်နှံသူများအတွက် အထောက်အကူပြုစေမည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရေး ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

အစီအစဉ်အရ တက်ရောက်လာကြသော စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို တင်ပြဆွေးနွေးခဲ့ကြရာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်၍ ရှင်းလင်းဖြေကြားခဲ့သည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ပုသိမ်မြို့ စက်မှုဇုန်နယ်မြေ (Pathein Industrial Complex) အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများအား သွားရောက်ကြည့်ရှု အားပေးခဲ့ရာ ကုမ္ပဏီ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



## ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးသို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ရင်းနှီးမြှုပ်နှံမှု ကြီးကြပ်ရေးအဖွဲ့ဝင် တာဝန်ရှိသူများ လိုက်ပါလျက် ပဲခူးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီးသို့ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် သွားရောက်ခဲ့သည်။

အဆိုပါ ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တွေ့ဆုံကာ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရန်အတွက် ဒေသတွင်းရှိ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း၊ Pipeline အတွင်းရှိ စီမံချက်များနှင့် အလားအလာများ၊ ကုမ္ပဏီ ဖွဲ့စည်းမှတ်ပုံတင်မှု အခြေအနေ၊ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာလုပ်ငန်းများ ပိုမိုမြန်ဆန်ချောမွေ့စေရန် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ပဲခူးတိုင်းဒေသကြီး အတွင်း နိုင်ငံတကာအဖွဲ့အစည်းများမှ ဆောင်ရွက်လျက်ရှိသည့် အကူအညီ အထောက်အပံ့လုပ်ငန်းများ



ဆောင်ရွက်နေမှုအခြေအနေနှင့် ကိုဗစ်-၁၉ ရန်ပုံငွေမှ ခွင့်ပြုထုတ်ချေးငွေများ ပြန်လည်ကောက်ခံရရှိရေးနှင့် စပ်လျဉ်း၍ ရင်းနှီး ပွင့်လင်း စွာ ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပဲခူးတိုင်းဒေသကြီးအတွင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် စီးပွားရေး လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ နှင့်တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ လိုအပ်ချက်များပေါင်းစပ်ညှိနှိုင်းပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် တိုးတက်မှုကောင်းမွန်ပြီး နိုင်ငံ GDP ကို ဦးဆောင်လျက်ရှိသည့် တိုင်းဒေသကြီးများထဲမှ တစ်ခုဖြစ်ကြောင်း၊ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဈေးကွက်ရှိသည့် ထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်ရန် လိုအပ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒေသအလိုက် ရင်းနှီးမြှုပ်နှံမှု အလားအလာများကို တိုးမြှင့်နိုင်ရေး၊ MSMEs ဖွံ့ဖြိုးမှုနှင့် စီးပွားရေးကဏ္ဍ ပိုမိုအားကောင်းလာစေရေးတို့အတွက် လိုအပ်သည့်ပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ AI အပါအဝင် ခေတ်မီဒီဂျစ်တယ် နည်းပညာများကို ထိထိရောက်ရောက် အသုံးပြု၍ စံချိန်စံညွှန်းပြည့်မီသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူများအတွက် အကျိုးကျေးဇူးများ မျှဝေခံစားသည့် အသိုက်အဝန်းဖြစ်စေရေး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ Business Model မှန်ကန်အောင် ဆောင်ရွက်၍ ရင်းနှီးမြှုပ်နှံမှု စဉ်ဆက်မပြတ်တိုးတက်မှုရှိသည့် စီးပွားရေးဝန်းကျင်ကောင်းဖြစ်လာစေရန်၊ သဘာဝဝန်းကျင်နှင့် ကိုက်ညီသည့် လုပ်ငန်းများဖြစ်လာစေရန်နှင့် ကောင်းမွန်သည့် ကော်ပိုရိတ် စီမံအုပ်ချုပ်မှုစနစ် ထားရှိဆောင် ရွက်ရန် အားထည့်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အစီအစဉ်အရ တက်ရောက်လာကြသော စီးပွားရေး လုပ်ငန်းရှင်များက သိရှိလိုသည်များကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးဦးဆောင်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် အလုပ်သမားဝန်ထမ်းပေါင်း ၁၈၀၀ နှင့် လည်ပတ်ဆောင်ရွက်

လျက်ရှိသည့် ပဲခူးမြို့ ဥသျှောင်မြို့သစ်ရှိ MYANSTAR GARMENT Co.,Ltd အား သွားရောက်ကြည့်ရှုအားပေးခဲ့ရာ စက်ရုံမှ တာဝန်ရှိသူများက လုပ်ငန်းလည်ပတ်နေသည့် အခြေအနေများနှင့် ဈေးကွက်အခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်နိုင်ရေး၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးနိုင်ရေး၊ နည်းပညာ လွှဲပြောင်းရရှိရေး၊ ကုန်ထုတ်လုပ်မှု မြှင့်တင်ရေး၊ လုပ်ငန်းများပိုမိုကျယ်ပြန့်စွာ လုပ်ကိုင်နိုင်ရေး၊ ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် ဒေသခံပြည်သူများအတွက် လူမှုအကျိုးပြုလုပ်ငန်းများ (Corporate Social Responsility-CSR) ထိရောက်စွာ ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ အကြံပြု ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိပါသည်။



**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား “မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIP)” အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (MoU) များ လက်မှတ်ရေးထိုး**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့အကြား “မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIP)” အကောင်အထည်ဖော် ဆောင်ရွက်ရန် နားလည်မှု စာချွန်လွှာ ၁၀ စောင် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီး ဌာန၊ ရုံးအမှတ် (၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာ အကောင်အထည်ဖော်မည့်ဌာနများမှဌာနဆိုင်ရာအကြီးအကဲများနှင့် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ဒုတိယအကြီးအကဲ Mr. Ashish Sharma၊ အိန္ဒိယ နိုင်ငံဘက်မှ တာဝန်ရှိ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် မှတ်တမ်းမော်ကွန်းများအား ဒီဂျစ်တယ်နည်းဖြင့် ထိန်းသိမ်းခြင်း မြှင့်တင်ရေး စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာကို အမျိုးသားစီမံကိန်း ဝန်ကြီးဌာနမှလည်းကောင်း၊ အင်းလေးဒေသရှိ ငလျင်ဒဏ်သင့် တိုင်းရင်းသားများအတွက် အိမ်သုံးဆိုလာစနစ်များ ထောက်ပံ့ခြင်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနမှလည်းကောင်း၊ မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ မဟာမြတ်မုနိဘုရားတွင် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော အနုပညာလက်ရာများအား အစားထိုးရေးဆွဲခြင်း စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဆိုင်ရာနားလည်မှုစာချွန်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ လည်းကောင်း၊ မြန်မာနိုင်ငံ နို့စားကျွဲ မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေး စီမံချက် အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာကို စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှလည်းကောင်း၊ မြန်မာနိုင်ငံရှိ သမဝါယမ အသင်းသားတောင်သူများထံသို့ မှတ်ပုံတင်ထားပြီး အရည်အသွေး မြင့်မားသော ဝါနှင့်မတ်ပဲ မျိုးစေ့များ ပံ့ပိုးခြင်းဖြင့် လယ်ယာကုန်ထုတ် စွမ်းအားမြှင့်တင်ရေး စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ လည်းကောင်း၊ JCB အမျိုးအစား Breaker Gun ပါဝင်သော မြေတူးကော်တင်စက် (အသေး) တစ်စီးဝယ်ယူခြင်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာနှင့် ငလျင်ဒဏ်

ကြောင့် ပျက်စီးသွားသော အဆောက်အအုံများအတွက် ပုံစံမပျက်စစ်ဆေးသော စမ်းသပ်ကိရိယာများ ဝယ်ယူခြင်း စီမံချက် အကောင်အထည်ဖော် ဆောင်ရွက် ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို ဆောက်လုပ်ရေး ဝန်ကြီးဌာန မှလည်းကောင်း၊ Offline အင်္ဂလိပ်ဘာသာစကား သင်တန်း တည်ထောင်ဖွင့်လှစ်ခြင်း စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနမှလည်းကောင်း၊ လယ်ယာ စိုက်ပျိုးရေး ဖွံ့ဖြိုးမှုအတွက် အရည်အသွေးမြင့်၊ အထွက်နှုန်းကောင်း ဝါနှင့် မတ်ပဲမျိုးများ ရရှိရေးလုပ်ငန်း စီမံချက် အကောင် အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ ကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လည်းကောင်း၊ ဆိုလာစွမ်းအင်သုံး ရေတင်ခြင်းစီမံချက် အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လည်းကောင်း လက်မှတ်ရေးထိုးကြပြီး အဆိုပါ နားလည်မှု စာချွန်လွှာ များတွင် အိန္ဒိယနိုင်ငံအစိုးရ ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး၏ ဒုတိယအကြီးအကဲ Mr. Ashish Sharma က လက်မှတ် ရေးထိုးကြသည်။

စီမံချက်များသည် စုစုပေါင်းတန်ဖိုး အမေရိကန် ဒေါ်လာ ၄၈၉,၇၃၅ ရှိပြီး စီမံချက်များ အကောင်အထည် ဖော်ရေးအတွက် နှစ်နိုင်ငံဘက်မှ ကိုယ်စားလှယ်များ ပါဝင်သည့် စီမံချက်ဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေး ပူးတွဲ ကော်မတီများဖွဲ့စည်း၍ ကြီးကြပ်အကောင်အထည်ဖော် သွားမည် ဖြစ်သည်။

QIP စီမံချက်များသည် နှစ်နိုင်ငံအစိုးရ တို့အကြား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ်အရ တတိယနှစ်မြောက် ဆောင်ရွက် ခြင်းဖြစ်ပြီး၊ စီမံချက်တန်ဖိုးအားဖြင့် စီမံချက်တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၀,၀၀၀ တန်ဖိုး ခွင့်ပြုပေးခြင်း ဖြစ်သည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် QIP စီမံချက် ၅ ခု ကိုလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် QIP စီမံချက် ၁၀ ခုကိုလည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်းနှင့် ယခု ၂၀၂၅- ၂၀၂၆ QIP စီမံချက် ၁၀ ခုကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါကြောင်းနှင့် လာမည့်ဘဏ္ဍာနှစ်အလိုက် QIP စီမံချက် များကိုလည်း ဆက်လက် ဆောင်ရွက်ရန်အတွက် အိန္ဒိယ သမ္မတနိုင်ငံအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



## "နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များ၏ ခေတ်သစ်တိုးတက်မှုလမ်းကြောင်းသို့ ဦးတည်ခြင်း - စဉ်ဆက်မပြတ်သော၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု၏ အယူအဆကို ထည့်သွင်းခြင်း" ဒေသတွင်းအဆင့် မူဝါဒပိုင်းဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ၏ ခေတ်သစ်တိုးတက်မှု လမ်းကြောင်းသို့ ဦးတည်ခြင်း- စဉ်ဆက်မပြတ်သော၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု၏ အယူအဆကို ထည့်သွင်းခြင်း ဒေသတွင်းအဆင့် မူဝါဒပိုင်းဆိုင်ရာဆွေးနွေးပွဲကို မြန်မာနိုင်ငံ၊ နေပြည်တော်ရှိ MGALLERY ဟိုတယ်တွင် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှ ၁၉ ရက်နေ့ထိ Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲကို အာဆီယံ - ဟောင်ကောင် (တရုတ်) လွတ်လပ်သောကုန်သွယ်မှု သဘောတူ စာချုပ်အောက်ရှိ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်၏ ပံ့ပိုးကူညီမှုဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့က ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပါသည်။

ပထမဦးစွာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က ရေရှည်တည်တံ့ ခိုင်မြဲသော၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်းသည့် သဘောတရားများကို နောင်တွင် ချုပ်ဆိုမည့်၊ အဆင့်မြှင့်တင်မည့် ဒေသတွင်းရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များတွင် ထည့်သွင်းခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအငြင်းပွားမှုများကို လျှော့ချနိုင်ပြီး အိမ်ရှင် စာချုပ်နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းချပိုင်ခွင့်ကို ရရှိနိုင်ခြင်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို




နိုင်ငံအဆင့်နှင့် ဒေသတွင်းအဆင့် အောင်မြင်နိုင်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ ပြုနိုင်မည်ဖြစ်ကြောင်း၊ အာဆီယံ ရေရှည်တည်တံ့ခိုင်မြဲသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လမ်းညွှန်ချက်များကိုလည်း ဒေသတွင်းအဆင့် ကျင့်သုံးနိုင်ရေး ကြိုးပမ်းအားထုတ်မှုသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စုပေါင်းကတိကဝတ်ပြုမှုကို ထင်ဟပ်စေခြင်းဖြစ်ကြောင်း အမှာစကား ပြောကြားပါသည်။

ဆက်လက်၍ အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူစာချုပ်အောက်ရှိ ရင်းနှီးမြှုပ်နှံမှုဆပ်ကော်မတီ၏ ဟောင်ကောင် ပူးတွဲ သဘာပတိ Mr. CHAR Chi Man နှင့် အာဆီယံ ပူးတွဲ သဘာပတိ Ms. Rozieyanahayu Ab Rahman၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဌာနခွဲမှ အကြီးတန်းအရာရှိ Ms. Yuanita Ruchyat တို့က ဒေသတွင်းအဆင့် ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များတွင် စဉ်ဆက်မပြတ်သော၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ အချက်များ ထည့်သွင်းနိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒချမှတ်ခြင်းတွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား အသီးသီးပြောကြားခဲ့ကြပါသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရာ ရေရှည်တည်တံ့ခိုင်မြဲသော၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု သဘောတူ စာချုပ်တို့၏ ဆက်စပ်မှုနှင့် ယင်းဆက်စပ်မှုအပေါ် အခြေခံ၍ စာချုပ်ဝင်နိုင်ငံနှင့် အိမ်ရှင်နိုင်ငံအကြား အငြင်းပွားမှု လျော့ကျစေခြင်းဆိုင်ရာ အချက်များကို ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဥပဒေကော်မရှင်၊ ကုလသမဂ္ဂ ကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းနှင့် နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များကလည်းကောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ ကိုယ်စားလှယ်များက နိုင်ငံအလိုက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များ

ကိုလည်းကောင်း အသီးသီးရှင်းလင်း တင်ပြခဲ့ပါသည်။

ဒေသတွင်းအဆင့် မူဝါဒပိုင်းဆိုင်ရာဆွေးနွေးပွဲကို ၂ ရက် ကြာ ကျင်းပခြင်းဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်၍ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဒုတိယဝန်ကြီး ဦးသန့်စင်လွင်၊ ဘာသာရပ်ဆိုင်ရာ ဌာနများမှ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့် အရာရှိကြီးများနှင့် အရာထမ်းများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသ (တရုတ်) မှ ကိုယ်စားလှယ်များနှင့် နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များ၊ စုစုပေါင်း ၁၅၀ ဦး တက်ရောက်ခဲ့ပါသည်။

**ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် အာဆီယံနှင့် ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှု ဘက်စုံတိုးတက်ရေး သဘောတူစာချုပ်ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ပါဝင်တက်ရောက်**

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် အာဆီယံနှင့် ပစိဖိတ် ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှု ဘက်စုံတိုးတက်ရေး သဘောတူစာချုပ်ဝင် နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။



အဆိုပါဆွေးနွေးပွဲကို အာဆီယံနှင့် ပစိဖိတ်ဖြတ် ကျော် မိတ်ဖက်ဆက်ဆံမှု ဘက်စုံတိုးတက်ရေးသဘောတူ စာချုပ်ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင် နိုင်မည့်နည်းလမ်း များရှာဖွေရန် ရည်ရွယ်၍ ကျင်းပခြင်း ဖြစ်သည်။

ဆွေးနွေးပွဲတွင် မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး H.E. Hon Liew Chin Tong နှင့် သြစတြေးလျနိုင်ငံ၊ ကုန်သွယ်မှုနှင့် ခရီးသွားလာရေးဝန်ကြီး၊ အထူးပြည်နယ်ဝန်ကြီး Senator the Hon Don Farrell တို့က ပူးတွဲ သဘာပတိ အဖြစ်ဆောင်ရွက်ပြီး အာဆီယံနှင့် ပစိဖိတ် ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှု ဘက်စုံတိုးတက်ရေး သဘောတူစာချုပ်ဝင် နိုင်ငံများ (Comprehensive and Progressive Agreement for Trans-Pacific Partnership -CPTPP) မှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ ပါဝင် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံ ကုန်သွယ်မှုစနစ်နှင့် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ၊ အာဆီယံနှင့် ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှု ဘက်စုံတိုးတက်ရေး သဘောတူစာချုပ်ဝင် နိုင်ငံများ အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေးနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ဦးစားပေး ဆောင်ရွက်ရမည့် နယ်ပယ်များနှင့် ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုမြှင့်တင်ရေး၊ ဒီဂျစ်တယ်ကုန်သွယ်မှု၊ အကောက် ခွန် မဟုတ်သည့် အစီအမံများအပါအဝင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးနှင့် ထုတ်လုပ်မှု ကွင်းဆက်များ ကြံ့ကြံ့ခံနိုင်ရေးစသည့် နယ်ပယ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ အာဆီယံနှင့် ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှု ဘက်စုံတိုးတက်ရေး သဘောတူစာချုပ်ဝင် နိုင်ငံများ အကြား လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်နိုင်မည့် နယ်ပယ်များ ရှာဖွေနိုင်ရေး အတွက် ဒုတိယအကြိမ် ဆွေးနွေးပွဲကို ၂၀၂၆ ခုနှစ်တွင်

ကျင်းပနိုင်ရေး ဆောင်ရွက်ရန် အဆင့်မြင့်အရာရှိများကို တာဝန်ပေးအပ်သည်။ထို့နောက် အာဆီယံနှင့် ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှု ဘက်စုံတိုးတက်ရေး သဘောတူစာချုပ်ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်ကို ထုတ်ပြန်သည်။

ဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အာဆီယံနှင့် ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှု ဘက်စုံ တိုးတက်ရေး သဘောတူစာချုပ်ဝင် နိုင်ငံများအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းစေရေးသည် နှစ်ဖက်စလုံး၏ စီးပွားရေး အကျိုးစီးပွားအတွက် အရေးပါကြောင်း ဆွေးနွေးတင်ပြသည်။ လက်တွေ့ကျသော ရလဒ်များ ရရှိစေရန်အတွက် ဘက်ပေါင်းစုံ ကုန်သွယ်ရေးစနစ်ကို ခိုင်မာစေရေး၊ ဒီဂျစ်တယ် ကုန်သွယ်ရေးနှင့် ထောက်ပံ့ရေး ကွင်းဆက် ခံနိုင်ရည်ရှိရေး ကဲ့သို့သော အဓိကနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် လိုအပ်ကြောင်းလည်း အလေးထားပြောကြားသည်။

ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှု ဘက်စုံ တိုးတက်ရေး သဘောတူစာချုပ်ဝင် နိုင်ငံများတွင် ဩစတြေးလျ၊ ဘရူနိုင်း၊ ကနေဒါ၊ ချီလီ၊ ဂျပန်၊ မလေးရှား၊ မက္ကဆီကို၊ နယူးဇီလန်၊ ပီရူး၊ စင်ကာပူ၊ ဗီယက်နမ်၊ ယူကေ စသည့် အဖွဲ့ဝင် (၁၂) နိုင်ငံ ပါဝင်ပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိများ တက်ရောက်ကြောင်း သတင်းရရှိသည်။

## ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် နိုင်ငံခြားစီးပွားဆက်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးတက်ရောက်

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် နိုင်ငံခြား စီးပွားဆက်သွယ်မှု မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) အစည်းအဝေး ခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝါဝါမောင် ၊ ဒုတိယဝန်ကြီး ဦးသန့်စင်လွင်၊ ညွှန်ကြား ရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်း ဒေသကြီး / ပြည်နယ် ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိ သူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာန၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်ဖြစ်သော ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာ စေရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်း များမြှင့်တင်ရေး ဆောင်ရွက်ရာတွင် အားနည်းချက်၊ အားသာချက်များကို လေ့လာ၍ ပြန်လည်ဆန်းစစ်ကြရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ၏ အမျိုးသားစီမံကိန်းနှင့် နှစ်အလိုက်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များ ပြည့်မီအောင် ဆောင်ရွက် ရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာန၏ ကဏ္ဍအလိုက် ၅ နှစ် စီမံကိန်း (၂၀၂၆-၂၀၃၀) အား လုပ်ငန်းစဉ်၊ မျှော်မှန်းချက်၊ စာရင်းအင်း တိကျမှန်ကန်ရေး ကိစ္စရပ်များထည့်သွင်း၍ ပြင်ဆင်ရေးဆွဲ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး ၃ ပါး၊ အမျိုးသား အကျိုးစီးပွားနှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ၏ ဦးတည်ချက် (၄) ရပ်ကို အခြေခံ၍ဆောင် ရွက်ကြရန်လိုကြောင်း၊စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro- Based Industries) ဖွံ့ဖြိုးတိုးတက် ရေးအတွက် ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဦးစားပေး ဖိတ်ခေါ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေး ကြရန်နှင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းတစ်ရပ်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက် ကြရန်လိုကြောင်း၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးနှင့် စပ်

လျှဉ်း၍ ဒေသတွင်းအဖွဲ့အစည်းများဖြစ်သော အာဆီယံ ၊ GMS ၊ ACMECS အဖွဲ့အစည်းများနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေးဖြင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်နှင့် မိတ်ဖက်နိုင်ငံများ ရှာဖွေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်ရေးကို အထောက်အကူပြုမည့် အလားအလာရှိသော မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတကာအကူအညီ ထောက်ပံ့မှုများနှင့်စပ်လျဉ်း၍ ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက စီးပွားရေးအသိုက်အဝန်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ယုံကြည်အားကိုးရသည့် ဌာနအဖွဲ့အစည်းတစ်ခုဖြစ်စေရန်အတွက် ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများလျင် မြန်လွယ်ကူချောမွေ့စေရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏လုပ်ငန်းတာဝန်များထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး ၊ လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ညွှန်ကြားရေးမှူးများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ နိုင်ငံတကာနှင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာစေရေး ဆောင်ရွက်မည့် အစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုမျှော်မှန်းချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ခြုံငုံသုံးသပ် ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



## ရန်ကုန်မြို့တွင် ကျင်းပသည့် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်သို့ နှစ်နိုင်ငံဘက်မှ ကဏ္ဍဆိုင်ရာ ဝန်ကြီးများနှင့် လုပ်ငန်းရှင်များတက်ရောက်ဆွေးနွေး

မြန်မာနှင့် ဘယ်လာရုစ် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံကုန်သည်စက်မှုအသင်းများဖြစ်ကြသော UMFCCI နှင့် BelCCI တို့ပူးပေါင်း၍ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်ကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့ LOTTEE ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံဘက်မှ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာဝါဝါမောင်၊ ဦးမင်းနောင်၊ ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေနှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ဦးစိုးသိန်းတို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းတို့က လည်းကောင်း၊ ဘယ်လာရုစ် နိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီး H.E Mr. Maxim RYZHENKOV (မစ္စတာ-မက်ဆင်-ရီဇန်ကော့ဗ်) ဦးဆောင်သည့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးတာဝန်ခံ၊ နိုင်ငံပိုင် အသေးစားစက်မှုလုပ်ငန်း **“Bellegprom”** (ဘယ်လ်-လက်ပလွန်) ဥက္ကဋ္ဌ၊ စိုက်ပျိုးရေးဝန်ကြီး၊ စက်မှုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးမှ သံအမတ်ကြီးတို့ကလည်းကောင်း တက်ရောက်အားပေးခဲ့ကြသည်။ ထို့အပြင် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ စီးပွားရေး လုပ်ငန်းရှင်များအပါအဝင် စုစုပေါင်းလူဦးရေ

၁၃၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။



ဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဝါဝါမောင်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့်ဘယ်လာရုစ် နိုင်ငံအကြား သံတမန် ဆက်ဆံရေး၊ နှစ်နိုင်ငံ အကြီးအကဲ များ၏ မဟာဗျူဟာမြောက်လမ်းညွှန်ချက်နှင့် ပူးပေါင်း ဆောင်ရွက်မှုများ၊ မြန်မာ-ဘယ်လာရုစ် ဖွံ့ဖြိုးမှု ပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာလမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) ဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံ မှုဆိုင်ရာ မူဘောင်များ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင် ရွက်နိုင်မည့် ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း များနှင့် EAEU ဈေးကွက်သို့ ချိတ်ဆက်နိုင်မည့် အခြေ အနေများကို အဓိကထား ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ဘယ်လာရုစ်နိုင်ငံဘက်မှ နိုင်ငံခြားရေး ဝန်ကြီး H.E Mr. Maxim RYZHENKOV (မစ္စတာ-မက်ဆင် -ရီဇန်ကော့ဗ်)၊ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးတာဝန်ခံ၊ နိုင်ငံပိုင် အသေးစား စက်မှုလုပ်ငန်း **“Bellegprom”** (ဘယ်လ်-လက်ပလွန်) ဥက္ကဋ္ဌ H.E. Ms. Nadezhda LAZAREVICH, (မစ်-နာဒက်ဒါ-လာဇာရီဗစ်) တို့က အမှာစကားများ အသီးသီး ပြောကြားကြသည်။

ထို့နောက် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက သဘောတူလက်မှတ် ရေးထိုးခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး၊ စုစုပေါင်းစာချုပ် ၁၆ စောင်အား အပြန်အလှန် လဲလှယ်ခဲ့ ကြသည်။

အစီအစဉ်အရ မှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးခြင်းနှင့် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များက ကဏ္ဍအလိုက် Pow-erpoint Presentation ဖြင့် ဆွေးနွေးခြင်း အစီအစဉ် များကိုဆောင်ရွက်ခဲ့ကြပြီး၊ စီးပွားရေးချိတ်ဆက် ဆွေးနွေး ခြင်းများကို ပြုလုပ်ခဲ့ကြသည်။ ယနေ့ဆွေးနွေးပွဲတွင် ဘဏ်နှင့် ငွေကြေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေး အခြေခံစက်မှုကုန်ထုတ်လုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများကို အဓိကဆွေးနွေးခဲ့ကြသည်။



အခမ်းအနားသို့ တက်ရောက်လာကြသည့် ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းနောင်နှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာချာလီသန်းတို့သည် ယနေ့နံနက်ပိုင်း ဖိုရမ် မစတင်မီအချိန်တွင် ဘယ်လာရုစ်နိုင်ငံဘက်မှ သက် ဆိုင်ရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်လည်း သီးခြားစီ တွေ့ဆုံ၍ မိမိတို့ကဏ္ဍအလိုက် ရှေ့ဆက်ဆောင်ရွက် သွားနိုင်မည့် အသေးစိတ်အစီအစဉ်များကို ရင်းနှီးပွင့်လင်း စွာ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

မြန်မာ-ဘယ်လာရုစ် ပူးတွဲကော်မတီ ဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဘက် မှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် ဘယ်လာ ရုစ်သမ္မတနိုင်ငံဘက်မှ၊ နိုင်ငံခြားရေးဝန်ကြီး H.E Mr. Max-im RYZHENKOV (မစ္စတာ- မက်ဆင်-ရီဇန်ကော့ဗ်)တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် သီးခြား တွေ့ဆုံကာ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ဆိုင်ရာ ကိစ္စရပ်များအပေါ် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်

နိုင်ရေး၊ တတိယအကြိမ် ပူးတွဲကော်မတီ ညှိနှိုင်းအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး ကိစ္စများအတွက် ဦးတည်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် မြန်မာ-ဘယ်လာရုစ် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)နှင့် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယ အကြိမ် အစည်းအဝေးဆိုင်ရာ ကိစ္စရပ်များအပေါ် သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။



အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ စိုက်ပျိုးရေးနှင့် အစားအစာဝန်ကြီး H.E Mr. Yury GORLOV (မစ္စတာ-ယူရီ-ဂိုလပ်) အား လက်ခံတွေ့ဆုံ၍ စိုက်ပျိုးရေးထုတ်ကုန်များနှင့် စားသောက်ကုန်များ အပြန်အလှန် ကုန်သွယ်မှု တိုးတက်ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံက ထွက်ရှိသည့် ဆန်၊ ရာဘာ၊ အခွံမာသီး၊ သစ်သီးဝလံနှင့် ကော်ဖီတို့ကို တင်ပို့နိုင်ရေးနှင့် ဘယ်လာရုစ်နိုင်ငံမှ ဒိန်ခဲနှင့် ထောပတ်တင်သွင်းနိုင်ရေး ကိစ္စရပ်များအား လည်းကောင်း၊ တင်ပို့/တင်သွင်းဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ အချင်းချင်း ချိတ်ဆက်ဆောင်ရွက်ပေးရေးနှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန် ဖလှယ်ဆောင်ရွက်ရေး ကိစ္စရပ်များအားလည်းကောင်း ဆွေးနွေးခဲ့ကြသည်။




စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ စက်မှုဝန်ကြီး H.E Mr. Andrei KUZNETSOV (မစ္စတာ-အန်ဒရီ-ကူဇနက်ဆို့) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်အလို့ငှာ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရန် အတွက် ပူးတွဲဆောင်ရွက်ရေးဆိုင်ရာ ရည်ရွယ်သည့် စာလွှာ (Memorandum of Intent-MoI) ကို လက်မှတ်ရေးထိုးပြီးဖြစ်ခြင်းကြောင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအားလည်းကောင်း၊ အဆိုပါ MoI နှင့် Roadmap တို့အပေါ် အခြေခံ၍ မြန်မာနိုင်ငံ၏ အလားအလာရှိသည့် စက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံတွင် အဓိကလိုအပ်နေသည့် ကင်ဆာရောဂါ ကုသဆေးဝါးများ ထုတ်လုပ်နိုင်ရေးနှင့် ကင်ဆာရောဂါ ကုသဆေးဝါး ထုတ်လုပ်မှု နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုများ၊ လူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာ သင်ကြားလေ့ကျင့်မှု ကိစ္စရပ်များကိုလည်းကောင်း၊ မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်း၊ MSME ဖွံ့ဖြိုးရေးနှင့် နှစ်နိုင်ငံ MSME ထွက်ကုန်များ ဈေးကွက်ရရှိရေး ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ပြည်ထောင်စုဝန်ကြီးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ခရက်စ်နောဂေါ့စ်ခ်မြို့ အခြေစိုက် မော်စကိုခရိုင်ဆိုင်ရာ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်နှင့် ရော့စ်ကွန်ဂရက် ဖောင်ဒေးရှင်း၏ ကြီးကြပ်ရေးဘုတ်အဖွဲ့ဝင်၊ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့၏ အရှေ့တောင်အာရှ စီမံကိန်းများညှိနှိုင်းရေးမှူး မစ္စတာဆာဂေးရှုတီရော့ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရုံးအမှတ် (၁)၊ နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့တို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှု စီမံချက်များ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေး ဆွေးနွေးပွဲ-၂၀၂၅ သို့ တက်ရောက်

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးဆွေးနွေးပွဲ-၂၀၂၅ (Yangon Investment Facilitation Workshop-2025) ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ရန်ကုန်မြို့ရှိ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။

ပထမဦးစွာ ရင်းနှီးမြှုပ်နှံမှုလွယ်ကူ ချောမွေ့စေရေး ဆွေးနွေးပွဲ-၂၀၂၅၏ ဖွင့်ပွဲအခမ်းအနားကို မြန်မာ့ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေ တင်ဆက်ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က မင်္ဂလာမောင်းကိုတီး၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်တို့က အမှာစကားအသီးသီး ပြောကြားကြသည်။




ပြည်ထောင်စု ဝန်ကြီးက အမှာစကားပြောကြားရာတွင် မျက်မှောက်ကာလ ကမ္ဘာ့စီးပွားရေးနဲ့ နိုင်ငံ့စီးပွားရေး အခြေအနေများအရ စီးပွားရေးမောင်းနှင်အားဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတို့ကိုယခင်ကထက် ပိုမိုကြိုးပမ်းအားထုတ်ရန် လိုအပ်လာသည့် ကာလဖြစ်ပါကြောင်း၊ တိုင်းပြည်၏ ကုန်ထုတ်လုပ်မှု ၊ဝန်ဆောင်မှုနှင့် အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့မြှင့်တင်လုပ်ကိုင်နိုင်မှသာ ပို့ကုန်နှစ်ဆ တိုးမြှင့်ရေး ရည်မှန်းချက်ကို ရောက်ရှိနိုင်မှာဖြစ်ပါကြောင်း၊ ထို့အပြင်အချို့သွင်းကုန်များကိုလည်း အစားထိုးနိုင်ပြီး ပို့ကုန်များကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားနိုင် မည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဟု ဆိုရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်း ရင်းနှီး မြှုပ်နှံမှုရှိသည့်အတွက် နှစ်ပိုင်းစလုံးကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မကြာမီရက်ပိုင်းတွင် ကျင်းပခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှစ်ပတ်လည်သင်း လုံးကျွတ်အစည်းအဝေးတွင် နိုင်ငံ အကြီးအကဲက တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုကဏ္ဍမြှင့်တင်ရန် မှာကြားချက်ကိုကြည့်လျှင် ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများရဲ့ ကုန်ထုတ်စွမ်းအား အပြည့်အဝရရှိ မြှင့်တင်နိုင်ရန်အတွက် ရန်ကုန်တိုင်းအစိုးရနှင့် ရင်းနှီး မြှုပ်နှံမှုနှင့် ကုမ္ပဏီ များညွှန်ကြားမှုဦးစီးဌာန (DICA) တို့ ပူးပေါင်းပြီး၊ Investment Facilitation and Promotion ပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာ ဒေသတစ်ခုဖြစ်ပြီး နိုင်ငံ့ GDP ၏ ၂၆% ဖြစ်သည့်အတွက် တိုင်းဒေသကြီး၏ ဖွံ့ဖြိုးမှုသည် တစ်နိုင်ငံလုံးအတွက် အရေးကြီးပါကြောင်း၊ ယနေ့ဆွေးနွေးပွဲ ဆောင်ပုဒ်ဖြစ်သည့် **"ယုံကြည်မှုတွေ တည်ဆောက်ဖို့ ပူးပေါင်းမှုများ အားပေးစို့ Building Confidence, strengthening Collaboration"** အတိုင်း အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများအား တွန်းအားပေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ၏ မူလအဆိုပြုလွှာအတိုင်း ကုန်ထုတ်လုပ်မှုစွမ်းအား ပြန်လည်လည်ပတ်နိုင်ရေးနှင့် ပြည်ပသို့ ချိတ်ဆက်တင်ပို့မှု အဆင်ပြေချောမွေ့ရေးသည် အဓိကကျနေသည့်အတွက် ယခုလိုဗဟိုမှ ကွင်းဆင်းထိတွေ့အားပေးရင်း ပြန်လည်တင်ပြချက်များကိုလည်း သက်ဆိုင်ရာ ဌာနများသို့ တင်ပြညှိနှိုင်းကူညီသွားရန်ဖြစ်ပါကြောင်း၊ Processing Lines အပြင် ထပ်မံတိုးချဲ့ တပ်ဆင်လိုသူရှိပါကလည်း မြန်ဆန်အဆင်

ပြေချောမွေ့အောင် ကူညီသွားမည် ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကအမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုအခြေအနေများ၊ ထပ်မံဖော်ထုတ်နိုင်မည့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံသူများအပေါ် ကူညီဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို အဓိကထား၍ ပြောကြားသည်။




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်တို့က တက်ရောက်လာသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံကိုရိုက်ကူးခဲ့ကြပြီး၊ ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ယနေ့အခမ်းအနားတွင် MSMEs လုပ်ငန်းများ အပါအဝင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြခန်းစုစုပေါင်း (၃၁)ခန်းကို စိတ်ဝင်စားဖွယ် ခင်းကျင်း ပြသခဲ့ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးက Power point presentation ဖြင့်ရှင်းလင်း တင်ပြသည်။ ထို့နောက် စကားဝိုင်းဆွေးနွေးပွဲ (Panel Discussion) ကို ဆက်လက်ကျင်းပရာ **“ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်တိုးမြှင့်ခြင်း- လွယ်ကူ ချောမွေ့စေရေးစကားဝိုင်း Enhancing the Investment Climate: A Facilitation Dialogue”** ခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး လုပ်ငန်းရှင်များက မေးမြန်းခဲ့သည့် တင်ပြချက်များအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားခဲ့ကြသည်။

ပြီးနောက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဆောင်ရွက်နေသည့် ပြည်တွင်းပြည်ပ လုပ်ငန်းရှင် ၉ ဦးက ၎င်းတို့၏ လုပ်ငန်းအတွေ့အကြုံနှင့် စပ်လျဉ်းသည့် လုပ်ငန်းစီမံကိန်းများ၏ အားသာချက်များနှင့် ထုတ်လုပ်နိုင်မှု အခြေအနေ(Project Presentation) များကို မျှဝေဆွေးနွေးခဲ့ကြသည်။ ညနေပိုင်းတွင် ဆန်၊ ပဲ၊ နှမ်း စိုက်ပျိုးရေးထွက်ကုန်များ၊ ဆိုလာလျှပ်စစ်ကဏ္ဍ၊ မွေးမြူရေးနှင့် ဆက်စပ်သည့် နည်းပညာလွှဲပြောင်းခြင်းကဏ္ဍ စသည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (၂၄) ခုကို သက်ဆိုင်ရာ တာဝန်ရှိသူများက အပြန်အလှန် လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး ဆွေးနွေးပွဲ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယနေ့ ဆွေးနွေးပွဲသည် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးနှင့် ရေရှည်တည်တံ့ အောင်မြင်စေရန် ရည်ရွယ်ပြီး အစိုးရ-ပုဂ္ဂလိက အသီးသီးမှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လက်ရှိရင်းနှီး မြှုပ်နှံသူများ၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအပြင် တရုတ်၊ ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ စသဖြင့် စုစုပေါင်း လူဦးရေ (၄၀၀) ကျော်ခန့် တက်ရောက်ခဲ့ကြသည်။

## ဝန်ထမ်းများအနေဖြင့် ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိသော သတင်းအချက်အလက်ရေးသားနည်း၊ သတင်းဓါတ်ပုံရိုက်ကူးခြင်း၊ သတင်းဗီဒီယိုရိုက်ကူးခြင်း အတတ် ပညာများကို ကျွမ်းကျင်ထိရောက်စွာဖြင့် အများပြည်သူသို့ သတင်းအချက်အလက်များကို မျှဝေပေးနိုင်ရေးနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်တန်းများဖွင့်လှစ်

သတင်းရေးသားခြင်း၊ သတင်းဓာတ်ပုံနှင့် သတင်းဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်း သင်တန်းနှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ်(၁) နေပြည်တော်၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက် (တနင်္လာနေ့)တွင်ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါသင်တန်းများကို ဝန်ထမ်းများအနေဖြင့် ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိသော သတင်းအချက်အလက် ရေးသားနည်းအတတ်ပညာ၊ သတင်းဓါတ်ပုံရိုက်ကူးခြင်းအတတ်ပညာနှင့် သတင်းနှင့် ဗီဒီယိုတို့ကို ကျွမ်းကျင်ထိရောက်စွာဖြင့် အများပြည်သူသို့ သတင်းအချက်အလက်များကို မျှဝေပေးနိုင်ရေးနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရုံးလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ဒုတိယဝန်ကြီး ဦးသန့်စင်လွင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းနည်းပြများနှင့် ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊အမှုထမ်းများ၊ သင်တန်းသား/ သင်တန်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာန အနေဖြင့် ပင်မရုံးလုပ်ငန်း တာဝန်များအပြင် နိုင်ငံရဲ့ စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေး၊ ဒေသတွင်းနဲ့ နိုင်ငံတကာ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ မြှင့်တင်ဆောင်ရွက်နေတဲ့ ဌာနလည်းဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနရဲ့ ဆောင်ရွက်မှုများကို အများပြည်သူများကသိရှိပြီး မှန်ကန်ထိရောက်တဲ့ အချက်အလက်တွေနဲ့ သတင်းများကို မြန်မာသာမက ကမ္ဘာက



ပါသိရှိပြီး Globalization နဲ့အညီ တိုးတက်ပြောင်းလဲလာတဲ့ နည်းပညာများအပေါ် မိမိတို့ဝန်ထမ်းများ သိရှိနိုင်ရေးအတွက် သတင်းရေးသားခြင်း၊ သတင်းဓာတ်ပုံနှင့် သတင်းဗီဒီယိုရိုက်ကူး တည်းဖြတ်ခြင်းသင်တန်းကို ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သတင်းပြန်ကြားရေးသည် ဌာနတစ်ခုရဲ့ အရေးကြီးတဲ့ တာဝန်တစ်ရပ်ဖြစ်သည့်အတွက် မိမိဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များကို အချိတ်ဆက်မိမိဖြင့် ထိရောက်ရှင်းလင်းစွာ အချိန်နှင့်တစ်ပြေးညီ အများပြည်သူများကို ချပြနိုင်ရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းတွင်လည်း မိမိတို့ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် စီမံခန့်ခွဲမှု (Management)၏ အရေးပါပုံ၊ ခေါင်းဆောင်မှု (Leadership)၊ ဖွံ့ဖြိုးမှုနှင့် ကောင်းမွန်သည့်အုပ်ချုပ်မှုစနစ် (Development and Good Govern-

ance)၊ မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တာဝန်နှင့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ဆိုင်ရာများ၊ ပြည်သူ့ရေးရာ ဘောဂဗေဒ (Public Sector Economics)၊ ဝန်ထမ်းများ မဖြစ်မနေ လေ့လာရမည့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဥပဒေစသည့် ဥပဒေများ၊ ရုံးစာရေးသားနည်း၊ ရုံးလုပ်ငန်းလက်စွဲ၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု၊ စာရင်းစစ်ကိစ္စရပ်များ လေ့လာရမည့်အပြင် မိမိတို့ ဝန်ကြီးဌာနနှင့် အဓိက သက်ဆိုင်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊လူမွဲခံယူ ခြင်းဆိုင်ရာဥပဒေစသည့် စီးပွားရေးဥပဒေများ၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေးနှင့် ပတ်သက်၍ စာချုပ်စာတမ်း ကိစ္စရပ်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း လေ့လာရန်လိုအပ်ပြီး သက်ဆိုင်ရာ လုပ်ငန်း နယ်ပယ်များတွင် လက်တွေ့သိရှိလိုက်နာ ကျင့်သုံးနိုင်ခြင်းဖြင့် ပေးအပ်သောတာဝန်များကို နည်းလမ်းမှန်ကန်စွာနှင့် စွမ်းဆောင်ရည်မြင့်မားစွာ ထမ်းဆောင်နိုင်မည့် အရည် အသွေးများရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ခေတ်တွင် တိုးတက်လာသော နည်းပညာများကြောင့် တစ်နေရာတည်းမှာပင် အင်တာနက်ရှိရုံဖြင့် ကမ္ဘာတဝန်းမှ သတင်းအချက်အလက်များကို သိရှိခွင့်ရရှိနေပြီဖြစ်ပါကြောင်း၊ ၎င်းသတင်းအချက်အလက်များတွင် မှန်ကန်တဲ့ သတင်းများရှိသကဲ့သို့ မဟုတ်မမှန် ပြောဆိုရေးသားနေတဲ့ ဝါဒဖြန့် သတင်းများလည်း ပါဝင်နေတာကိုတွေ့ရပါကြောင်း၊ ယနေ့ခေတ် လူငယ်များအနေနဲ့ AI နည်းပညာအသုံး ပြုပြီး မီဒီယာလောကကို နည်းမျိုးစုံနဲ့ ထိုးဖောက်ဝင်ရောက် နေကြတာကို သိရှိပြီးဖြစ်ပါကြောင်း၊ သတင်းစာ၊ ကြော်ငြာ၊ လက်ကမ်းစာစောင်များစသည့် ရိုက်နှိပ် ထုတ်ဝေတဲ့ မီဒီယာအမျိုးအစားနဲ့ လေလှိုင်းပေါ်မှ ထုတ်လွှင့်သော မီဒီယာ တစ်နည်းအားဖြင့် ရေဒီယို၊ အင်တာနက်၊ Facebook၊ Tiktok၊ Telegram စတဲ့ Application တွေကိုသုံးပြီး ထုတ်လွှင့်တဲ့ မီဒီယာဟူ၍ ပုံစံ ၂ မျိုးဖြင့် ရပ်တည်လျက် ရှိတာကို တွေ့ရှိရပါကြောင်း၊ မိမိတို့ဝန်ထမ်းများအနေဖြင့် ခေတ်မီတိုးတက်နေသော နည်းပညာရပ်များကိုအကျိုးရှိရှိ အသုံးချတတ်ရန်လိုအပ်ပြီး မီဒီယာတွင် ထုတ်လွှင့်နေသော သတင်းများအပေါ် အမှားနှင့်အမှန်ကို ဆင်ခြင်သုံးသပ်တတ်ရန် လိုအပ်ကြောင်းနှင့် မီဒီယာသည် ပြည်သူနဲ့အစိုးရကြား အရေးပါတဲ့ ဆက်သွယ်မှုကွန်ရက်ဖြစ်တာကို ဝန်ထမ်းများအားလုံးသိရှိထားရန်လိုအပ်ပါကြောင်း၊ အလားတူ မိမိဌာန၏ လုပ်ဆောင်ချက်များကို ပြည်သူများ သိရှိနားလည်ပြီး ဌာနအပေါ် ပြည်သူတို့၏ ယုံကြည်အားကိုးမှု ပိုမိုခိုင်မာရေးအတွက် ပြည်သူကို သတင်းအမှန်များ ပေးပို့ရန်လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် သင်တန်းတွင် ပို့ချခဲ့သည့် ဘာသာရပ်များကို စာတွေ့တင်မက လက်တွေ့လုပ်ငန်းခွင်တွင်လည်း စနစ်တကျဖြင့် ပြန်လည်အသုံးချတတ်ဖို့ လွန်စွာအရေးကြီးပြီး ၎င်းဘာသာရပ်များကိုလည်း စဉ်ဆက်မပြတ် ဆည်းပူးလေ့လာနေမှသာလျှင် မိမိတို့၏ အရည်အချင်း၊ အရည်အသွေးများ ပိုမိုကောင်းမွန်လာစေပြီး ဝမ်းစာပြည့်ဝသည့် ကျွမ်းကျင်မှုရှိသော ဝန်ထမ်းကောင်းများ ဖြစ်လာနိုင်မှာ ဖြစ်ပါကြောင်း၊ ရုံးလုပ်ငန်းဆိုင်ရာ အသိပညာ/ ဗဟုသုတများ ပိုမိုတိုးပွားလာပြီး စည်းကမ်းလိုက်နာမှု အားကောင်းသည့် ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်လာ နိုင်ရုံမျှမက မိမိတို့ဌာနနှင့် သက်ဆိုင်သည့် ဘာသာရပ်ဆိုင်ရာများကိုပါ သိရှိနားလည်လာသဖြင့် မိမိတို့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချစေလိုပြီး ဌာနအကျိုး၊ နိုင်ငံတော်၏ အကျိုးတို့ကို ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်မည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်စေရန် ကြိုးပမ်းကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

## မြန်မာ-ရုရှား သဘာဝမြေသြဇာ/ ရွက်ဖျန်းအားဆေးရည်ထုတ်လုပ်မည့်စက်ရုံ ပန္နက်တင်မင်္ဂလာနှင့် အကျိုးတူလယ်ယာကဏ္ဍ (Contract Farming) လုပ်ငန်းဆောင်ရွက်ခြင်းအခမ်းအနားကျင်းပ

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ကောင်းတစ်ခုအဖြစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ (Fund RC-Investments) ၏ RUMA Organic ကုမ္ပဏီနှင့် အောင်သန်းထိုက် Agriculture Development ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာ-ရုရှား

သဘာဝမြေဩဇာ/ ရွက်ဖျန်းအားဆေးရည် ထုတ်လုပ်မည့် စက်ရုံပန္နက်တင်မင်္ဂလာနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်တွင် ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနားခရိုင်၊ နေပြည်တော်ကောင်စီနယ်မြေ၌ ကျင်းပပြုလုပ်ခဲ့ ပါသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန (၃) ၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄) ၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် မစ္စတာအာတီးမီး အာလီမေ့ဗ်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး မစ္စတာအန်ဒရေအူးနက်ခ်နှင့် ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ RUMA Organic ကုမ္ပဏီနှင့် အောင်သန်းထိုက်ကုမ္ပဏီတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မင်္ဂလာအချိန်တွင် သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးခဲ့ကြပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်အထောက်အကူပြုမည့် အရေးပါသည့် စီမံကိန်းတစ်ခု၏ ကနဦးခြေလှမ်းဖြစ်ပါကြောင်း၊ RUMA Organic ကုမ္ပဏီအနေဖြင့် ပျဉ်းမနားခရိုင်၊ နေပြည်တော်ကောင်စီနယ်မြေတွင် သဘာဝရွက်ဖျန်း မြေဩဇာများ တင်သွင်းထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးခဲ့ပါကြောင်း၊ မြန်မာ-ရုရှား နှစ်နိုင်ငံ ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကိုပြသရန် အခွင့်အရေးတစ်ရပ်ဖြစ်သည့်အတွက် စက်ရုံကို သတ်မှတ်အချိန်ကာလအတွင်း အမြန်ဆုံး ဆောက်လုပ်နိုင်ရေး အထူးအလေးထား ဆောင်ရွက်စေလိုပါကြောင်း၊ သဘာဝမြေဩဇာ ရွက်ဖျန်းအားဆေးရည်ကို ပြည်တွင်းတွင် ထုတ်လုပ်နိုင်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများ ကုန်ကျစရိတ် လျော့နည်းစေမည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချစေနိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် မစ္စတာအာတီးမီး အာလီမေ့ဗ်က မြန်မာစိုက်ပျိုးရေး ကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာများကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ စီးပွားရေးသံမှူး မစ္စတာအန်ဒရေအူးနက်ခ်က နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ RUMA Organic ကုမ္ပဏီနှင့် အောင်သန်းထိုက်ကုမ္ပဏီတို့မှ တာဝန်ရှိသူများက စက်ရုံတည်ဆောက်၍ သဘာဝရွက်ဖျန်း မြေဩဇာများ ထုတ်လုပ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး တောင်သူလယ်သမားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြပါသည်။ သဘာဝရွက်ဖျန်းမြေဩဇာ စက်ရုံကို တည်ဆောက်ပြီးစီးပါက ဒေသတွင်း အလုပ်အကိုင်များစွာကို ဖန်တီးပေးနိုင်မည်ဖြစ်ပြီး တောင်သူများအတွက် မြေဩဇာကို ဈေးနှုန်းသက်သာစွာဖြင့်ရရှိခြင်း၊ သွင်းကုန်အစားထိုးဖြစ်သည့်အတွက် နိုင်ငံတော်အနေဖြင့် ပြည်ပမှ မြေဩဇာတင်သွင်းမှု အထိုက်အလျောက် လျော့ကျသွားမည်ဖြစ်သည့်အပြင် စားသုံးသူများအတွက်ပါ အကျိုးရှိလာနိုင် မည်ဖြစ်ကြောင်း သိရှိရပါသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ သတ္တမအကြိမ် ထမနဲထိုးပြိုင်ပွဲကျင်းပ

မြန်မာ့ဓလေ့ရိုးရာ ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ ဝန်ထမ်းများအကြား စည်းလုံးညီညွတ်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တိုးပွားစေရန်၊ ဝန်ထမ်းအချင်းချင်း အပြန်အလှန် ညီညွတ်မျှတစွာဖြင့် ပူးပေါင်းဆောင်ရွက်တတ်စေရန် ရည်ရွယ်လျက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၏ သတ္တမအကြိမ် ဝန်ထမ်းမိသားစုထမနဲထိုးပြိုင်ပွဲကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် ထမနဲထိုးပြိုင်ပွဲသည် မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ ကျင်းပခြင်းဖြစ်ပြီး ဝန်ထမ်းများအကြား အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု၊ ပျော်ရွှင်မှု၊ စည်းလုံးညီညွတ်မှုတို့ကို ဖော်ဆောင်သည့် တပို့တွဲလ၏ ရိုးရာဓလေ့ပွဲဖြစ်ကြောင်း၊ ထမနဲသည် တပို့တွဲလ၏ ပုံရိပ်သင်္ကေတဖြစ်ပြီး ကောက်ဦးပေါ်ချိန်တွင် ထမနဲထိုးပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲဝင် အသင်းသားများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တက်ညီလက်ညီ ဆောင်ရွက်ရသော ပွဲဖြစ်သဖြင့် ဌာန၏ စုပေါင်းအင်အားကိုပြသခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် အသင်းအဖွဲ့စိတ်ဓါတ်ဖြင့် စည်းစည်းလုံးလုံး ပါဝင်ယှဉ်ပြိုင်စေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ပြိုင်ပွဲဝင်အသင်းများ၏ အားကြိုးမာန်တက် ယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးကြပြီး ဝန်ထမ်းများကလည်း အိုးစည်ဒိုးပတ် သံချပ်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုတီးမှုတ်၍ အားပေးကြသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၏ ထမနဲထိုးပြိုင်ပွဲတွင် ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာန ၂ ခုတို့မှ ဝန်ထမ်းများပါဝင်သည့် ပြိုင်ပွဲဝင် အဖွဲ့သုံးဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် အနိုင်ရရှိသောအဖွဲ့များကို ဆုများအသီးသီး ချီးမြှင့်ပေးအပ် ခဲ့ကြောင်း သတင်းရရှိပါသည်။



## အာဆီယံစီးပွားရေးအသိုက်အဝန်း မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆ -၂၀၃၀) ကို အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက် (မူကြမ်း) နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

အာဆီယံစီးပွားရေး အသိုက်အဝန်း မဟာဗျူဟာ လုပ်ငန်းအစီအစဉ် (၂၀၂၆ - ၂၀၃၀) ကို အကောင်အထည် ဖော်မည့် လုပ်ငန်းစီမံချက် (မူကြမ်း) နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်၍ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁)၊ နေပြည်တော်၌ ကျင်းပသည်။ အစည်းအဝေးတွင် ပြည်ထောင်စု ဝန်ကြီးက အမှာစကားပြောကြားရာ၌ မိမိတို့နိုင်ငံ အနေဖြင့် အာဆီယံနှင့် မိတ်ဝတ်မပျက် ဆက်ဆံဆောင်ရွက်လျက်ရှိရာ အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ) အောက်မှ လုပ်ငန်းများကို အခြားအာဆီယံ နိုင်ငံများနည်းတူ လိုက်ပါအကောင်အထည် ဖော်နိုင်ရေးအတွက် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ အေအီးစီ ၂၀၁၅ အတွက် ဘာသာရပ်ဆိုင်ရာ ဌာနများနှင့် လုပ်ငန်းကော်မတီ ၁၅ ခုကို ဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သကဲ့သို့ အေအီးစီ ၂၀၂၅ အတွက် လုပ်ငန်းကော်မတီ ၂၂ ခုဖွဲ့၍ အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ အာဆီယံအနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အနာဂတ်ရည်မှန်းချက်အတွက်နောင်နှစ် (၂၀) အထိမျှော်မှန်း၍ အာဆီယံ မျှော်မှန်းချက် ၂၀၄၅ ကို ရေးဆွဲထားပြီးဖြစ်ကာ ယင်းမျှော်မှန်းချက်ကို ၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် (၄၆) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အတည်ပြုခဲ့ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် အေအီးစီအနေဖြင့် အာဆီယံ မျှော်မှန်းချက် ၂၀၄၅ ကို ၅ နှစ်တာ လုပ်ငန်းအစီအစဉ် ၄ ခု ချမှတ်၍ အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ) မဟာဗျူဟာ လုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀) ကို ပထမ ၅ နှစ်အတွက် ရေးဆွဲခဲ့ပါကြောင်း၊ ယင်းလုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀) ရေးဆွဲရာတွင် သက်ဆိုင်ရာ ဌာနများ၏ သဘောထားများမေးမြန်း ဆောင်ရွက်ခဲ့သည့်အပြင် အေအီးစီလုပ်ငန်းကော်မတီအစည်းအဝေးများတွင်လည်း ဝန်ကြီးဌာနများကို ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ ရေးဆွဲပြီးသည့် လုပ်ငန်းအစီအစဉ်ကိုလည်း ဝန်ကြီးဌာနများ သိရှိနိုင်ရေး ဖြန့်ဝေခဲ့ပါကြောင်း၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် ရန်ကုန်မြို့၌ **“အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက် : ၂၀၄၅ နှင့် အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ) မဟာဗျူဟာလုပ်ငန်း အစီအစဉ် (၂၀၂၆-၂၀၃၀) တို့နှင့်စပ်လျဉ်းပြီး ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းရှင်များအား အသိပညာမျှဝေသည့်ဆွေးနွေးပွဲ”** ကို လည်းကျင်းပခဲ့ပါကြောင်း၊ အေအီးစီ မဟာဗျူဟာ လုပ်ငန်း အစီအစဉ် (၂၀၂၆-၂၀၃၀) တွင် လုပ်ငန်းကဏ္ဍ (၂၅) ခုပါရှိရာ အဆိုပါ ကဏ္ဍများအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းအစီအစဉ် (Sectorial Plan) များကိုလည်း ရေးဆွဲထားပါကြောင်း၊ အေအီးစီ မဟာဗျူဟာလုပ်ငန်း အစီအစဉ် ၂၀၂၆-၂၀၃၀ တွင် ပါဝင်သော အသေးစိတ် လုပ်ငန်းများနှင့် ကဏ္ဍ (၂၅) ခုကို အခြေခံပြီး လုပ်ငန်းစီမံချက် (မူကြမ်း) ရေးဆွဲထားပါကြောင်း ပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းစီမံချက် (မူကြမ်း) အပေါ် ဝန်ကြီးဌာနများ၏ သဘောထားများ စုစည်း၍ ပြုလွယ်ပြောင်းလွယ်တဲ့ Living Document အဖြစ် ထားရှိသွားမှာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒေသတွင်း လိုက်ပါဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆောင်ရွက် သကဲ့သို့ လက်ရှိဖြစ်ပေါ်နေသည့် ပထဝီနိုင်ငံရေး နှင့် ပထဝီစီးပွားရေး အလှည့်အပြောင်းတွင် အမျိုးသား အကျိုးစီးပွား ဖြစ်ထွန်းနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း၊ အေအီးစီ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုများရှိပါက အချိန်နှင့် တစ်ပြေးညီ တင်ပြပေးရန်နှင့် ဌာနများအကြား (Cross-cutting) ညှိနှိုင်းမှုများအတွက် ဘာသာရပ်ဆိုင်ရာဌာနများ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် အေအီးစီ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှုကို အထောက်အပံ့ပေးရန်နှင့် ပူးပေါင်းဆောင်ရွက်ပေးရန်အတွက် အမြဲအဆင်သင့်ရှိပါကြောင်း တိုက်တွန်းပြောကြားသည်။ ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိဖြစ်သူ

ဒေါက်တာမာလာမျိုးညွန့်က အေအီးစီ ၂၀၁၅ နှင့် အေအီးစီ ၂၀၂၅ အောက်မှလုပ်ငန်းများ အကောင်အထည်ဖော်မှုနှင့် အေအီးစီမဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆ - ၂၀၃၀) ကို အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက် (မူကြမ်း) ရေးဆွဲထားရှိမှုတို့နှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။ ထို့နောက် လုပ်ငန်းစီမံချက် (မူကြမ်း) နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများကလုပ်ငန်းကော်မတီများဖွဲ့စည်းမှု၊ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်ရန်ကိစ္စရပ်များအပေါ် သဘောထား အမြင်များကို ပွင့်လင်းစွာဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။ အဆိုပါအစည်းအဝေးသို့ အာဆီယံစီးပွားရေး အသိုက်အဝန်း မဟာဗျူဟာလုပ်ငန်း အစီအစဉ် (၂၀၂၆-၂၀၃၀) ကို အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက် (မူကြမ်း) တွင် ပါဝင်သောဒုတိယဝန်ကြီးများ၊ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့် အရာရှိများနှင့် တာဝန်ရှိသူများ စုစုပေါင်း ( ၅၀ ) ဦးခန့် တက်ရောက်သည်။



**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ (၂၇) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပါဝင်တက်ရောက်**

ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ နိုဝင်ဘာလ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပသော (၂၇) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျီအမ်အက်စ်ဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတက်ရောက်ပါရန် ထိုင်းနိုင်ငံ၊ အမျိုးသား စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုကောင်စီမှ ဒုတိယဝန်ကြီးချုပ်ဖြစ်သူ Mr. Ekniti Nitithanprapas ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးသန့်စင်လွင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

နိုဝင်ဘာလ ၂၇ ရက် မွန်းလွဲပိုင်းတွင် ကျင်းပခဲ့သည့် ဂျီအမ်အက်စ် စီးပွားရေး ဖိုရမ်အဆင့်မြင့် မူဝါဒဆွေးနွေးပွဲ၌ ဂျီအမ်အက်စ်အစီအစဉ်၏ ဦးစားပေးကဏ္ဍအလိုက် အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ အဟန့်အတားများကို ပူးပေါင်းဖြေရှင်းနိုင်မည့် နည်းလမ်းများ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ အကြား ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ တက်ရောက်လာသည့်

ဂျီအမ်အက်စ် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဖွဲ့ဝင်နိုင်ငံများရှိ ဂျီအမ်အက်စ် စီးပွားရေးကောင်စီ အသီးသီးမှ ကိုယ်စားလှယ်များအကြား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုဝင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့သည့် ဝန်ကြီးများအဆင့် အလွတ်သဘော အစည်းအဝေး၌ မဟာမဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များတွင် ပုဂ္ဂလိကကဏ္ဍနှင့် ဒေသန္တရအစိုးရများ၏ ပါဝင်မှု ပိုမိုအားကောင်းစေရေး ကိစ္စရပ်များအပေါ်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအကြား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။


(၂၇) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများ မျက်နှာစုံညီ အစည်းအဝေးကို **"GMS ဒေသခွဲတွင် ဒေသန္တရ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပေါင်းစည်းပါဝင်ခြင်းဖြင့် အားလုံးပါဝင်သည့် တိုးတက်မှု၊ ဟန်ချက်ညီသော ဖွံ့ဖြိုးမှု နှင့် သာယာဝပြောမှုရရှိစေရန် ဖော်ဆောင်ရေး"** ဟူသည့် ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ ဖွင့်ပွဲအခမ်းအနားတွင် ဂျီအမ်အက်စ် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယ ဥက္ကဋ္ဌ တို့က အမှာစကား အသီးသီး ပြောကြားခဲ့ကြသည်။

ဝန်ကြီးများမျက်နှာစုံညီ အစည်းအဝေးတွင် အဆင့်မြင့် အရာရှိများ အစည်းအဝေး၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ အစည်းအဝေး၊ စီးပွားရေးကောင်စီအစည်းအဝေးနှင့် ဒေသန္တရ အစိုးရများ ဖိုရမ်ရလဒ်များအပေါ် တက်ရောက်လာသည့် ဂျီအမ်အက်စ် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက အကြံပြု ဆွေးနွေး ခဲ့ကြသည်။

(၂၇) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများ အစည်းအဝေးကို အိမ်ရှင်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ သီဟာသက် ဖူးအန်းကက်တေးကောက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်၊ အရှေ့အာရှ၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာဒုတိယဥက္ကဋ္ဌမစ္စတာ စခေါ့တ်မောရစ်က တွဲဖက်သဘာပတိ အဖြစ် ဆောင်ရွက်ခဲ့သည်။

အဆိုပါ (၂၇) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများမျက်နှာစုံညီ အစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံ၊ ဂျီအမ်အက်စ်ဝန်ကြီးက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ပြီး၊ အခြားအဖွဲ့ဝင် နိုင်ငံများဖြစ်ကြသည့် တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံညှိနှိုင်း ရေးမှူးများ၊ အဆင့်မြင့်အရာရှိများ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ် စုစုပေါင်း (၁၅၀) ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်တွင် မြန်မာနိုင်ငံမှ ထွက်ခွာခဲ့ပြီး နိုဝင်ဘာလ ၂၉ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။ အစည်းအဝေးတွင် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဂျီအမ်အက်စ် မဟာဗျူဟာ၊ ဒေသတွင်းရင်းနှီးမြှုပ်နှံမှု မူဘောင် (၂၀၂၆-၂၀၂၈) တို့ကို အတည်ပြုခဲ့ပြီး (၂၇) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများအစည်းအဝေး၏ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။



# ဦးစီးဌာန သတင်းများ

ရင်းနှီး/ စီးပွား သတင်းလွှာ

MIFER Bulletin (1/2026)

## ဒုတိယအကြိမ်မြောက် အက်ခ်မက်ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းမှုကော်မတီနှင့် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကျင်းပ

**"ဒုတိယအကြိမ်မြောက် အက်ခ်မက် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းမှု ကော်မတီနှင့် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ အစည်းအဝေး"**ကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၏ ဦးဆောင်မှုဖြင့် အက်ခ်မက် အဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဌာနများမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်၍ ရန်ကုန်မြို့ရှိ ရင်းနှီး မြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်၌ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် အွန်လိုင်းဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် အက်ခ်မက်မဏ္ဍိုင် – ၂ ထပ်တူကျသော အက်ခ်မက် စီးပွားရေး၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ ရင်းနှီး မြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်နှင့် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက အဖွင့်အမှာစကား အသီးသီး ပြောကြားခဲ့ကြပါသည်။ ဆက်လက်၍ ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ ပြည်ပကုန်သွယ်ရေးဌာနမှ ညွှန်ကြားရေးမှူး Mr. Perapat Uthaisri က အက်ခ်မက်ပင်မ စီမံချက် (၂၀၁၉ – ၂၀၂၃) အကောင်အထည် ဖော်နိုင်မှုအပေါ် ဆွေးနွေး တင်ပြပြီး ၎င်းစီမံချက်အား ပြန်လည်သုံးသပ်ခြင်းကို လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်ဦး နှင့်တာဝန်ရှိသူများက "ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုကဏ္ဍ" အောက်ရှိ "အက်ခ်မက် အဖွဲ့ဝင်နိုင်ငံ များအကြား ကုန်သွယ်မှု လွယ်ကူချောမွေ့စေခြင်းနှင့် လုပ်ထုံးလုပ်နည်းများ ရိုးရှင်းလွယ်ကူစေခြင်း" အပိုင်း ကို လည်းကောင်း၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ကျင်က "တန်ဖိုးကွင်းဆက်နှင့် ထုတ်လုပ်မှု ကွင်းဆက်ကို ပေါင်းစည်းနိုင်ရေးနှင့် စပ်လျဉ်း၍ မဏ္ဍလေး လျှောက်ကြီးပြီးနောက် ထိခိုက်မှုများမှ ပြန်လည် ဦးမော့ စေရေးနှင့် ဒေသတွင်း ဈေးကွက် ဝင်ရောက်ခွင့်ရရှိရေး" အပိုင်းကို လည်းကောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မြင့်ဆန်း က **"တောင်ဘက်ပိုင်း စီးပွားရေး စင်္ကြံတစ်လျှောက် အက်ခ်မက် အထူးစီးပွားရေး ဇုန်များတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း – ထားဝယ် အထူး စီးပွားရေးဇုန် တိုးတက်စေခြင်း"** အပိုင်းကိုလည်းကောင်း အသီးသီး ရှင်းလင်း တင်ပြဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ **"ဘဏ္ဍာရေးပူးပေါင်း ဆောင်ရွက်မှု"** အောက်ရှိ ထိုင်းနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေကြေး မူဝါဒဆိုင်ရာရုံးမှ ညွှန်ကြားရေးမှူးဖြစ်သူ Mr. Thanakorn Praiwan က **"မဟာဗျူဟာမြောက် အဆိုပြု စီမံကိန်းများ အတွက် ဘဏ္ဍာငွေ ရရှိနိုင်ခြင်း"** အပိုင်းကိုလည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နီနီသန်းက "အက်ခ်မက် ဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေမှတစ်ဆင့် ဘဏ္ဍာရေးပူးပေါင်း ဆောင်ရွက်မှုကို အားကောင်းစေခြင်း" အပိုင်းကို လည်း ကောင်း၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်မှ ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ခင်ဆွေက **"ဒေသတွင်းရင်းနှီးငွေဈေးကွက် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း"** အပိုင်းကိုလည်းကောင်း အသီးသီးရှင်းလင်း တင်ပြဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီး ဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က တတိယ အကြိမ်မြောက် အက်ခ်မက် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းမှုကော်မတီနှင့် ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကို မြန်မာ နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပနိုင်ရေးအပေါ် ဆွေးနွေးခဲ့ပါ သည်။ ယခုအစည်းအဝေး၏ ဆွေးနွေးမှုများကို အကျဉ်းချုပ် တင်ပြ၍ နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေး ကို ရုပ်သိမ်းခဲ့ပါသည်။

အစည်းအဝေးသို့ အက်ခ်မက်မဏ္ဍိုင် –၂ ထပ်တူကျသော အက်ခ်မက် စီးပွားရေး၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်း ညှိနှိုင်းရေးအဖွဲ့၏ အဖွဲ့ဝင်များ၊ အက်ခ်မက်အဖွဲ့ဝင်နိုင်ငံ များဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့်

ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်း ညှိနှိုင်းရေးအဖွဲ့၏ အတွင်းရေးမှူးရုံး ဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်းများ၊ စုစုပေါင်း ၅၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။






## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးက အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၂၀၀ ခန့်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုကို ခွင့်ပြု

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို နေပြည်တော်ရှိ ရုံးအမှတ် (၅) ၊ အစည်းအဝေး ခန်းမ၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။



အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၆ ခုမှ မတည်ငွေရင်း တိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ၅ ခုကိုလည်းကောင်း၊ စက်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့မှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ၉ ခု ကိုလည်းကောင်း ခွင့်ပြုပေးခဲ့ပါသည်။အဆိုပါလုပ်ငန်းများ၏ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၅၇.၂၉၅ သန်းနှင့် ကျပ် ၄၅၅၀၂.၉၇၈ သန်းဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်း ပေါင်း ၄၁၁၉ ဦးကို ဖန်တီး ပေးနိုင်မည်ဖြစ်ပါသည်။

အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် နိုင်ငံအတွက် အဓိက လိုအပ်လျက်ရှိသည့် လျှပ်စစ်သုံး နှစ်ဘီး/ သုံးဘီး မော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ခြင်း လုပ်ငန်း၊ မော်တော်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်း လုပ်ငန်းများနှင့် ပညာရေး ဝန်ဆောင်မှု လုပ်ငန်းများ၊ စားသောက်ကုန် ထုတ်လုပ်ငန်းများနှင့် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်း တို့လည်းပါဝင်သည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၃ ခု အနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ/ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံ နှင့် ထိုင်းနိုင်ငံတို့ဖြစ်ပါသည်။ စီးပွားရေးကဏ္ဍ ၁၂ ခု အနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈.၂၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄.၆၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄.၆၀ ရာခိုင်နှုန်းဖြင့် လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်း

ပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များအား စိစစ်ခွင့်ပြုခြင်းကို လည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

## ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများဖော်ထုတ်မြှင့်တင်နိုင်ရေး ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုဖိုရမ်(၂၀၂၅)ကျင်းပခြင်း

ကရင်ပြည်နယ်သည် မဟာမဲခေါင်ဒေသခွဲ အရှေ့-အနောက် စီးပွားရေး စင်္ကြံလမ်းကြောင်းပေါ်တွင် တည်ရှိပြီး သာယာလှပသော တောတောင်ရေမြေ သဘာဝရှုခင်းများ၊ စက်မှုကုန်ကြမ်းနှင့် အဖိုးတန်ဓာတ် သတ္တုများပေါများစွာ ထွက်ရှိခြင်းတို့ကြောင့် ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းအများအပြားကို ဖော်ထုတ်မြှင့်တင်နိုင်ရန် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီတို့မှ ဦးဆောင်၍ ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုဖိုရမ် (၂၀၂၅) ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ဘားအံမြို့၊ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကရင်တိုင်းရင်းသား လူငယ်မောင်မယ်များက စည်းလုံးခြင်းသည်အင်အားဟု အဓိပ္ပါယ် ရရှိသော အောဟုအောဟောင် ကရင်တေးသီချင်းအား ကရင်ရိုးရာဒုံးအကဖြင့် သီဆိုကပြဖျော်ဖြေကြပြီး ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မင်္ဂလာဖားစည်အား တီးခတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်



ရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၂၅ ၏ အဓိက ဦးတည်ချက်ဖြစ်သော Smart Investor , Green Investment ; The New Age of Kayin ဟူသည့် ဖော်ပြမှုနှင့်အညီ ရင်းနှီးမြှုပ်နှံသူများမှ ဥပဒေကို လေးစားလိုက်နာ၍ တာဝန်ယူမှုတာဝန်ခံမှုရှိသော သဘာဝပတ်ဝန်းကျင်အား ရေရှည်စဉ်ဆက်မပြတ် ထိန်းသိမ်းသော၊ လူမှုပတ်ဝန်းကျင်၏ တိုးတက်ဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကရင်ပြည်နယ်အတွင်း လာရောက်ဆောင်ရွက်ခြင်းဖြင့် အနာဂတ်များအား အတူလက်တွဲ လျှောက်လှမ်းသွားကြရန် ဖိတ်ခေါ်ပြောကြားသည်။




ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကရင်ပြည်နယ်ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖိုရမ် ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးကြသော ကုမ္ပဏီများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ချီးမြှင့်ပေးအပ်ကာ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ကရင်ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုအလားအလာ၊ လိုလားမှု၊ စိန်ခေါ်မှုနှင့် ရရှိနိုင်မည့်အခွင့်အရေးများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခင်းကျင်း ပြသထားသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုဆိုင်ရာ သဘာဝ အလှဓာတ်ပုံပြခန်း၊ ဒေသထွက်စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်နှင့် တွင်းထွက်ပစ္စည်းပြခန်းများ၊ ဒေသတွင်း ထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာ ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အစီအစဉ်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စိုက်ပျိုးမွေးမြူရေးအခြေပြု စက်မှုကဏ္ဍဆိုင်ရာ စကားဝိုင်းကိုလည်းကောင်း၊ စက်မှုဝန်ဆောင်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး လုပ်ငန်းများအား ချိတ်ဆက်ခြင်းဆိုင်ရာ စကားဝိုင်းကိုလည်းကောင်းပြုလုပ်ရာ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံမှုကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေး၍ စီးပွားရေး ချိတ်ဆက်မှုများ ဆောင်ရွက်နိုင်ခဲ့ကြသည်။ ယင်းနောက် ကရင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

## နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃ /၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ (NCIC) ၏ (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် နေပြည်တော်ကောင်စီရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကော်မတီအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသည့် ဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် စက်မှုကဏ္ဍ၌ ဆောင်ရွက်ဆဲ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ တည်ဆောက်ရေးကာလ တိုးမြှင့်ခွင့်နှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ခဲ့သည်။



## နေပြည်တော် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ မြေပြင်ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း

နေပြည်တော် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ဆောင်ရွက် ခွင့်ပြုခဲ့သည့် နေပြည်တော်အတွင်းရှိ စီးပွားဖြစ်စတင်ရန် ဆောင်ရွက်ထားသည့် တန်ဖိုးမြှင့် ဝါးပေါင်းသား ယင်းလိပ် ထုတ်လုပ်ခြင်းလုပ်ငန်း၊ City Park အမည်ဖြင့် အဆောက်အဦများ ဆောက်လုပ်၍ နှစ်တို၊ နှစ်ရှည် ငှားရမ်းခြင်းလုပ်ငန်းနှင့် အကျိုးတူလယ်ယာ စနစ်ဖြင့် ဆန်စပါး စိုက်ပျိုးထုတ်လုပ်ခြင်း၊ ဆန်နှင့် ဆန်ထွက်ပစ္စည်းများ ထုတ်လုပ်တင်ပို့ ရောင်းချခြင်း လုပ်ငန်းတို့သို့ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်တွင် သွားရောက် ကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄ /၂၀၂၅) ကြိမ်မြောက်အစည်းအဝေးကျင်းပခြင်း

နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် နေပြည်တော်ကောင်စီရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကော်မတီအဖွဲ့ဝင်များနှင့် အထူး ဖိတ်ကြားထားသည့် ဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် စက်မှုကဏ္ဍ၌ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်တစ်ခုကို အတည်ပြုမိန့် ထုတ်ပေးရန် ဆွေးနွေး အတည်ပြုခဲ့ပြီး၊ ဆောင်ရွက်ဆဲ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ တည်ဆောက်ရေးကာလတိုးမြှင့်ခွင့်နှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ခဲ့သည်။



## နေပြည်တော်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ မြေပြင်ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း

နေပြည်တော် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ဆောင်ရွက် ခွင့်ပြုခဲ့သည့် နေပြည်တော်အတွင်းရှိ စီးပွားဖြစ်စတင်ရန် ဆောင်ရွက်ထားသည့် လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်များ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဆက်သွယ်ရေး ကွန်ယက်အထောက်အကူပြု တာဝါတိုင် တည်ဆောက်ခြင်းနှင့် ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းနှင့် Data Center နှင့် ၎င်းနှင့်ဆက်စပ်သော ဝန်ဆောင်မှုလုပ်ငန်းများသို့ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်တွင် သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။






## ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း

ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏(၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် ကယားပြည်နယ် အစိုးရ အဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်း အဝေးသို့ ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ကော်မတီ အဖွဲ့ဝင်များနှင့် ရင်းနှီးမြှုပ်နှံသူများ တက်ရောက်ခဲ့ ကြပါသည်။

အစည်းအဝေးတွင် ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီက ပြောင်းအခြောက်ခံ သန့်စင် ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်း ၏ တည်ဆောက်ရေးကာလ သက်တမ်း တိုးမြှင့်ခွင့်နှင့် ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများဆွေးနွေးပွဲ ကျင်းပနိုင်ရန် ကြိုတင် ပြင်ဆင် ဆောင်ရွက်ထားရှိမှု ကိစ္စရပ်များကို ဆွေးနွေးခဲ့ ကြပါသည်။



## ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများဆွေးနွေးပွဲကျင်းပခြင်း

ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး အခွင့်အလမ်းများ ဆွေးနွေးပွဲကို ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပြည်နယ်ခန်းမ၌ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲတွင် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ကယား ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ထို့နောက် ရင်းနှီး မြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ကယား ပြည်နယ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုင်းတင် အောင်သိန်းက **"ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ ပါသည်။

ဆက်လက်၍ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ ဖြစ်သော စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပြည်နယ်စည်ပင်သာယာ ရေးအဖွဲ့နှင့် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန တို့မှ ပြည်နယ်ဦးစီးမှူးများက သက်ဆိုင်ရာ ကဏ္ဍ အလိုက် အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးကြပြီး ဆွေးနွေး ပွဲတက်ရောက်လာသော လုပ်ငန်းရှင်များ၏ သိရှိလိုသည့် မေးမြန်းခြင်းအပေါ် သက်ဆိုင်ရာ ဌာနအလိုက် ပြန်လည် ဖြေကြားခဲ့ကြပါသည်။



## ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၂၅) ကြိမ်မြောက်အစည်းအဝေးကျင်းပခြင်း

ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၅/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ ဥက္ကဋ္ဌ၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ကရင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့် အပါအဝင် အဖွဲ့ဝင် (၇) ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ခွင့်ပြုထားသည့် ကုမ္ပဏီက တည်ဆောက်ရေးကာလအားတိုးမြှင့်ခွင့်ပြုပါရန် တင်ပြလာမှုအပေါ်စိစစ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခဲ့ကြမှုအပေါ် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များက စိစစ်အတည်ပြု၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံသို့ ဆက်လက်တင်ပြ သွားရန် ဆုံးဖြတ်ခဲ့ပါသည်။



## တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၆/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၆/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။အစည်းအဝေးသို့ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ ဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကော်မတီအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသော သက်ဆိုင်ရာ ဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ခေတ်မီရေငန် ပုစွန် မွေးမြူ ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်းနှင့် ဝဥအလွှာအခြောက်ခံ လုပ်ငန်းတို့ကို အတည်ပြုမိန့် လျှောက်ထားလွှာတင်ပြလာခြင်းအပေါ် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆက်စပ်ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ခွင့်ပြုပေးခဲ့ပြီး လုပ်ငန်း ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြပါ သည်။



## တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇ /၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးအား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ တနင်္သာရီတိုင်း ဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် ကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသော သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ကုမ္ပဏီ ၃ ခုမှ အတည်ပြုမိန့် လျှောက်ထားလွှာ တင်ပြလာခြင်းအပေါ် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များက ဆက်စပ် ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ အတည်ပြုမိန့် ထုတ် ပေးနိုင်ရေး ဆွေးနွေးခဲ့ကြပါသည်။






## မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက်နေ့တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ အောင်ဆန်း ခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ ဥက္ကဋ္ဌ၊ မွန်ပြည်နယ် အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ကော်မတီအဖွဲ့ဝင်များနှင့် ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁ ခုအား အတည်ပြုပေးခြင်းနှင့် အစုရှယ်ယာ လွှဲပြောင်းဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာသော လုပ်ငန်း ၁ ခုကို အတည်ပြုပေးခြင်း တို့ကို ဆွေးနွေးပြောကြားခဲ့ပါသည်။



## မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅ /၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ အောင်ဆန်း ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီ ဥက္ကဋ္ဌ၊ မွန်ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ အထူး ဖိတ်ကြားထားသော သက်ဆိုင်ရာဌာနများ တက်ရောက် ခဲ့ကြပါသည်။

အစည်းအဝေးတွင် ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့် ခွင့်ပြုပါရန် တင်ပြလာသော လုပ်ငန်း ၁ ခု၊ ရင်းနှီးမြှုပ်နှံသူ အမည်ပြောင်းလဲခြင်းနှင့် အစု ရှယ်ယာလွှဲပြောင်းခြင်း လုပ်ငန်း ၁ ခု တို့ကို အတည်ပြုပေးခဲ့ပါသည်။



## မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ (၁၀/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ (၁၀/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၅ ခုနှစ် ၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီ ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြ ပါသည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံသား ရင်းနှီး မြှုပ်နှံမှု လုပ်ငန်း ၁ ခု ၏ ရင်းနှီးမြှုပ်နှံမှု မြေဧရိယာ တိုးချဲ့ခွင့်နှင့် ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ခွင့် တင်ပြခြင်း အပေါ် ဆွေးနွေးခဲ့ကြပြီး မကွေးတိုင်းဒေသကြီးရင်းနှီး မြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်း ဝန်ဆောင်မှု ပေးခဲ့သည့်လုပ်ငန်းအပေါ် ဆွေးနွေးခဲ့ကြပါသည်။



## မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မကွေးမြို့ရှိ ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း ၂ ခု သို့ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် သွားရောက် စစ်ဆေးပြီး ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ ပါသည်။



## မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ (၁၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။



အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှုပေးခဲ့သည့် လုပ်ငန်းများအပေါ် ဆွေးနွေးခဲ့ကြပါသည်။

## ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၇ ခုနှင့် ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁ ခု တို့ကို အတည်ပြုပေးခဲ့ပါသည်။ အတည်ပြု ပေးခဲ့သည့် လုပ်ငန်းများမှာ CMP စနစ်ဖြင့် ဆောင်ရွက်ကြမည့် Wearing Apparel အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၊ အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း၊ အရှည်အသွေးမြင့် Poly Resin Ornaments, Christmas Ornaments, Home Decorations, Ceramic, Porcelain Figurines and Cold Cast Bronze Ornaments and Collectibles အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ နားကြပ်နှင့် ဆက်စပ်ပစ္စည်း အမျိုးမျိုး ထုတ်လုပ်ခြင်း လုပ်ငန်းနှင့် ပလတ်စတစ်အိတ် အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းတို့ဖြစ်ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၂.၄၀၈ သန်းဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်း ၆,၇၈၆ ဦး အတွက် ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်မည့် လုပ်ငန်း ၃ ခုအပါအဝင် အထွေထွေ ကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ (၁၈) ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေး ဆုံးဖြတ်ခဲ့ကြပါသည်။





## ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ အထူး ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် ဟိုတယ်နှင့် ခရီးသွားလာရေး ကဏ္ဍတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁ ခု၊ စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၂ ခု၊ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၂ ခုနှင့် အခြားဝန်ဆောင်မှု ကဏ္ဍတွင် ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁ ခု တို့ကို အတည်ပြုပေးခဲ့ပါသည်။ အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်၍ ၁၀၀% ပြည်တွင်း၌ ရောင်းချခြင်းလုပ်ငန်း၊ ဆန်ကြိတ်ခွဲ၍ ပြည်ပသို့ ၉၀.၇၄% တင်ပို့၍ ပြည်တွင်း၌ ၉.၂၆% ထုတ်လုပ် တင်ပို့ရောင်းချခြင်းလုပ်ငန်း၊ လယ်ယာထွက်သီးနှံများအား တန်ဖိုးမြှင့်တင် ထုတ်လုပ်ပြီး ၁၀၀% ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်း၊ Recycle Metal scraps Product အမျိုးမျိုးအား ခွဲခြားထုတ်ပိုး၍ ၁၀၀% ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်း၊ SKD စနစ်ဖြင့် လောင်စာဆီသုံး ၂ ဘီး၊ ၃ဘီး မော်တော်ဆိုင်ကယ် အမျိုးမျိုး တပ်ဆင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ပြည်တွင်း၌ ၁၀၀% ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းနှင့် ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းတို့ ဖြစ်ပါသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏမှာ ကျပ် ၉,၅၆၄.၀၂၀ သန်း နှင့် အမေရိကန်ဒေါ်လာ ၄.၉၈၈ ဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ၄၁၅ ဦး အတွက် ဖန်တီး ပေးနိုင်မည် ဖြစ်ပါသည်။

ထို့အပြင် အစည်းအဝေးတွင် ပြည်တွင်း ဝန်ထမ်း ၄၃၀ ဦး တိုးမြှင့် ခန့်ထားခွင့် တင်ပြလာသည့် လုပ်ငန်း ၁ ခု အပါအဝင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၇ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေး ဆုံးဖြတ်ခဲ့ကြပါသည်။





## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ကွင်းဆင်းကြည့်ရှုခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် လှိုင်သာယာ (အရှေ့ပိုင်း)နှင့် (အနောက်ပိုင်း)မြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့ရှိ နိုင်ငံတကာ အဆင့်မီ တန်ဖိုးမြင့် ဆန်ထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း၊ အိတ်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း၊ Poly Resin အား အခြေခံ၍ အရည်အသွေးမြင့် Poly Resin၊ Cold Cast Bronze၊ Pewter ကြွေထည် ရုပ်ထုများနှင့် ပန်းပုရုပ်ထုများ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီတို့၏ မြေပြင်လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများအား ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။




## ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ကွင်းဆင်းစစ်ဆေးခြင်း

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (ARIC) ၏ အတည်ပြုမိန့်ဖြင့် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လျက်ရှိသည့် ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်ရှိ CMP စနစ်ဖြင့် အထည် အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်းသို့ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



## ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ၅/၂၀၂၅ ကြိမ်မြောက်အစည်းအဝေးကျင်းပခြင်း

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ ၅/၂၀၂၅ ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များတက် ရောက်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးတွင် မတည်ငွေရင်း ပမာဏတိုးမြှင့်ခြင်း၊ တည်ဆောက်ရေးကာလ တိုးမြှင့်ခြင်း၊ မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည့် ကုမ္ပဏီအမည်ပြောင်းလဲခြင်း၊ ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းအမျိုးအစား ပြင်ဆင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံသည့် အရပ်ဒေသ ပြောင်းလဲခြင်းလုပ်ငန်း ၆ ခုကို အတည်ပြုပေးနိုင်ခဲ့ပါသည်။



# ပြည်တွင်း/ ပြည်ပ စီးပွားရေးသတင်းများ

ရင်းနှီး/ စီးပွား သတင်းလွှာ

MIFER Bulletin (1/2026)

## ထိုင်းနိုင်ငံအတွင်းသို့ တင်သွင်းမည့် တိရစ္ဆာန်အစာပြောင်းနှင့် ဂျုံသွင်းကုန်များအတွက် မီးလောင်ထားမှုကင်းစင်ကြောင်း အထောက်အထား တင်ပြရန်လိုအပ်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ အသက်ဝင်မည့် ထိုင်းနိုင်ငံအတွင်းသို့ တင်သွင်းမည့် တိရစ္ဆာန်အစာပြောင်းနှင့် ဂျုံသွင်းကုန်များအတွက် မီးလောင်ထားမှုကင်းစင်ကြောင်း အထောက်အထားဆိုင်ရာ လုပ်ထုံးလုပ်နည်း ၄ ခုကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနက ထုတ်ပြန်ခဲ့ကြောင်း The Nation သတင်းဝက်ဘ်ဆိုဒ်တွင် "**New rules tighten feed corn, wheat imports; burn-free proof required**" ခေါင်းစဉ်ဖြင့် ဖော်ပြထားပါသည်။

အဆိုပါ အစီအမံများသည် တိရစ္ဆာန်အစာ ပါဝင်ပစ္စည်းသွင်းကုန်များအပေါ် စနစ်တကျရှိစွာ ကြီးကြပ်ရန်၊ ပြည်သူ့ကျန်းမာရေးကို ကာကွယ်ရန်နှင့် အစိုးရမူဝါဒနှင့်အညီ ထိုင်းထုတ်ကုန် စံနှုန်းများကို မြှင့်တင်ရန်ဖြစ်ကြောင်း၊ လုပ်ထုံးလုပ်နည်း ၄ ခုသည် တိရစ္ဆာန်အစာပြောင်းမူဝါဒနှင့် စီမံခန့်ခွဲမှုကော်မတီ၏ ဆုံးဖြတ်ချက်နှင့် ကိုက်ညီပြီး အစိုးရအဖွဲ့က အတည်ပြုခဲ့ပြီးဖြစ်ကြောင်း အစိုးရ ဒုတိယပြောရေးဆိုခွင့်ရှိသူ Ms. Airin Phanrit က ပြောကြားခဲ့ပါသည်။



### တိရစ္ဆာန်အစာ ပြောင်းသည် "no-burn" ထုတ်လုပ်မှုပုံစံဖြစ်ရမည်

**လုပ်ထုံးလုပ်နည်း (၁):** တိရစ္ဆာန်အစာအတွက် အသုံးပြု ရန် တင်သွင်းလာသည့် ပြောင်းသည် စိုက်ပျိုးစဉ်အတွင်း မီးရှို့ထားခြင်းမရှိသည့် မြေ သို့မဟုတ် စိုက်ပျိုးရေး အလေ့အကျင့်များ ဖြစ်ရမည်ဖြစ်ကြောင်း၊ ရည်ရွယ်ချက်မှာ နယ်စပ်ဖြတ်ကျော် မီးခိုးမြူနှင့် PM 2.5 လေထုညစ်ညမ်းခြင်းကို လျှော့ချရန်၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် စိုက်ပျိုးရေးကို အထောက်အကူပြုရန်နှင့် ကမ္ဘာ့ကုန်သွယ်ရေး လမ်းကြောင်းနှင့်အညီ စိုက်ပျိုးရေးထောက်ပံ့မှု ကွင်းဆက်များကို အဆင့်မြှင့်တင်ရန် ဖြစ်ကြောင်း၊ သွင်းကုန်လုပ်ငန်းရှင်များသည် ထုတ်လုပ်သည့် ရင်းမြစ်ဆိုင်ရာ သတင်းအချက်အလက်များကို ပြင်ဆင်ထားပြီး no-burn လိုအပ်ချက်နှင့် ကိုက်ညီသည့် အထောက်အထားများ ပံ့ပိုးပေးရန်နှင့် နောက်ကြောင်းပြန်လိုက်နိုင်ရန် ယင်းအချက်အလက်များကို (၅) နှစ်ကြာ ထိန်းသိမ်းထားရမည်ဖြစ်ကြောင်း။

### AFTA/ATIGA သွင်းကုန်များ - အခွန်ကင်းလွတ်သော်လည်း အထွေထွေတင်သွင်းသူများအတွက် သွင်းကုန်ကာလကန့်သတ်

**လုပ်ထုံးလုပ်နည်း (၂):** ၂၀၂၆ ခုနှစ်အတွက် AFTA/ATIGA အောက်မှ ပြောင်းတင်သွင်းခြင်းကို အကန့်အသတ်မရှိ တင်သွင်းခွင့်ပြုပြီး အာဆီယံနိုင်ငံများမှ တိုက်ရိုက်တင်သွင်းပါက အကောက်ခွန် သုညရာခိုင်နှုန်းဖြစ်ပါကြောင်း၊ သို့သော်လည်း အထွေထွေတင်သွင်းသူများအတွက်မူ ပင်မပြည်တွင်း ရိတ်သိမ်းရာသီတွင် ထိုင်းတောင်သူများ ထိခိုက်မှုမဖြစ်စေရန် ဖေဖော်ဝါရီ ၁ ရက်မှ ဇွန်လ ၃၀ ရက် အထိ ၅ လသို့ လျှော့ချခဲ့ရာ တင်သွင်းကာလတိုတောင်းသွားပါကြောင်း။

### WTO ၏ စိုက်ပျိုးရေးဆိုင်ရာ ကတိကဝတ်များ - သွင်းကုန်ခွဲတမ်းကို တန်ချိန် ၁ သန်းအထိ တိုးမြှင့်ခဲ့ခြင်း

**လုပ်ထုံးလုပ်နည်း (၃)** : ၂၀၂၆ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ WTO စိုက်ပျိုးရေးကတိကဝတ်များ အောက်တွင် ဦးစားပေး အကောက်ခွန်ပေးချေမှုဆိုင်ရာ လက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ ကြေငြာချက်တွင် Public Warehouse Organization (PWO) မှ ယခင်အစီအစဉ် တစ်နှစ်လျှင် တန်ချိန် ၅၄,၇၀၀ တင် သွင်းခွင့်ပြုခဲ့ရာမှ PWO နှင့် အထွေထွေတင်သွင်းသူများအနေဖြင့် ၁ နှစ်လျှင် စုစုပေါင်း တန်ချိန် ၁ သန်း ထိတင်သွင်းခွင့်ပြုပါကြောင်း၊

**ဂျုံခွင့်ပြုမိန့်သည် ယခင်နှစ်က ချဉ်းကပ်မှုအတိုင်းဖြစ်ခြင်း**

**လုပ်ထုံးလုပ်နည်း (၄) :** တိရစ္ဆာန်အစာ စက်ရုံများတွင် ကုန်ကြမ်းလုံလုံလောက်လောက် ရှိစေရန်နှင့် အဆက်မပြတ်စေရန် ၂၀၂၆ ခုနှစ်အတွင်း ဂျုံတင်သွင်းခွင့်ကို ၂၀၂၅ ခုနှစ်အတိုင်း ဖြစ်ပါကြောင်း၊ တိရစ္ဆာန်အစာပြောင်းတွင် "**no-burn**" လိုအပ်ချက်အသစ်များ ကဲ့သို့သော မူဝါဒအသစ်များ မချမှတ်ပါကြောင်း၊ လုပ်ထုံးလုပ်နည်းများသည် အသစ်ဖြစ်ပြီး ထပ်ဆောင်းစာရွက်စာတမ်းများနှင့် စိစစ်ခြင်းဆိုင်ရာ လိုအပ်ချက်များကြောင့် တင်သွင်းသူများသည် no-burn တိရစ္ဆာန်အစာ ပြောင်းဆိုင်ရာ စည်းမျဉ်းများကို ဦးစားပေးလိုက်နာသင့်ကြောင်း၊ အထူးသဖြင့် ပိုမိုတင်းကျပ်သော အရင်းအမြစ်စနစ်များနှင့် ပိုမိုတင်းကျပ်သော ဇာစ်မြစ်စစ်ဆေးမှုများ ပါဝင်သောကြောင့်ဖြစ်ကြောင်း၊ အခြားအစီအမံများသည် စီးပွားရေးလုပ်ငန်းများနှင့် အကျွမ်းတဝင်ရှိထားပြီးဖြစ်ရာ မူဘောင်များကို လိုက်နာဆောင်ရွက်ကြောင်း Ms. Airin က မှတ်ချက်ပြုထားပါသည်။

**စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့**

## ယခုနှစ်အတွင်း ပြည်ပသို့ ထောပတ်သီးတန်ချိန် ၅၀၀၀ ခန့်တင်ပို့နိုင်ရန် မျှော်မှန်းထား

ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသော ထောပတ်သီးများကို ထိုင်းနိုင်ငံသို့ အဓိကတင်ပို့နေပြီး ယခုနှစ်အတွင်း ပြည်ပသို့ တန်ချိန် ၅,၀၀၀ ခန့်တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။



ပြည်တွင်းက စိုက်ပျိုးထွက်ရှိတဲ့ ထောပတ်သီးတွေကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်ဈေးကွက်ကို အဓိကတင်ပို့၍ တခြားဈေးကွက်ကို အနည်းငယ်တင်ပို့လျက်ရှိပြီး ပြည်ပဈေးကွက်အနေဖြင့် ထိုင်းနိုင်ငံကို အဓိကတင်ပို့ကြောင်း မြန်မာနိုင်ငံထောပတ်သီး တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။ ထိုသို့တင်ပို့ရာတွင် ထောပတ်သီးအလုံးလိုက် တင်ပို့ခြင်းဖြစ်ကာ လတ်တလောတွင် အရည်အသွေးနှင့်အရွယ်အစားအလိုက် ဈေးနှုန်း အသီးသီး ရရှိနေကြောင်း သိရသည်။

ပြည်တွင်း၌ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ထောပတ်သီးထွက်လေ့ရှိကာ Hass ထောပတ်သီးအပြင် Buccaneer၊ 034၊ Booth 7 နှင့် အမရာစသည့် ထောပတ်သီးမျိုးများကိုလည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ် ထောပတ်သီးရာသီတွင် မြန်မာနိုင်ငံမှ အေးခဲထောပတ်သီးတန်ချိန် ၂၀၀ ခန့်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ အိန္ဒိယနိုင်ငံသို့ နမူနာပေးပို့ရန်၊ မြန်မာ့ထောပတ်သီးကို အိန္ဒိယနိုင်ငံသို့တင်ပို့ရာတွင် အိန္ဒိယနိုင်ငံ၏ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အိန္ဒိယနိုင်ငံဘက်မှ ပံ့ပိုးပေးရန် နှစ်နိုင်ငံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Source:** https://www.doca.gov.mm/my/node/60304

## ကမ္ဘာတစ်ဝန်းက နိုင်ငံများအပေါ် စည်းကြပ်မည့် အကောက်ခွန် ၁၀ ရာခိုင်နှုန်းကို ၁၅ ရာခိုင်နှုန်းအထိ အမေရိကန်သမ္မတ တိုးမြှင့်မည်

အမေရိကန်သမ္မတ Donald Trump က နိုင်ငံအများအပြားအပေါ် စည်းကြပ်မည်ဟု မကြာသေးမီက ကြေညာခဲ့သည့် အကောက်ခွန် ၁၀ ရာခိုင်နှုန်းကို ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်မည်ဟု ပြောကြားခဲ့ပါသည်။ ထိုကဲ့သို့ အကောက်ခွန် စည်းကြပ်မှုသည် ချက်ချင်းအသက်ဝင်လာမည် ဖြစ်သည့်အပြင် ကမ္ဘာတစ်ဝန်းမှ နိုင်ငံများအပေါ် အကောက်ခွန် ၁၀ ရာခိုင်နှုန်းကို ၁၅ ရာခိုင်နှုန်းအဆင့်ထိ တိုးမြှင့်မည်ဖြစ်ပြီး ၎င်းသည် အပြည့်အဝ ခွင့်ပြုချက်ရထားပြီး ဥပဒေအရ ဘောင်ဝင်သည့် အဆင့်ဖြစ်ကြောင်း မစ္စတာ Trump က ရေးသားဖော်ပြခဲ့ပါသည်။ မစ္စတာ Trump သည် ကုန်သွယ်ရေးအက်ဥပဒေ ပုဒ်မ ၁၂၂ အရ ၁၀ ရာခိုင်နှုန်း အခွန်စည်းကြပ်ရေး အမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။




ကမ္ဘာတစ်ဝန်းမှ နိုင်ငံများအပေါ် အကောက်ခွန်စည်းကြပ်မည့် ၎င်း၏အစီအစဉ်ကို ထိုနေ့အစောပိုင်းတွင် တရားရုံးချုပ်က ပယ်ချလိုက်ပြီးနောက် ယခုကဲ့သို့ဖြစ်လာခြင်း ဖြစ်ပါသည်။ မစ္စတာ Trump သည် ဖက်ဒရယ်အရေးပေါ်ဥပဒေကိုသုံး၍ အကောက်ခွန် စည်းကြပ်ရေးသတ်မှတ်ရာတွင် ၎င်း၏အခွင့်အာဏာကို ကျော်လွန်လုပ်ဆောင်ခဲ့ကြောင်း တရားရုံးချုပ်က ဆုံးဖြတ်ခဲ့ပါသည်။ တရားရုံးချုပ်က တရားသူကြီး ၉ ဦးမှ ၆ ဦး၏ အများစုမဲဆုံးဖြတ်ချက်နှင့် ဆုံးဖြတ်ခဲ့ပါသည်။ ထိုဥပဒေကို နိုင်ငံတကာအရေးပေါ် စီးပွားရေးအင်အားကြီးနိုင်ငံများဆိုင်ရာအက်ဥပဒေဟု ခေါ်ပါသည်။ ထိုဥပဒေအရ သမ္မတသည် **"ပုံမှန်မဟုတ်သည့် တစ်မူထူးခြားသော ခြိမ်းခြောက်မှု"** ကို ကိုင်တွယ်ဖြေရှင်းရာတွင် နိုင်ငံကို အရေးပေါ်အခြေအနေ ကြေညာပြီးနောက် သွင်းကုန်နှင့် ပို့ကုန်များကို ထိန်းချုပ်နိုင်ပါသည်။ ထိုတရားစီရင်ချက်သည် မစ္စတာ Trump ၏ အကောက်ခွန်ဆိုင်ရာ သတ်မှတ်ချက် အများစုအပေါ် သက်ရောက်ပါသည်။

ထိုထဲတွင် ဂျပန်အပါအဝင် နိုင်ငံနှင့် ဒေသများစွာမှ ကုန်ပစ္စည်းအမျိုးမျိုးကို ပစ်မှတ်ထားသည့် အကောက်ခွန်များ ပါဝင်ပါသည်။ Fentanyl ဆေးဝါးနှင့် ဆက်စပ်နေသော တရုတ်၊ ကနေဒါနှင့် မက္ကဆီကိုတို့အပေါ် သတ်မှတ်ထားသည့် ထပ်ဆောင်းအခွန်များလည်း ပါဝင်ပါသည်။ တရားရုံးချုပ်သည် မော်တော်ကားနှင့် ကားအစိတ်အပိုင်းပစ္စည်းများ၊ သံမဏိ၊ အလူမီနီယံ စသည်တို့အပေါ် အကောက်ခွန်စည်းကြပ်ခြင်းနှင့် ပတ်သက်၍ မဆုံးဖြတ်ခဲ့ပါ။ ထိုပစ္စည်းများအတွက် သီးခြားဥပဒေများအရ သတ်မှတ်ထားခြင်းကြောင့် ဖြစ်ပါသည်။ အောက်တရားရုံးများမှ ထိုစည်းကြပ်ခွန်များကို ကန့်ကွက်ခဲ့ပြီးနောက် ထိုအမှုသည် တရားရုံးချုပ်သို့ ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။

မစ္စတာ Trump က တရားရုံးချုပ်၏ ဆုံးဖြတ်ချက်ကို **"ယုတ္တိမရှိကြောင်း၊ ရေးသားဖော်ပြပုံသည် ညံ့ဖျင်းကြောင်း၊ ထို့နောက် အမေရိကန်ကို အလွန်ဆန့်ကျင်ကြောင်း"** ဖော်ပြခဲ့ပါသည်။

**Source:** [https://www3.nhk.or.jp/nhkworld/my/news/20260222_04/](https://www3.nhk.or.jp/nhkworld/my/news/20260222_04/)

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဝန်ကြီးချုပ်အသစ်က ကုန်ဈေးနှုန်းတည်ငြိမ်စေရန် လုပ်ဆောင်ပေးမည်ဟု ကတိပြု



ဘင်္ဂလားဒေ့ရှ်၊ ဝန်ကြီးချုပ်သစ် တာရစ်ရာမန်က ပါလီမန်ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရရှိပြီးနောက် မွတ်စလင်ဘာသာဝင်များ၏ ရာမာဒန်လအတွင်း ဈေးနှုန်းများ တည်ငြိမ်စေရန်၊ တရားဥပဒေစိုးမိုးရေးကို ပြန်လည်ထိန်းသိမ်းရန်နှင့် စီးပွားရေးနှင့် အခြေခံအဆောက်အအုံ ပြုပြင်ပြောင်းလဲမှုကို မြှင့်တင်ဆောင်ရွက်ရန် ကတိပြုခဲ့ပါသည်။

ဝန်ကြီးချုပ်ဟောင်း ခါလီဒါဇီယာနှင့် လုပ်ကြံခံခဲ့ရသော သမ္မတဇီယာရာမန်၏ သားဖြစ်သူ အသက် ၆၀ အရွယ်ရာမန်သည် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး နိုင်ငံအတွက် အလွန်အရေးကြီးသော အချိန်တွင် ရာထူးတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။ ရှိတ်ဟာစီနာအစိုးရကို ဖြုတ်ချခဲ့သော ၂၀၂၄ ခုနှစ် အုံကြွမှုအပြီးတွင် နိုင်ငံရေးတည်ငြိမ်မှုကို ပြန်လည်ထိန်းသိမ်းခြင်း၊ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ပြန်လည်တည်ဆောက်ခြင်းနှင့် အဝတ်အထည်ကဏ္ဍ ကဲ့သို့သော အဓိကစက်မှုလုပ်ငန်းများကို ပြန်လည်တည်ဆောက်ခြင်း အပါအဝင် အရေးပေါ်စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။ ရုပ်မြင်သံကြားမှ မိန့်ခွန်းပြောကြားရာတွင် ရာမန်က ရာမာဒန်လအစတွင် နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး ကုန်သည်များအနေဖြင့် အမြတ်ထုတ်ခြင်းမပြုရန် သတိပေးခဲ့ပါသည်။ ဆန်၊ စားသုံးဆီ၊ သကြားနှင့် ပဲစေ့ ကဲ့သို့သော အဓိကကုန်ဈေးနှုန်းများသည် ရာမာဒန်လတွင် ဝယ်လိုအားမြင့်တက်လာခြင်းကြောင့် ပုံမှန်အားဖြင့် မြင့်တက်လေ့ရှိပါသည်။

**“ရာမာဒန်လသည် ကိုယ့်ကိုယ်ကိုယ် သန့်စင်သည့်လဖြစ်သည့်အတွက် ထိုကာလတွင် ပြည်သူလူထု၏ အခက်အခဲများကို မတိုးစေသင့်ကြောင်းနှင့် ရာမာဒန်လတွင် မရှိမဖြစ်လိုအပ်သည့် ကုန်ပစ္စည်းများကို ဈေးနှုန်းသင့်တင့်စွာဖြင့် ရရှိနိုင်စေရန် သေချာလုပ်ဆောင်သင့်ကြောင်း”** ရာမန်က ပြောကြားခဲ့ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နှစ်စဉ် ငွေကြေးဖောင်းပွမှုသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် ၈.၅၈% ရှိပြီး ၂၀၂၅ ခုနှစ်၊ မေလနောက်ပိုင်းတွင် အမြင့်ဆုံးဖြစ်ပြီး အစားအစာဈေးနှုန်းများသည် အိမ်ထောင်စုများအတွက် ဆက်လက်ဖိအားပေးလျက် ရှိပါသည်။ ရာမန်၏ အစိုးရသည် စားသုံးသူများကို အမြတ်ထုတ်သည့် ဈေးကွက်အဖွဲ့အစည်းများကို ဖျက်သိမ်းပြီး ဝယ်သူနှင့်ရောင်းသူ နှစ်ဦးစလုံးအား ကာကွယ်ရန် ယန္တရားများကို အားကောင်းစေမည်ဖြစ်ကြောင်း ရာမန်က ပြောကြားခဲ့ပါသည်။

တရားဥပဒေစိုးမိုးရေး တိုးတက်ကောင်းမွန်လာစေရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး တင်းကျပ်သော အစီအမံများကို ပြဋ္ဌာန်းခြင်းသည် အစိုးရ၏ အဓိကဦးစားပေး ဖြစ်လိမ့်မည်ဟု ထပ်လောင်းပြောကြားခဲ့ပါသည်။ မြို့ပြဖိအားများကို လျှော့ချရန်နှင့် ချိတ်ဆက်မှုကို မြှင့်တင်ရန်ရည်ရွယ်သည့် ပေါင်းစပ်သယ်ယူပို့ဆောင်ရေးစနစ်တစ်ခု ဖန်တီးရန်အတွက် အမျိုးသားရထားလမ်းကွန်ရက်ကို ပြန်လည်ပြုပြင်ပြီး တိုးချဲ့ရန်၊ ရထားလမ်း၊ ကားလမ်း၊ ရေလမ်းနှင့် တံတားစသည့် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ညှိနှိုင်းဆောင်ရွက်မှုကို မြှင့်တင်ရန် အစီအစဉ်များကိုလည်း ဝန်ကြီးချုပ်က ဆွေးနွေးခဲ့ပါသည်။

**Source:** https://www.reuters.com/world/asia-pacific/bangladeshs-new-pm-pledges-price-stability-2026-02-19/

## ပွင့်လင်းရာသီရောက်လာသော်လည်း ပြည်ပမှ Import အဝင်ကွန်တင်နာအရေအတွက် နည်းပါးနေ

ပွင့်လင်းရာသီရောက်သော်လည်း ပြည်ပမှ Import အဝင် ကွန်တင်နာအရေအတွက် နည်းပါးနေကြောင်း မြန်မာနိုင်ငံ ကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း၊ ပြန်ကြားရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါသည်။ အဆိုပါအသင်းမှ ကွန်တင်နာယာဉ်များ အနေဖြင့် ၉၀ ရာခိုင်နှုန်းခန့်သည် ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများမှ တဆင့် ရန်ကုန်မြို့ရှိ စက်မှုဇုန်၊ ဂိုဒေါင်များသို့ အများဆုံး ပြေးဆွဲလျက်ရှိပြီး ကျန်ရာခိုင်နှုန်းများကို Highway လမ်းမတွင် ပြေးဆွဲနေကြောင်း သိရှိရပါသည်။ "**မြို့တွင်း၌ အခက်အခဲမရှိပါ။ အဝေးပြေးသွားရင်တော့ လမ်းတွင် ကုန်ကျစရိတ်များ ယခင်ထက် ပိုများမည်ဖြစ်သည်။ ဂိတ်ကြေးမှာ ပုံမှန်ဖြစ်ပါသည်။ တက်ခြင်း၊ ကျခြင်းမရှိပါ။ အခြားကုန်ကျငွေကို ဆိုလိုကြောင်း**" ၎င်းက ပြောကြားခဲ့ပါသည်။



အဆိုပါကုန်သေတ္တာတင် မော်တော်ယာဉ်များသည် ယခုအချိန်တွင် နယ်စပ်များသို့ ပြေးဆွဲခြင်းမရှိတော့ဘဲ နယ်မြေတည်ငြိမ်သည့် နေရာများကိုသာ ပြေးဆွဲနေကြောင်း ၎င်းကပြောပါသည်။ "**Export မှာ ပုံမှန်ဖြစ်ကြောင်း၊ ယခုရာသီသည် ပွင့်လင်းရာသီဖြစ်ပြီး မိမိတို့လောက၏ ပွင့်လင်းရာသီတွင် Export များ တက်လာကြောင်း၊ ယခင်က Export Volume တက်လာသည်နှင့်အမျှ Import Volume လည်း များလာကြောင်း၊ ယခုလိုရာသီ (၁၁) လပိုင်း၊ (၁၂)လ ပိုင်းမှစ၍ (၄) လပိုင်း ၊ (၅) လပိုင်း မိုးမဝင်ခင်အထိ ကွန်တင်နာကားများ အလုပ်**



**ကောင်းသော ရာသီဖြစ်ကြောင်း၊ ယခု Import မှာ အကန့်အသတ်လေးများ ရှိနေသည့်အတွက် ပမာဏမှာ နည်းသွားကြောင်း**" ၎င်းက ဆက်လက်ပြောကြားခဲ့ပါ သည်။

မြန်မာနိုင်ငံ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်းတွင် အသင်းဝင်ကားစီးရေ (၂၁၀၀) ဝန်းကျင်ရှိပြီး အသင်းဝင်လူဦးရေ (၄၅၀) ခန့်ရှိကြောင်း သိရှိရပါသည်။ လက်ရှိတွင် ခရီးစဉ်အကွာအဝေးပေါ် မူတည်၍ ကုန်သေတ္တာတင်မော်တော်ယာဉ် ငှားရမ်းခနှုန်းများကို ပြီးခဲ့သည့် (၂၀၂၅) ခုနှစ်၊ ဇူလိုင်လ (၁) ရက်မှစတင်ကာ ငွေကျပ် (၄၀၀၀၀) မှ ငွေကျပ် (၁၀၀၀၀၀) ကျော်အထိ တိုးမြှင့်ကောက်ခံနေကြောင်း သိရှိရပါသည်။

**Source:** https://www.npnewsmm.com/news/699ac7a6372f8c77e86f38db

## ပြည်တွင်းထုတ်လုပ်မှုကဏ္ဍကို အထောက်အပံ့ပေးရန်နှင့် အမေရိကန်၏ အကောက်ခွန် တိုးမြှင့်မှုကြောင့် ထိခိုက်နေသော ပို့ကုန်ကဏ္ဍကို မြှင့်တင်ရန်အတွက် အိန္ဒိယအစိုးရက အကောက်ခွန်များလျှော့ချ

အိန္ဒိယနိုင်ငံသည် စွမ်းအင်ကူးပြောင်းမှုအတွက် မရှိမဖြစ်လိုအပ်သော ထုတ်ကုန်များတွင် တရုတ်နိုင်ငံအပေါ် မှီခိုနေရမှုကို လျှော့ချရန်နှင့် အမေရိကန်၏ ကုန်သွယ်ရေးမူဝါဒများကြောင့် ထိခိုက်ခဲ့ရသော ပို့ကုန်လုပ်ငန်းရှင်များအတွက် ကုန်ကျစရိတ် သက်သာစေရန်အတွက် အရင်းအနှီးကုန်စည်များနှင့် ကုန်ကြမ်းပစ္စည်းများအပေါ် စည်းကြပ်သည့် အကောက်ခွန်အမျိုးမျိုးကို လျှော့ချခဲ့ပါသည်။

အကောက်ခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ သည် အိန္ဒိယနိုင်ငံ၏ ကုန်စည်ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ထရီလီယံ ရရှိရေး ရည်မှန်းချက်အတွက် အလွန်အရေးကြီးကြောင်း လေ့လာသုံးသပ်သူများက ပြောကြားခဲ့ပြီး ထုတ်လုပ်မှုစရိတ် သက်သာခြင်းသည် ကုမ္ပဏီများအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့မှုကွင်းဆက်များတွင် ပါဝင်ချိတ်ဆက်လာနိုင်ရန်နှင့် တရုတ်နိုင်ငံ အခြေစိုက် ရင်းနှီးမြှုပ်နှံမှုများကို ခွဲထုတ်ပြောင်းရွှေ့လာမှုကို ဆွဲဆောင်ရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ၎င်းတို့က ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံအနေဖြင့် အရေးပါသော တွင်းထွက်သတ္တုများ ပြုပြင်ထုတ်လုပ်ရန်နှင့် Lithium-ion ဘက်ထရီဆဲလ်များ ထုတ်လုပ်ရန် လိုအပ်သည့် အရင်းအနှီးကုန်စည်များအပေါ် စည်းကြပ်ထားသော အကောက်ခွန်ကို လျှော့ချသွားခြင်းသည် နိုင်ငံ၏စွမ်းအင်ကူးပြောင်းမှုဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို အထောက်အကူပြုစေမည်ဖြစ်ပြီး တရုတ်နိုင်ငံအပေါ် မှီခိုနေရမှုကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်ဟု ဘဏ္ဍာရေးဝန်ကြီး Nirmala Sitharaman က ပြောကြားခဲ့ပါသည်။

နိုင်ငံ၏ နှစ်စဉ်အသုံးစရိတ်တွင် ဆိုလာမှန်ထုတ်လုပ်ရာ၌ အသုံးပြုသည့် Sodium antimonite နှင့် လျှပ်စစ်ကားသုံး အမြဲတမ်းသံလိုက်များ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ရှားပါးသတ္တုဒြပ်စင်များ၏ အရင်းအမြစ်ဖြစ်သော Monazite တို့အပေါ် စည်းကြပ်ထားသည့် အကောက်ခွန်များကိုလည်း ပယ်ဖျက်ပေးခဲ့ပါသည်။

မော်တော်ကားများနှင့် အခြားသော သန့်စင်စွမ်းအင်နည်းပညာများတွင် အသုံးပြုသည့် သံလိုက်များ ထုတ်လုပ်မှုကဏ္ဍတွင် ကမ္ဘာ့ဈေးကွက်၏ ၉၀ ရာခိုင်နှုန်းကျော်ကို ထိန်းချုပ်ထားသော တရုတ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်တွင် ရှားပါးသတ္တု သံလိုက်များ တင်ပို့မှုအပေါ် ကန့်သတ်ချက်များချမှတ်ခဲ့ပြီး အဆိုပါလုပ်ဆောင်ချက်သည် အိန္ဒိယနိုင်ငံ၏ လျှပ်စစ်ကား ထုတ်လုပ်ရေး အစီအစဉ်များကို ထိခိုက်စေခဲ့ပါသည်။

ဝန်ကြီး Sitharaman သည် ပင်လယ်စာ၊ သားရေနှင့် အထည်အလိပ်ထုတ်ကုန်များ ပြည်တွင်း၌ ထုတ်လုပ်မှုကို အထောက်အကူ ပြုစေရန်အတွက် အကောက်ခွန်များ လျှော့ချပေးခဲ့ပြီး အဆိုပါကဏ္ဍများသည် အိန္ဒိယနိုင်ငံအပေါ်



အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ ပိတ်ဆို့အကောက်ခွန်များ ချမှတ်မှုကြောင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသောလုပ်ငန်းများ ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ အနေဖြင့် ကာကွယ်ရေးကဏ္ဍတွင် ထိန်းသိမ်းပြုပြင်ရေး လုပ်ငန်းများအတွက် အသုံးပြုမည့် လေယာဉ် အစိတ်အပိုင်းများ ထုတ်လုပ်ရန် လိုအပ်သော ကုန်ကြမ်းပစ္စည်းများအပေါ် စည်းကြပ်သည့် အကောက်ခွန်များကိုလည်းကောင်း၊ အီလက်ထရွန်နစ် လုပ်ငန်းအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများအပေါ် စည်းကြပ်သည့် အကောက်ခွန်များကိုလည်းကောင်း သီးခြားစီလျှော့ချသွားမည်ဖြစ်ကြောင်း Sitharaman က ကြေညာခဲ့ပါသည်။

အကောက်ခွန် ပြုပြင်ပြောင်းလဲမှုများသည် ကမ္ဘာလုံးဆိုင်ရာ မသေချာမရေရာမှုများ၊ ပထဝီနိုင်ငံရေး တင်းမာမှုများနှင့် အကာအကွယ်ပေးရေးဝါဒများ မြင့်တက်နေသည့် ကာလအတွင်း အိန္ဒိယနိုင်ငံ၏ အကောက်ခွန်စနစ်ကို ကုန်သွယ်မှု သဘောတူညီချက် အသစ်များနှင့် ကိုက်ညီစေရန် အဆင့်ဆင့် ညှိနှိုင်းပြင်ဆင်ခြင်းဖြစ်ပြီး ၎င်းမှာ ကုန်သွယ်ရေးမူဝါဒ၏ အစဉ်တစိုက်ရှိမှုကို ပြသနေခြင်းဖြစ်ကြောင်း လေ့လာသုံးသပ်သူများက ပြောကြားခဲ့ကြပါသည်။

အမေရိကန်သမ္မတ ထရန့်အစိုးရ၏ လုပ်ဆောင်ချက်များကြောင့် ကမ္ဘာ့စီးပွားရေးအစီအစဉ်တွင် သိသာထင်ရှားသော ပြောင်းလဲမှုများ ဖြစ်ပေါ်နေစဉ်အတွင်း ဝန်ကြီးချုပ် Narendra Modi အစိုးရသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့က ထုတ်ပြန်သည့် နှစ်စဉ်အသုံးစရိတ်တွင် ၎င်း၏ ကုန်ထုတ်လုပ်မှုကဏ္ဍအပေါ် ကြိုးပမ်းမှုအသစ်တစ်ရပ် ထပ်မံ ပြုလုပ်ခဲ့သော်လည်း ၎င်း၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များသည် မျှော်မှန်းထားသကဲ့သို့ ဖြစ်လာခဲ့ခြင်း မရှိကြောင်း ဖော်ပြထားပါသည်။

**Source** : https://www.reuters.com/sustainability/climate-energy/india-budget-india-cuts-tariffs-support-local-manufacturing-boost-us-hit-exports-2026-02-01/

## အမေရိကန်ဒေါ်လာ ၅၅၀ ဘီလီယံ ရင်းနှီးမြှုပ်နှံရေး သဘောတူညီချက်အတွက် စီမံကိန်း ၃ ခုကို ဂျပန်နှင့် အမေရိကန် စဉ်းစား

အမေရိကန်ပြည်ထောင်စုက စီးပွားရေးစီမံကိန်းများတွင် အမေရိကန်ဒေါ်လာ ၅၅၀ ဘီလီယံ ရင်းနှီးမြှုပ်နှံရေး ဂျပန်အစိုးရ၏ ကတိပြုမှု ကနဦးအဆင့်အတွက် စီမံကိန်း ၃ ခုကို ဂျပန်နှင့် အမေရိကန်က စဉ်းစားနေကြောင်း သိရှိရပါသည်။ ဂျပန်သည် အကောက်ခွန် လျှော့ချစေရန်အတွက် အလဲအလှယ်အနေဖြင့် ပြီးခဲ့သည့်နှစ်က အမေရိကန်နှင့် ကုန်သွယ်ရေးသဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ထိုရင်းနှီးမြှုပ်နှံမှုကို ပြုလုပ်ရန် သဘောတူခဲ့ခြင်းဖြစ်ပါသည်။




ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေများကို စီးပွားရေးလုံခြုံမှုအတွက် အရေးကြီးသည့် စီမံကိန်းများ၌ အဓိကသုံးစွဲမည်ဖြစ်ကြောင်း သဘောတူညီခဲ့ကြပါသည်။ ထိုအချိန်မှစ၍ နှစ်နိုင်ငံသည် အကောင်အထည်ဖော်နိုင်ဖွယ် ရှိသည့် စီမံကိန်းများနှင့် ပတ်သက်၍ တိုင်ပင်ဆွေးနွေးမှုများ ဆက်တိုက်ပြုလုပ်ခဲ့ကြပါသည်။ နှစ်နိုင်ငံလုံးမှ ဝန်ကြီးများသည် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တစ်ခုကို အပြီးသတ်ဖွယ်ရှိပြီး သဘောတူညီချက်၏ ပထမအဆင့်အတွက် စီမံကိန်း ၃ ခုကို စဉ်းစားနေကြောင်း သတင်းအရင်း အမြစ်များက ဆိုထားပါသည်။

၎င်းအနက်မှ တစ်ခုသည့် ဒေတာစင်တာများဆီ လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးမည့် ဓာတ်ငွေ့ဓာတ်အားပေးစက်ရုံတစ်ခု တည်ဆောက်ရန်ဖြစ်ကြောင်း ဆိုကြပါသည်။ ဂျပန်သည် ဓာတ်ငွေ့တာဘိုင်များနှင့် ဓာတ်အားပို့လွှတ်ရေး ပစ္စည်းများ တင်ပို့မှုတိုးမြှင့်ရေး ထုတ်လုပ်သူများကို အထောက်အကူပြုရန် ရည်မှန်းထားပါသည်။

တစ်ပိုင်းလျှပ်ကူးပစ္စည်း ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုစိန်များအတွက် စီမံကိန်းတစ်ခုကိုလည်း စဉ်းစားနေကြပါသည်။ တတိယမြောက် စီမံကိန်းမှာ ရေနံစိမ်းတင်ပို့မှုအတွက် ဆိပ်ကမ်းတစ်ခု တည်ဆောက်ရေး ဖြစ်ကြောင်း ယူဆရပါသည်။ အကောင်အထည်ဖော်နိုင်ဖွယ်ရှိသည့် စီမံကိန်းများ၏ ဆန်ခါတင်စာရင်းကို အမေရိကန်ဘက်မှ အရာရှိများသာ ပါဝင်သည့်

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကော်မတီသို့ တင်ပြဖွယ် ရှိပါသည်။ သမ္မတ Donald Trump က ထို စီမံကိန်းများနှင့် ပတ်သက်၍ နောက်ဆုံးဆုံးဖြတ်ချက်များကို ချမှတ်မည် ဖြစ်ပါသည်။

**Source:** https://www3.nhk.or.jp/nhkworld/my/news/20260208_01/

## ငါးနှစ်အတွင်း တရုတ်မှ မြန်မာသို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ဘီလျံ ၆၀၀ ဝင်ရောက်စေရန် MCITP ရည်မှန်းထား

ငါးနှစ်တာကာလအတွင်း တရုတ်မှ မြန်မာသို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာဘီလျံ ၆၀၀ ဝင်ရောက်စေရန် မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု မြှင့်တင်ရေးအသင်း (Myanmar-China Investment and Trade Promotion Association MCITP) ကရည်မှန်းထားကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံချစ်ကြည်ရေးကိုအခြေခံ၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကဏ္ဍများတွင် မကြုံစဖူး၊ တိုးတက်မှုများ ရရှိစေရန် ရည်ရွယ်ချက်ဖြင့် **"မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း"** (Myanmar-China Investment and Trade Promotion Association MCITP) ကို တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလ ၂ ရက်နေ့ထိ စာရင်းများအရ မြန်မာဘက်မှ အသင်းဝင် ၄၆၂ ဦး နှင့် တရုတ်ဘက်မှ အသင်းဝင် ၈၅ ဦး၊ စုစုပေါင်း အသင်းဝင် ၅၄၇ ဦးဖြင့် စတင်လည်ပတ်နေပြီး အသင်းသည် မြန်မာနှင့် တရုတ်ကုမ္ပဏီများအကြား ပေါင်းကူးတံတားသဖွယ် ဆက်စပ်ပေးမည်ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာ၌ ကြုံတွေ့ရသည့် အခက်အခဲများ၊ အဟန့်အတားများကို ကူညီဖြေရှင်းပေးခြင်းနှင့်သက်ဆိုင်ရာ အစိုးရဌာနများသို့ တိုက်ရိုက်တင်ပြ ဆောင်ရွက်ပေးခြင်း၊ မြန်မာ-တရုတ်ကုမ္ပဏီများအကြား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် မိတ်ဖက်ရှာဖွေပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ချိတ်ဆက်ပေးခြင်း၊ စီးပွားရေးဇုန်များနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒပိုင်းဆိုင်ရာ အကြံပြုချက်များပြုလုပ်ခြင်း စသည်တို့ပါဝင်ပါသည်။




အဆိုပါအသင်းအနေဖြင့် ၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ကာလအတွင်း တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅၀၀ ဘီလျံ (ယွမ် ၃.၅ ထရီလျံခန့်) ဝင်ရောက်လာစေရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှု ပမာဏကို အမေရိကန်ဒေါ်လာ ၁၀၀ ဘီလျံ (ယွမ် ၇၀၀ ဘီလျံခန့်) အထိရောက်ရှိစေရန် ရည်မှန်းထားကြောင်း သိရှိရပါသည်။

**"တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကုမ္ပဏီများသည် များသောအားဖြင့် အစိုးရတစ်ပိုင်း ကုမ္ပဏီများဖြစ်သည့်အတွက် ထိုကုမ္ပဏီကြီးများသည် တရုတ်ပြည်၏ အဓိက စီးပွားရေး မောင်းနှင်အား၌ ပါရှိပါသည်။ မိမိတို့ဘက်တွင်လည်း နာယကအဖြစ် ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ UMFCCI ဥက္ကဋ္ဌကြီးတို့မှလည်း နာယကအနေဖြင့် လုပ်ကိုင်သည့်အတွက် အစိုးရနှင့် အရပ်ဘက် စီးပွားရေးလုပ်ငန်းရှင်များ၏ ဆက်စပ်မှုသည် တော်တော်လေး အောင်မြင်ရန် အလားအလာရှိကြောင်း"** MCITP အသင်းမှ အကြံပေး ဦးညိုအုန်းမြင့်က ပြောကြားခဲ့ပါသည်။

MCITP သည် မြန်မာနိုင်ငံတွင် ထောက်ပံ့ပို့ဆောင်ရေး Logistic လုပ်ငန်းများ၊ စိုက်ပျိုးရေး၊

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် သတ္တုတူးဖော်ရေးစသည့် လုပ်ငန်းများ၌ တရုတ်ကုမ္ပဏီများက ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ပြီး နည်းပညာနှင့် ကျွမ်းကျင်မှုများကို လွှဲပြောင်း ပေးခြင်းဖြင့် မြန်မာ့ထုတ်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန် များအဖြစ် ပြည်တွင်းသုံးစွဲခြင်းသာမက ပြည်ပသို့ပါ တင်ပို့နိုင်ရေး ရည်မှန်းထားခြင်းဖြစ်ပါသည်။

**Source:** https://www.npnewsmm.com/news/ 69883cef3915e078285b7ecb

## ပြည်ပစီမံကိန်းများကို ပံ့ပိုးပေးရန်အတွက် ဂျပန်အစိုးရက စီးပွားရေးဆိုင်ရာ လုံခြုံရေးဥပဒေကို ပြောင်းလဲပြင်ဆင်ရန် ရည်ရွယ်ထား

ပြည်ပ၌ရှိသော အလွန်အရေးကြီးသည့် စီမံကိန်း များတွင် ပါဝင်ဆောင်ရွက်နေသည့် ကုမ္ပဏီများအတွက် ပံ့ပိုးမှုများကို မြှင့်တင်ရေးအတွက် ဂျပန်အစိုးရသည် စီးပွားရေးဆိုင်ရာ လုံခြုံရေးကို အားဖြည့်မြှင့်တင်ရေး ဆိုင်ရာဥပဒေတစ်ရပ်ကို ပြောင်းလဲပြင်ဆင်သည့် မူကြမ်း တစ်ရပ်ကို ရေးဆွဲခဲ့ပါသည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့က




ကျင်းပသည့် အဓိကအာဏာရ Liberal Democratic Party (LDP) ၏ မူဝါဒရေးရာကော်မတီ အစည်းအဝေးတွင် ၎င်းမူကြမ်းကို တင်ပြခဲ့ပါသည်။ ပြင်ဆင်ချက်များထဲ၌ သတင်းအချက်အလက် နည်းပညာနှင့် ဆိပ်ကမ်းဖွံ့ဖြိုး တိုးတက်ရေးများကဲ့သို့ နယ်ပယ်များတွင် ပုဂ္ဂလိက ကဏ္ဍက လုပ်ဆောင်နေသည့် ပြည်ပစီမံကိန်းများအတွက် ပံ့ပိုးမှုအစီအစဉ်တစ်ခု စတင်ခြင်းလည်း ပါဝင်ပါသည်။ ရန်ပုံငွေကို အစိုးရနှင့် ဆက်နွှယ်နေသည့် ဂျပန်အပြည် ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဘဏ်က ပံ့ပိုးမည် ဖြစ်ပါသည်။

နောက်အစီအစဉ်တစ်ခုအနေဖြင့် ပင်လယ်ရေအောက် ဆက်သွယ်ရေးကေဘယ်ကြိုး ချထားမှုနှင့် အရေးကြီးသည့် ကုန်စည်ထောက်ပံ့မှုအတွက် မရှိမဖြစ် လိုအပ်သည်ဟု ယူဆရသည့် အခြားစီမံကိန်းများကို ပံ့ပိုး ပေးရေးဖြစ်ပါသည်။ ၎င်းမူကြမ်းတွင် သီးခြားလွတ်လပ် သည့် ကြီးကြပ်ရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်း သုတေသနဌာနကို စီးပွားရေးဆိုင်ရာ လုံခြုံရေးနှင့်ပတ်သက်သည့် စစ်တမ်းနှင့် သုတေသန လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်စေရန် လည်း တောင်းဆိုထားပါသည်။

စီးပွားရေးဆိုင်ရာ လုံခြုံရေးဥပဒေကို ပြောင်းလဲ ပြင်ဆင်ချက်သည် လက်ရှိကျင်းပနေသည့် လွှတ်တော် အစည်းအဝေးကို အစိုးရကတင်သွင်းရန် စီစဉ်ထားသည့် ဥပဒေမူကြမ်း အများအပြားထဲက တစ်ခုဖြစ်ပါသည်။ နောက်ထပ် စီစဉ်ထားသည့် ဥပဒေတစ်ရပ်အနေဖြင့် နိုင်ငံ၏ ထောက်လှမ်းရေးစွမ်းရည်များကို အားကောင်း စေရန်အတွက် နိုင်ငံ့ထောက်လှမ်းရေး ဗျူရိုတစ်ခု တည်ထောင်ရန်ဖြစ်ပါသည်။ ၎င်းမူကြမ်းတွင် ထိုဗျူရို သည် လျှို့ဝှက်အချက်အလက်များကို နိုင်ငံခြားသူလျှို အေဂျင်စီများလက်ထဲ မရောက်အောင် ကာကွယ်ရန် **“တန်ပြန် ထောက်လှမ်းရေး”** အတွက် ညှိနှိုင်း လုပ်ဆောင်ခြင်းကို တာဝန်ယူမည်ဟု ဖော်ပြထားပါသည်။

Source: https://www3.nhk.or.jp/nhkworld/my/news/20260220_12/

# A Trusted Partner of the Business and Development Community

ရင်းနှီး/ စီးပွား သတင်းလွှာ

MIFER Bulletin (1/2026)